# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 1 May 2025 ၁၁၈၀၄


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာ အထူးကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံနှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အလုပ်သမားကြီးများက ကိုယ်အားဉာဏ်အားရှိသမျှ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းအားထုတ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ မေလ ၁ ရက်)

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့သည် အလုပ်သမားများအနေဖြင့် မိမိတို့၏အခွင့်အရေးကို သိရှိကာ မိမိတို့၏အခွင့်အရေးအတွက် ကိုယ်တိုင်တောင်းဆိုရာမှ ပေါ်ပေါက်လာခဲ့သည့် အလုပ်သမားများအတွက် တန်ဖိုးထားအပ်သော သမိုင်းဝင်နေ့တစ်နေ့ (မေဒေးနေ့) ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)တွင် မိန့်ခွန်းပြောကြားစဉ်။

# တပ်မတော်သည် ပြည်သူက ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူနှင့်တစ်သားတည်းရှိရန်လိုအပ်

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်သားဟောင်းများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်သူများနှင့် အမြဲထိတွေ့မှုရှိနေသည့်အတွက် တပ်မတော်နှင့်ပြည်သူအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်

နေပြည်တော် ဧပြီ ၃၀

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရှိ ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

**၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အား ဂုဏ်ပြုပါ၏။**

ကြေးမုံ

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အလုပ်သမားများစွမ်းပကား

နိုင်ငံနှင့်လူ့အဖွဲ့အစည်းကို တည်ဆောက်ကြရာတွင် ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတို့သည် အလုပ်သမားလူတန်းစားနှင့် လယ်သမားလူတန်းစားဟူသည့် လူတန်းစားနှစ်ရပ်ကိုအခြေခံပြီး တည်ဆောက်ထားကြသည်။ အဆိုပါလူတန်းစားများသည် နိုင်ငံတစ်နိုင်ငံအတွက် အခြေခံကျသောလူတန်းစားများဖြစ်သည်။ အခြေအနေအဆင့်အတန်းအားဖြင့် နိမ့်ပါးသော်လည်း နိုင်ငံတော်နှင့် ပြည်သူအားလုံးအတွက် အင်တိုက်အားတိုက် အလုပ်လုပ်နေကြသူများဖြစ်၍ ထိုလူတန်းစားနှစ်ရပ်ကို အလေးအနက် ဂုဏ်ပြုအသိအမှတ်ပြုကြရမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံများအားလုံးတို့သည် နိုင်ငံရှင်သန်ရပ်တည်နိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကိုအခြေခံသောနိုင်ငံများ၌ အလုပ်သမားလူတန်းစားများကို အခြေခံတည်ဆောက်ထားကြသည်။ လယ်ယာစိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံများ၌ လယ်သမားလူတန်းစားများကို အခြေခံတည်ဆောက်ထားကြသည်။ နှစ်မျိုးစလုံး ထွန်းကားသောနိုင်ငံများ၌ အလုပ်သမားနှင့် လယ်သမားလူတန်းစားများက ဦးစားပေးလုပ်ကိုင်ကြသည်။ အဆိုပါလူတန်းစားများ၏ စွမ်းဆောင်ရည်နှင့် လူမှုဘဝမြင့်မားတိုးတက်မှသာ ထိုနိုင်ငံများသည် ခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လွန်ခဲ့သောခေတ်ကာလများက အလုပ်သမား၊ လယ်သမားလူတန်းစားဟူသည့် အခြေခံလူတန်းစားနှစ်ရပ်ဖြင့် တည်ဆောက်ခဲ့ကြသည်။ အထူးသဖြင့် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သဖြင့် တောင်သူလယ်သမားလူတန်းစားများကို ဦးစားပေးဖော်ဆောင်ခဲ့သည်။ မျက်မှောက်ကာလတွင် ဒီမိုကရေစီစနစ်ကိုအခြေခံပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရာ၌ အလုပ်သမား၊ လယ်သမားလူတန်းစားများကို ပစ်ပယ်၍မထားဘဲ အလေးအနက်ထား ဦးစားပေးဆောင်ရွက်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

အဆိုပါ အလုပ်သမားနှင့်လယ်သမား လူတန်းစားနှစ်ရပ်သည် အပြန်အလှန်အကျိုးပြုလျက်ရှိပြီး အခြေခံကျသည့် ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုသဖြင့် အင်အားအကြီးမားဆုံး လူထုလူတန်းစားကြီးဖြစ်သည်။ ယခုအခါ နိုင်ငံတော်သည် အခြေခံလူတန်းစားနှစ်ရပ်ဖြစ်သော တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ လုပ်အားတန်ဖိုးကို အလေးထား ဖော်ထုတ်ပေးလျက်ရှိသည်။ အလုပ်သမားများအား အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပေါ်စေရေး၊ ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်ရေး၊ လုပ်ငန်းခွင်စည်းကမ်းကောင်းမွန်စေရေး၊ အလုပ်လုပ်သလောက် အကျိုးခံစားခွင့်များရရှိစေရေး၊ အလုပ်သမားများ နစ်နာဆုံးရှုံးမှုမဖြစ်စေရေးအတွက် ကာကွယ်စောင့်ရှောက်ရေးနှင့် အခွင့်အရေးများရရှိစေရေးတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရေးအတွက် တောင်သူလယ်သမား၊ အလုပ်သမားများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာစေရေး၊ စီးပွားရေးကောင်းမွန်လာစေရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတွင်ရှိပြီးဖြစ်သည့် အရင်းအမြစ်များကိုအခြေခံလျက် လူသယံဇာတ၊ မြေသယံဇာတ၊ ရေသယံဇာတ၊ သဘာဝသယံဇာတများကို ထိရောက်စွာအသုံးချပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အလုပ်သမားများသည် အခြေခံလူတန်းစားများဖြစ်သည့်အလျောက် နိုင်ငံတော်အစိုးရက ပညာရေးတွင် အနည်းဆုံးအဆင့် KG+9 ပြီးဆုံးသည်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုကျွမ်းကျင်သူများဖြစ်လာစေမည့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ကြားပေးလျက်ရှိသည်။

အလုပ်သမားလူတန်းစားများမှ ပေါ်ထွက်လာသည့် အသိပညာနှင့် အတတ်ပညာရှင်များ၏ စွမ်းပကားများဖြင့် လယ်ယာစိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနိုင်ငံထူထောင်ရေးကို အလုပ်သမားကြီးများက ရှေ့တန်းမှ ပါဝင်ထမ်းဆောင်လျက်ရှိသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေဒေသအသီးသီးတွင် အထူးစီမံကိန်းကြီးများ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာတွင် စီမံကိန်းများ ရည်မှန်းချက်အတိုင်းပြီးစီးရေးအတွက် အလုပ်သမားကြီးများက အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယနေ့ မေလ ၁ ရက်နေ့တွင် အလုပ်သမားကြီးများအား ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့နိုင်ငံအသီးသီး၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ကျင်းပလျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း အလုပ်သမားကြီးများအား ဂုဏ်ပြုပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်စွမ်းအားမြင့်မားရေးအတွက် အရေးပါသည့် စွမ်းအားစုဖြစ်သော မြန်မာအလုပ်သမားကြီးများအား ဂုဏ်ပြုကြရမည်ဖြစ်သလို အလုပ်သမားအားလုံးဘဝ မြင့်မားတိုးတက်ရေးကိုလည်း မျက်ခြည်မပြတ် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ အလုပ်သမားဟူသည် အသက်မွေးမှုအတွက် ကာယအား၊ ဉာဏအားကိုအသုံးပြု၍ အလုပ်လုပ်ကိုင်နေသူများအားလုံးဖြစ်ရာ အဆိုပါအလုပ်သမားကြီးများ၏ အင်တိုက်အားတိုက် ကြိုးပမ်းစွမ်းဆောင်မှုများကို အလေးအနက် ဂုဏ်ပြုကြရမည်ဖြစ်ပါကြောင်း။ ။

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဧပြီ ၃၀

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော (**ဇိုမီးအမျိုးသားပါတီ(Zomi National Party)**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၂၄ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ ၅၀ ပါတီ စုစုပေါင်း ၇၄ ပါတီ ရှိပြီဖြစ်သည်။

ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးကြိုကာလအတွင်း ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

**နေပြည်တော် ဧပြီ ၃၀**

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပုံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းကြောင့် လည်းကောင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် စွန့်ပစ်ပစ္စည်းစနစ်တကျစွန့်ပစ်ရေးနှင့် သဘာဝပတ်ဝန်းကျင် အသိပညာပေးဆွေးနွေးပွဲပြုလုပ်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လူထုအခြေပြုဇဟိုဌာန၌ အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ စွန့်ပစ်ပစ္စည်း စနစ်တကျစွန့်ပစ်ရေးနှင့် သဘာဝပတ်ဝန်းကျင် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမဥ္ဇူနှင့် အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခိုင်မီမီကိုတို့က အမှိုက်နှင့်အဓိကစွန့်ပစ်အမှိုက်များအကြောင်း၊ မိမိနေအိမ်ပတ်ဝန်းကျင်တွင် အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ စက်မှုလုပ်ငန်းများမှထွက်ရှိသော စွန့်ပစ်အမှိုက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်အမှိုက်များ၊ ဘေးအန္တရာယ်ဖြစ်စေသည့် ဓာတုဗေဒ စွန့်ပစ်ပစ္စည်းများ၊ လျှပ်စစ်စွန့်ပစ်ပစ္စည်းများနှင့် ပလတ်စတစ်အိတ်အသုံးပြုမှုနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အများပြည်သူသိရှိစေရန် အကျယ်တဝင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အေးမဥ္ဇူ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၀ - ၄ - ၂၀၁၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၉၀၀ | ၇,၀၀၀ | ၇၁၀ | ၄,၉၀၁,၅၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၇၀ | ၂၁၉,၀၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၂၀ | ၁၆၂,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၅၀ | ၄၂၄ | ၇၆၈,၂၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၀ | ၀ |
| EFR | ၁,၅၀၀ | ၁,၅၀၀ | ၁၁၇ | ၁၇၅,၅၀၀ |
| AMATA | ၃,၈၀၀ | ၃,၉၀၀ | ၂၀၆ | ၇၈၃,၄၀၀ |
| MAEX | ၃,၀၅၀ | ၃,၀၅၀ | ၈၃၈ | ၂,၅၅၆,၄၅၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၃၀၀ | ၂ | ၆,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်တွင်းရှိ အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ၍ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး၊ ပြည်ပမှကုန်များ ဝယ်ယူတင်သွင်းနေရသည့် နိုင်ငံအဖြစ်မှ ပြည်ပသို့ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး ဆောင်ရွက်ရာတွင် အလုပ်သမားအင်အားစုကြီး၏ စွမ်းဆောင်မှုသည်သာ အဓိကဖြစ်

* **ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများကြောင့် ပြည်တွင်းတွင် အလုပ်သမားရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့် ပြည်တွင်း၌ လုပ်ကိုင်နိုင်ရေးတို့ကို ဆောင်ရွက်ရန်လိုအပ်**
* **တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် Job Fair များ ကျင်းပကာ One Stop Service ဖြင့် အလုပ်ခန့်နိုင်အောင် အလုပ်ရှင်များနှင့် ပူးပေါင်းစီစဉ်ပေးခြင်း၊ ထိရောက်သော အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် Labour Exchange Management System ရေးဆွဲကာ Website တွင် လွှင့်တင်ပေးထား**
* **ပြည်ပသို့ မြန်မာအလုပ်သမားစေလွှတ်ရာတွင်လည်း လစာဝင်ငွေနှင့် အကျိုးခံစားခွင့်ကောင်းသော နိုင်ငံများသို့ ဦးစားပေးစေလွှတ်ခြင်း၊ သတ်မှတ်ကာလပြည့်မြောက်၍ မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော အရေအတွက်နှင့် စေလွှတ်ပေးရမည့် အရေအတွက်တို့အား နှိုင်းယှဉ်တွက်ဆခြင်းတို့ဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်နှင့် ပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်ရန် ဖန်တီးဖော်ဆောင်ပေးလျက်ရှိ**

☆ ရှေ့ဖုံးမှ

ကမ္ဘာ့နိုင်ငံအသီးသီး၌ နှစ်စဉ်မေလ(၁)ရက်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားများကျင်းပကြပြီး မြန်မာနိုင်ငံတွင်လည်း ၁၉၃၈ ခုနှစ်၊ မေလ(၁)ရက်မှစတင် ကျင်းပခဲ့ပါသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် မရှိမဖြစ်အရေးပါသည့် အဓိကစွမ်းအားစုကြီးဖြစ်သော အလုပ်သမားကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်ကျင်းပခဲ့ကြရာ ယခု ၂၀၂၅ ခုနှစ်၊ မေလ(၁)ရက်နေ့တွင် (၈၇)ကြိမ်မြောက်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ယနေ့ကျရောက်သည့် အလုပ်သမားနေ့တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် ကာယစွမ်းအား၊ ဉာဏစွမ်းအားများကိုရင်းကာ ချွေး၊ လုံ့လ၊ ဝီရိယ၊ စေတနာတို့ဖြင့် ပေးအပ်လျက်ရှိကြသည့် အလုပ်သမားကြီးများအပါအဝင် ပြည်သူအားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် ဒေသအလိုက်သဘာဝထွက်ကုန်များကို အခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME) များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့သောအချိန်ခါသမယတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသည့် အလုပ်သမားကြီးများအား လေးစားစွာဂုဏ်ပြုပါကြောင်း ဦးစွာပထမ ဖော်ပြအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများခင်ဗျား**

နိုင်ငံတော်အစိုးရသည် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါများစေရေး၊ အလုပ်လက်မဲ့နှုန်း ကျဆင်းစေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန် အစားထိုးရေး၊ ပြည်တွင်းမှ ပိုလျှံသည်တို့ကို ပြည်ပသို့တင်ပို့နိုင်ရေးတို့အတွက် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်လျက်ရှိသည့် အလုပ်သမားကြီးများကို လူမှုစီးပွားဘဝ မြှင့်တင်ပေးနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများကို အဆင့်မြှင့်တင်ရေး၊ တိုးမြှင့်တည်ထောင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများသော ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရေးနှင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများနှင့်ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများခင်ဗျား**

အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရာတွင် အလုပ်သမားများ၏ အခန်းကဏ္ဍ ပိုမိုအားကောင်းလာစေရေးအတွက် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာဖွဲ့စည်းခွင့်ပြုထားပါသည်။ အလုပ်သမားအဖွဲ့အစည်း (၃၁၁၆)ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့အစည်း(၂၈)ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ကုန်ထုတ်လုပ်မှုတိုးတက်ကာ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်သမားများ၏ အခွင့်အရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးလျက်ရှိပါသည်။

စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများတွင် အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်သမားရေးရာ စစ်ဆေးစည်းကြပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အဆင့်မြှင့်တင်နိုင်ရေးအတွက် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ ဖွဲ့စည်းပြီး ဒေသတွင်းနိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၀၀ ပြည့်နှစ်မှစတင်၍ အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် (ASEAN Occupational Safety and Health Network– ASEAN–OSHNET) တွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်အနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများခင်ဗျား**

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ILO မှ ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များနှင့် တိုက်တွန်းချက်များကို နိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ အစမ္ပခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကိုလည်း ILO နှင့် ပူးပေါင်းဖြေရှင်းလျက်ရှိပါသည်။

အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဆိုင်ရာ ILO ပြဋ္ဌာန်းချက်(၁၈၂)အရ ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းမရှိစေရန် တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်တားဆီးခြင်း၊ ပညာပေးဟောပြောခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ဖြင့် ထိန်းသိမ်းကြပ်မတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရှင်နှင့်အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစေရေးနှင့် အငြင်းပွားမှုများအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာရရှိခံစားနိုင်စေရေးတို့မှာ အလွန်အရေးကြီးပါသည်။ ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းခွင်များတွင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(၂၉၈၂)ဖွဲ့၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ (၃၂၅)ဖွဲ့၊ ခုံသမာဓိအဖွဲ့ (၁၅)ဖွဲ့၊ ခုံသမာဓိကောင်စီ (၁)ဖွဲ့တို့ဖြင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းသွားရောက်၍လည်း အသိပညာပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေခြင်းသာမက ကုန်ထုတ်လုပ်မှု တိုးတက်စေခြင်းအကျိုးကျေးဇူးကိုပါ ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးအတွက် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းအရ အကျုံးဝင်မြို့နယ်ပေါင်း (၁၂၆) မြို့နယ်မှ အာမခံအလုပ်သမားအား ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။ ထို့ပြင် ကိုဗစ်–၁၉ ကူးစက်ရောဂါကာလအတွင်း၌လည်း အာမခံအလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်ဖြစ်သော ကျပ်ငွေသန်းပေါင်း ၇၁၈၅၅ ဒသမ ၅၄၉ (၇၁ ဒသမ ၈၅၆ ဘီလီယံ) ထောက်ပံ့ပေးခဲ့ပြီး ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေဘေးသင့်ခဲ့ရသည့် အာမခံအလုပ်သမား (၃၃၉၄)ဦးကိုလည်း ကျပ်ငွေသန်းပေါင်း၂၆၆ ဒသမ ၂၉၇ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လ(၂၈)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော ပြင်းအား ၇ ဒသမ ၇ ရစ်(ခ်) တာစကေးရှိသည့် မန္တလေးငလျင်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာမိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ကျပ်ငွေသန်းပေါင်း ၂၁၇၀၃ ဒသမ ၁၀၄ (၂၁ ဒသမ ၇၀၃ ဘီလီယံ)ကို ထောက်ပံ့ပေးအပ်ရန် စီစဉ်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများခင်ဗျား**

ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများကြောင့် ပြည်တွင်းတွင် အလုပ်သမားရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့် ပြည်တွင်း၌ လုပ်ကိုင်နိုင်ရေးတို့ကိုဆောင်ရွက်ရန်လိုအပ်ပါသည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် Job Fair များ ကျင်းပကာ One Stop Service ဖြင့် အလုပ်ခန့်နိုင်အောင် အလုပ်ရှင်များနှင့် ပူးပေါင်းစီစဉ်ပေးခြင်း၊ ထိရောက်သော အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် Labour Exchange Management System ရေးဆွဲကာ Website တွင် လွှင့်တင်ပေးထားပါသည်။ ပြည်ပသို့ မြန်မာအလုပ်သမားစေလွှတ်ရာတွင်လည်း လစာဝင်ငွေနှင့် အကျိုးခံစားခွင့်ကောင်းသော နိုင်ငံများသို့ ဦးစားပေးစေလွှတ်ခြင်း၊ သတ်မှတ်ကာလပြည့်မြောက်၍ မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော အရေအတွက်နှင့် စေလွှတ်ပေးရမည့် အရေအတွက်တို့အား နှိုင်းယှဉ်တွက်ဆခြင်းတို့ဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်နှင့် ပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်ရန် ဖန်တီးဖော်ဆောင်ပေးလျက်ရှိပါသည်။

မြန်မာလုပ်သားများ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်၊ အလုပ်သမားများ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်၊ ပြည်ပမှရရှိလာသော အတွေ့အကြုံ၊ အသိပညာနှင့် အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျပြန်လည်အသုံးချနိုင်ရန်နှင့် ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှ ၎င်းတို့၏ မိသားစုထံသို့ တရားဝင်လမ်းကြောင်းမှတစ်ဆင့် မိသားစုလွှဲပို့ငွေများလွှဲပို့ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ အလုပ်သမားများကို ဥပဒေနှင့်အညီ ပြည်ပနိုင်ငံများသို့ စေလွှတ်ပေးလျက်ရှိပါသည်။ ပြည်ပရောက် မြန်မာအလုပ်သမားများကို ကာကွယ်စောင့်ရှောက်နိုင်ရန် ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အလုပ်သမား သံအရာရှိများခန့်အပ်တာဝန်ပေးထားပြီး အလုပ်သမားသံအရာရှိ မရှိသည့်နိုင်ငံများတွင် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အလုပ်သမားတို့၏ အခန်းကဏ္ဍမှာ ကြီးမားစွာပါဝင်လျက်ရှိပါသည်။ ပြည်တွင်းရှိ အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ၍ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး၊ ပြည်ပမှကုန်များ ဝယ်ယူတင်သွင်းနေရသည့် နိုင်ငံအဖြစ်မှ ပြည်ပသို့ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး ဆောင်ရွက်ရာတွင် အလုပ်သမားအင်အားစုကြီး၏ စွမ်းဆောင်မှုသည်သာ အဓိကဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံနှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အလုပ်သမားကြီးများက ကိုယ်အားဉာဏ်အားရှိသမျှ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနား တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❖ တပ်မတော်မှ

အဆိုပါ ညီလာခံအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(အငြိမ်းစား)နှင့် အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့အထူးညီလာခံ(၂၀၂၅)သို့ တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် အထူးညီလာခံ(၂၀၂၅)ကို ကျင်းပရသည့် ရည်ရွယ်ချက်မှာ အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားသည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ခြင်း၊ အတည်ပြုခြင်းနှင့် လိုအပ်သည့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းများ ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်၏ ကာကွယ်ရေး အရန်အင်အားစုကြီး ဖြစ်သည်နှင့်အညီ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ပြဋ္ဌာန်းထုတ်ပြန်ပြီး စနစ်တကျဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ တပ်မတော်၌ တာဝန်ထမ်းဆောင်ခဲ့စဉ်က ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသကဲ့သို့ တပ်မတော်မှ အငြိမ်းစားယူပြီးသည့်နောက်တွင်လည်း "Once a Soldier, always a Soldier" "တစ်ခါစစ်သားဖြစ်ခဲ့ဖူးရင် အမြဲတမ်းစစ်သားပင်"ဆိုသည့် စကားနှင့်အညီ နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် လိုအပ်ချိန်တိုင်း နိုးကြားတက်ကြွစွာ တာဝန်ထမ်းဆောင်နေကြသည့် ရဲဘော်တို့အတွက် ဝမ်းသာဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

**စတင်ချမှတ်နိုင်ခဲ့**

နိုင်ငံလွတ်လပ်ရေး ရပြီးချိန် ၁၉၄၈ ခုနှစ်ကတည်းက စစ်ပြန်စစ်မှုထမ်းဟောင်းကြီးများသည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မြို့ရွာဒေသအလိုက် အချင်းချင်း အပြန်အလှန်အထောက်အကူပြုရင်း စစ်မှုထမ်းဟောင်းအဖွဲ့လေးများဖွဲ့ကာ ဒေသဖွံ့ဖြိုးရေးနှင့် လုံခြုံရေးကိစ္စများတွင် ပရဟိတစိတ်ဖြင့် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါ အဖွဲ့အစည်းများကို ၁၉၇၃ ခုနှစ်တွင် စနစ်တကျ ပြန်လည်စုဖွဲ့ပြီး မြန်မာနိုင်ငံ စစ်ပြန်စစ်မှုထမ်းဟောင်းများ ဗဟိုစည်းရုံးရေးကော်မတီနှင့် မြို့နယ်စည်းရုံးရေးကော်မတီများကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ၁၉၇၅ ခုနှစ်တွင် ဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်းများ စတင်ချမှတ်နိုင်ခဲ့ကြောင်း၊ ၎င်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဥပဒေ (၁၉၈၉) နှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထုတ်ပြန်ပြီး ဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၁၆ ခုနှစ်တွင် ပြောင်းလဲလာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတရုံး၏ ၂၉-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၆)ဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီကို ဖျက်သိမ်းပြီး သီးခြားလွတ်လပ်သည့် တပ်မတော်၏ မိတ်ဖက်အဖွဲ့အစည်းတစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ ဗဟိုအမှုဆောင်အဖွဲ့ကို နာယက ၁၂ ဦး၊ ဗဟိုအမှုဆောင်အဖွဲ့ဝင် ၃၄ ဦးနှင့် ဗဟိုကောင်စီဝင် ၇၆ ဦးတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း။

**ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကို ဗဟိုဌာနချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၁၂ ဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ၃၀၈ ဖွဲ့တို့ဖြင့် ဖွဲ့စည်းထားပြီး စစ်မှုထမ်းဟောင်းရေးရာကိစ္စရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးအနေဖြင့် ရည်ရွယ်ချက်(၄)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ်တို့ကို ချမှတ်ပြီး တပ်မတော်၏ အရန်အင်အားအဖြစ် နိုင်ငံတော်တည်ဆောက်ရေး၊ ဒေသလုံခြုံရေးနှင့် ပြည်သူ့အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်သည် ပြည်သူက ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူနှင့်တစ်သားတည်းရှိရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်သားဟောင်းများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်သူများနှင့် အမြဲထိတွေ့မှုရှိနေသည့်အတွက် တပ်မတော်နှင့်ပြည်သူအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးစေမည့် အပြောအဆို၊ အပြုအမူများကို သတိပြုကြရန်နှင့် မိမိ၏ အပြုအမူ၊ အပြောအဆိုသည် မိမိအဖွဲ့အစည်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် တပ်မတော်ကိုပါ တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိစေသည်ကို နှလုံးသွင်းထားကြရန် လိုအပ်ကြောင်း။

တပ်မတော်၏ နိုင်ငံတော်နှင့်ပြည်သူအပေါ်ထားရှိသော စစ်မှန်သည့် သဘောထားများကို ပြည်သူများ သိရှိရန်အတွက် တပ်မတော်တစ်ရပ်တည်း လုပ်ဆောင်ခြင်းထက် ပြည်သူများတွင်ရှိနေသည့် စစ်မှုထမ်းဟောင်းအဖွဲ့များ၏ စည်းရုံးရေးစွမ်းရည်ကို မောင်းနှင်အားအဖြစ် ထိရောက်စွာ အားပြုနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် "ပြည်သူ့စစ်မဟာဗျူဟာ"ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် တပ်မတော်နှင့်ပြည်သူကြားတွင် ခိုင်မာသည့် ပေါင်းစည်းအားရရှိအောင် ဆက်လက်ကြိုးပမ်းပံ့ပိုးပေးသွားကြရမည်ဖြစ်ကြောင်း။

အစိုးရအနေဖြင့် လာမည့်ဒီဇင်ဘာလအတွင်း၌ လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးကာလ မိမိတို့နိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ ထိုးနှက်တိုက်ခိုက်မှုများ၊ ပြီးခဲ့သည့် နှစ်များအတွင်းက ဖြစ်ပွားခဲ့သည့်

စာမျက်နှာ ၅ သို့ ❖



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)သို့ တိုင်းဒေသကြီးနှင့်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်စဉ်။

☆ **တပ်မတော်၏ နိုင်ငံတော်နှင့်ပြည်သူအပေါ်ထားရှိသော စစ်မှန်သည့် သဘောထားများကို ပြည်သူများသိရှိရန်အတွက် တပ်မတော်တစ်ရပ်တည်း လုပ်ဆောင်ခြင်းထက် ပြည်သူများတွင်ရှိနေသည့် စစ်မှုထမ်းဟောင်းအဖွဲ့များ၏ စည်းရုံးရေးစွမ်းရည်ကို မောင်းနှင်အားအဖြစ် ထိရောက်စွာအားပြုနိုင်ရမည်**

☆ **နိုင်ငံတော်က ချမှတ်ထားသည့် "ပြည်သူ့စစ်မဟာဗျူဟာ"ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် တပ်မတော်နှင့်ပြည်သူကြားတွင် ခိုင်မာသည့် ပေါင်းစည်းအားရရှိအောင် ဆက်လက်ကြိုးပမ်းပံ့ပိုးပေးသွားကြရမည်**

❖ စာမျက်နှာ ၄ မှ

ရာဂီမုန်တိုင်းနှင့် ရေကြီးရေလျှံမှုများ၊ လတ်တလောဖြစ်ပွားခဲ့သည့် မန္တလေး ငလျင်ကြီး ဘေးအန္တရာယ်များသည် တိုင်းပြည်အတွက် ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပေါ်စေခဲ့ကြောင်း၊ အားလုံးတက်ညီ လက်ညီဖြင့် စည်းစည်းလုံးလုံးကျော်ဖြတ် ကြမည်ဆိုပါက အခက်အခဲအကျပ် အတည်းများကြားမှ အမြန်ဆုံးရုန်းထွက် နိုင်မည်ဖြစ်ကြောင်း။

တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးသည် နိုင်ငံတော်အတွက် အရေးကြီးခြင်းကြောင့်အမျိုးသား ရေးရည်မှန်းချက်နှစ်ရပ်အဖြစ် ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ပြည်သူ လူထု စိတ်အေးချမ်းသာစွာ လုပ်ကိုင် စားသောက်နေထိုင်နိုင်မည်ဆိုပါက လူမှု စီးပွားဘဝများသည် မလွဲမသွေ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း၊ စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များအနေဖြင့် လည်း ထမ်းဆောင်နေရသည့် ကိုယ်စီတာဝန် များအပြင် နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားအတွက် စဉ်ဆက်မပြတ် မျက်စိကိုဖွင့် နားကိုစွင့်ထားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်သားဟောင်းများ ဖြစ် သည့်အတွက် တပ်မတော်၏ အစဉ်အလာ ကောင်းများကို ထာဝစဉ်ထိန်းသိမ်း သကဲ့သို့ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ကောင်းမွန်သည့် ဂုဏ်သိက္ခာများကို လည်း ဆက်လက်စောင့်ထိန်းသွားကြရန်၊ ဒွိတာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားကာကွယ်ရေး၊ လုံခြုံရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် ခိုင်ခိုင်မာမာရပ်တည်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန်၊ ချမှတ်ပေးထား သည့် ရှေ့လုပ်ငန်းစဉ်(၇)ရပ်နှင့် လုပ်ငန်း ကဏ္ဍကြီး (၅)ရပ်ကို စစ်သားကောင်း တစ်ယောက်ပီပီ လိုက်နာအကောင် အထည်ဖော်ပြီး ပြည်သူနှင့် တပ်မတော် အကြား ခိုင်မာသည့် ပေါင်းကူးသဖွယ် ဖြစ်အောင် ကြိုးပမ်းသွားကြရန်မှာကြား လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်း ဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနား တက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်း ဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး နေပြည်တော်-လော ရထားလမ်းပိုင်းအတွင်း လမ်းပိုင်းကြံ့ခိုင်မှုဆောင်ရွက်နေသည့် လုပ်ငန်းခွင်၊ ပျဉ်းမနားဘူတာ ပြန်လည်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းခွင်၊ ဝန်ထမ်းများ ခေတ္တအခြေပြုနေထိုင်သည့် ယာယီစခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၃၀**

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်နှင့် ညွှန်ကြားရေးမှူး ချုပ်တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်း တွင် နေပြည်တော်-ဇလော ရထား လမ်းပိုင်းအတွင်း စက်ယန္တရား ကြီးများဖြင့် လမ်းပိုင်းကြံ့ခိုင်မှု ဆောင်ရွက်နေသည့် လုပ်ငန်းခွင် နေရာ၊ ငလျင်ဒဏ်ကြောင့် ထိခိုက် ပျက်စီးခဲ့ရသည့် ပျဉ်းမနားဘူတာ ပြန်လည်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းခွင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများ ခေတ္တအခြေပြု နေထိုင်သည့် ယာယီစခန်းများ ကို လှည့်လည်ကြည့်ရှုစစ်ဆေး သည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်-ဇလော ရထားလမ်းပိုင်းအတွင်း ပြည်ဝင် ဘူတာယာဒ်ဝင်း၊ အစုန်ရထား လမ်း၌ ရထားများ အမြန်နှုန်း မြှင့်တင်နိုင်ရေးအတွက် Automatic Lining, Levelling and Tamping Machine-ALLTM စက်ယန္တရားအသုံးပြု၍ သံလမ်း ကြံ့ခိုင်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းခွင်နေရာသို့ ရောက်ရှိ စစ်ဆေးပြီး စက်ယန္တရားအား သတ်မှတ်စံနှုန်းအတိုင်း ထိရောက် အောင် ကိုင်တွယ်အသုံးပြုရေးနှင့် စဉ်ဆက်မပြတ်အသုံးချနိုင်ရေး၊ ဝန်ထမ်းများကျွမ်းကျင်မှု ပိုမို ပြည့်ဝလာစေရေး၊ လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှု စနစ်များ အတိုင်း တိကျစွာလိုက်နာဆောင် ရွက်စေရေးတို့ကို မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် ပျဉ်းမနားဘူတာသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးနေသည့် ဘူတာ အဆောက်အအုံ၊ လက်မှတ် ရောင်းချသည့်နေရာအား ပြန်လည် မွမ်းမံတည်ဆောက်နေမှု အခြေ အနေကို ကြည့်ရှုစစ်ဆေးကာ ပိုမို တောင့်တင်းခိုင်မာသည့် တိုင်၊ တန်းများနှင့် အမိုးများအဖြစ် ပြင်ဆင်တည်ဆောက်ရေး၊ ခရီး သည်များ အဆင်ပြေချောမွေ့ စေရေးအတွက် အမြန်ဆုံးပြီးစီး အောင်ဆောင်ရွက်ရေး၊ လုပ်ငန်း ခွင်ဘေးအန္တရာယ်မဖြစ်ပေါ်စေရန် အထူးသတိပြုရေးတို့ကို မှာကြား သည်။ ယင်းနောက် ဘူတာရေိယာ အတွင်း ချို့ယွင်းပျက်စီးနေသည့် ရထားသွားလာမှု ထိန်းချုပ်ရေး စနစ်အား အမြန်ဆုံးပြန်လည် ပြင်ဆင် အသုံးပြုနိုင်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး(ပို့ဆောင်ရေး)မှ ဝန်ထမ်း၊ မိသားစုများ ခေတ္တအခြေပြုနေထိုင် သည့် ယာယီစခန်းသို့ရောက်ရှိပြီး နေထိုင်မှု၊ ချက်ပြုတ်စားသောက်မှု၊ ကျန်းမာရေးစီစဉ်ပေးထားမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများ အတွက် လိုအပ်သည်များကို ဖြည့်ဆည်း ပေးခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် ဒက္ခိဏသီရိမြို့နယ်အတွင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း ဌာနပိုင်မြေနေရာသို့ ရောက်ရှိပြီး ဝန်ထမ်း၊ မိသားစုများ နေထိုင် မည့် ဘာရှာအဆောက်အအုံ ဆောက်လုပ်ရန် အကွက်ချထားမှု ကို စစ်ဆေး၍ တည်ဆောက်မှု အမြန်ဆုံးစတင်နိုင်ရေး၊ ရေမီး အဆင်ပြေစွာရရှိရေး စီမံဆောင် ရွက်သွားရန် မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် မြန်မာ့ဆက်သွယ် ရေးလုပ်ငန်း၏ ဒက္ခိဏသီရိ ဆက်သွယ်ရေးစခန်းရုံးသို့ရောက်ရှိ ပြီး ရုံးဧရိယာအတွင်း ဝန်ထမ်း၊ မိသားစုများအား ခေတ္တနေရာ ချထားပေးမှု၊ စားသောက်ရေး စီစဉ်ပေးထားမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်း၊ မိသားစုများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး လိုအပ် ချက်များကို ဖြည့်ဆည်းစီမံပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် မြန်မာ နိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ် ကြီး H.E. Ms. Ma Jia ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဒုတိယ ရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ထွန်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ သံရုံးတာဝန်ရှိသူ များလည်း တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မန္တလေး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ သို့ တရုတ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များစေ လွှတ်ကာ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း များတွင် ပူးပေါင်းဆောင်ရွက်ပေးခဲ့မှုများ၊ ငလျင်ဒဏ် ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ၊ ဆေးဝါးများ အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးမှုအတွက် ကျေးဇူး တင်ရှိကြောင်း ပြောကြားသည်။



ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရ သည့် ပြည်သူများအတွက် တရုတ်နိုင်ငံမှ ထောက်ပံ့ ပေးနေမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား လုံခြုံရေး နှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အွန်လိုင်း လောင်းကစားများနှင့် ဆက်သွယ်ရေးလိမ်လည်မှု များအပါအဝင် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုခင်း များ တားဆီးနှိမ်နင်းရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြ ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေထဲက စံနမူနာယူစရာ

စာဖတ်ပရိသတ်တစ်ဦး

**မဟာသင်္ကြန်အပြီးမှာ ရန်ကုန်နွေက ပို၍အပူရှိန်ပြင်းလာသည်။ သို့နှင့် အလုပ်ကိစ္စမှတစ်ပါး အပြင်ကိုမထွက်အားဘဲ အိမ်တွင်းအောင်း၍ စာများများဖတ်ဖြစ်ခဲ့သည်။ လတ်တလောဖတ်ဖြစ်သည့် စာအုပ်များက သီတဂူဆရာတော်ကြီးနှင့် ဘီဘီစီ ဦးနေဝင်းတို့ ဆွေးနွေးခန်းများကို ဆရာတော်ကြီးကိုယ်တိုင် စာမူချော ဖြစ်အောင် တည်းဖြတ်ပြင်ဆင်ထုတ်ဝေခဲ့သော "သီတဂူ၏ဘဝပုံရိပ် တစိတ်တဒေသ"စာအုပ်၊ ဆရာကြီး ဦးသုခ၏ "ရာမာခရစ်ရှနာ၏ပုံပြင်များ"စာအုပ်နှင့် ဆရာကြီးဓမ္မာစရိယ ဦးဌေးလှိုင်၏ "ဓမ္မဒူတ"စာအုပ်များပင်ဖြစ်သည်။**

"သီတဂူ၏ ဘဝပုံရိပ် တစိတ်တဒေသ" စာအုပ်တွင် ဆရာတော်ကြီး ငယ်စဉ်စာသင်သားဘဝမှ သပိတ်အိုင်တောရတွင် တောရဆောက်တည်၍ ရဟန်းတရားကျင့်ကြံအားထုတ်ပုံများ၊ ထိုမှ ပြည်တွင်းပြည်ပ သာသနာပြုပုံများ၊ သီတဂူရေအလှူတော်၊ သီတဂူအာယုဒါနဆေးရုံတော်နှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်စီမံကိန်းကြီးများ စသည့်ကြီးမားသည့်လုပ်ငန်းကြီးများ ဆောင်ရွက်ရာတွင် လေးနက်သောခံယူချက်များ၊ ရည်ရွယ်ချက်များ၊ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကို ကြည်ညိုသဒ္ဓါပွားများစွာ လေ့လာဖတ်ရှုခဲ့ရသည်။

တစ်ဖန် ဆရာကြီး ဦးသုခ၏ "ရာမာခရစ်ရှနာ၏ပုံပြင်များ"စာအုပ်တွင်လည်း ဆရာကြီးက ရာမာခရစ်ရှနာ၏ဒဏ္ဍာရီ၊ သုတ္တန်၊ အာဘော်၊ နီတိစသည်တို့ကို ဗုဒ္ဓမတ္တညုဓမ္မဒေသနာအချို့၌ ဟောကြားတော်မူခဲ့ဖူးကြောင်းကို ဆက်သွယ်ယှဉ်တွဲတင်ပြခဲ့ရုံမက ကျေးဇူးရှင်ဆရာတော်ကြီးများ၏ ဩဝါဒ ဥပဒေသအချို့နှင့် နီးစပ်ရာ အကြောင်းအချက်အလက်များကို နှိုင်းပြတန်ဆာဆင်ရေးသားခဲ့၍ ဗဟုသုတများစွာဖြစ်ရသည်။

**နှောင်းလူတို့ စံနမူနာအတုယူဖွယ်ရာ**

ဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်၏ "ဓမ္မဒူတ" စာအုပ်၌မူ ရှေးရှေးမြန်မာလူကြီးမင်းများ၏ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ စသည့် သူတော်ကောင်းတရား ခုနစ်ပါးနှင့် လျော်ညီအောင် ကျင့်ကြံကြိုးကုတ်အားထုတ်မှုများ၊ သီလ၊ သမာဓိ၊ ဉာဏ်ပညာ အမြော်အမြင်ပြည့်ဝခဲ့မှုများကို နှောင်းလူတို့ စံနမူနာ အတုယူဖွယ်ရာ လေ့လာဖတ်ရှုခွင့်ရခဲ့ပါသည်။

ထိုထိုသော ပုဂ္ဂိုလ်ကြီးများအနက် တစ်ခေတ်တစ်ခါက ငွေစာရင်းမင်းကြီး ဆရာကြီး ဦးဘခင်နှင့် သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးနှင့် ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌ(ဟောင်း)၊ နိုင်ငံတော်တရားဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာဦးသိမ်းမောင်တို့၏ ကိုယ်ကျင့်သိက္ခာစင်ကြယ်မှု၊ ရိုးသားဖြောင့်မတ်မှုနှင့် အဂတိတရားကင်းရှင်းမှုများကား ရှာမှရှားလှပေသည်။ ဆရာကြီးဦးဘခင်သည် ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း မန္တလေးဘူတာကြီး၌ ငွေစာရင်းကိုင်အရာရှိအဖြစ် အမှုထမ်းလျက်ရှိသည်။ မီးရထားဌာနမှရရှိသမျှသော ဝင်ငွေအားလုံးကို ကိုင်တွယ်ထိန်းသိမ်းရသည်။ တစ်နေ့… မန္တလေးဘူတာကြီးကို ဗုံးချခြင်းခံရလေရာ ဆရာကြီးသည် လေကြောင်းရန်ကင်းရှင်းသည်နှင့် တာဝန်ရှိရာ ဘူတာရုံဆီသို့ အသော့နှင်သွားခဲ့သည်။ မန္တလေးဘူတာကား ဗုံးဒဏ်ကြောင့် မရှုမလှပျက်စီးနေလေပြီ။ သို့ရာတွင် ဆရာကြီးရုံးခန်းအတွင်းရှိ ငွေထည့်သော သံသေတ္တာကြီးကား မပျက်မစီး ပကတိအတိုင်းရှိနေသည်။ ဆရာကြီးသည် အသင့်ပါလာသောသော့ဖြင့် မီးခံသေတ္တာကို ဖွင့်လိုက်ရာ သူ့ဘဝတစ်သက်တာတွင် ပိုင်ဆိုင်ရန် အိပ်မက်ပင်မက်ခဲ့မည်မဟုတ်သော ငွေပုံကြီးကား သူ့ရှေ့တွင် ဖွေးဖွေးလှုပ်နေသည်။ ဆရာကြီးသည် ခဏမျှ တွေဝေသွားသည်။ ဗြိတိသျှအာဏာပိုင်တို့က ဂျပန်စစ်ဦးရောက်ကတည်းက ပြေးကြလေပြီ။ ဂျပန်တပ်နှင့် အင်္ဂလိပ်တပ် ကြားလပ်ကာ အစိုးရလည်း မရှိတော့သဖြင့် ထိုငွေများကို ဆရာကြီးယူလိုက်မည်ဆိုလျှင်လည်း မည်သူမျှမသိနိုင်။ ထို့ပြင် ထိုအချိန်က ဆရာကြီး၏ သမီးငယ်မှာ အသည်းအသန်မမာ မကျန်းဖြစ်နေ၍ ဆေးဝါးခတ်စာနှင့် အိမ်စရိတ်စကများက သာမန်အခြေအနေထက် ပို၍ကျပ်တည်းနေချိန်ဖြစ်သည်။

သို့ရာတွင် ဆရာကြီးသည် မတရားရယူချင်စိတ်တစ်ချက်မျှပင်မဖြစ်၊ နှောင့်နှေးဖင့်လေးမှုမရှိ၊ ရဲရင့်ပြတ်သားမှုအပြည့်ဖြင့် ခိုင်မာသောဆုံးဖြတ်ချက် ချမှတ်လိုက်သည်။ "အစိုးရ ဘယ်ကိုရောက်ရောက်၊ ဒီငွေတွေကို ငါ့အထက်အရာရှိ လက်ထဲရောက်အောင် လိုက်အပ်မယ်၊ ဒါငါ့တာဝန်ပဲ၊ ငါ့တာဝန်ကျေစေရမယ်"ဟု ဆုံးဖြတ်ကာ ဂျစ်ကားတစ်စီးငှား၍ မေမြို့(ယခု ပြင်ဦးလွင်)သို့ ငွေထုပ်ပိုက်ကာ လိုက်သွားခဲ့လေသည်။ မေမြို့တွင် ဗြိတိသျှတို့ကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရ၍ ဆိုင်ရာအရာရှိကိုရှာဖွေပြီး ငွေအားလုံးကို စာရင်းဇယားနှင့်တကွ အတိအကျ လွှဲပြောင်းအပ်နှံလိုက်လေသည်။ ထိုသို့ တာဝန်ကျေပွန်မှုအတွက် ဆရာကြီး ဦးဘခင် တစ်ခုတည်းသော တောင်းဆိုမှုကား "ကျွန်တော့်အတွက် ဒီလ လစာနဲ့ ဒီကိုလာတဲ့ ခရီးစရိတ်ကလေးများ ရနိုင်ပါသလားခင်ဗျာ"ဟူ၏။

**ပထမဆုံးသော မြန်မာငွေစာရင်းမင်းကြီး**

ထိုသို့သော အရာရာ၌ စောင့်စည်းမှု သီလဂုဏ်တို့ကြောင့်ပင် ဆရာကြီး ဦးဘခင်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသောအခါ မြန်မာနိုင်ငံ၏ ပထမဆုံးသော မြန်မာငွေစာရင်းမင်းကြီး ဖြစ်လာလေသည်။ နိုင်ငံတော်အတွက် အရေးပါသော အခြားရာထူးကြီး သုံးလေးခုကိုလည်း တစ်ချိန်တည်းမှာပင် ပူးတွဲတာဝန်ထမ်းဆောင်ခဲ့ရလေသည်။ ထိုရာထူးကြီးများတွင် နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ဥက္ကဋ္ဌ ရာထူးလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုအဖွဲ့ဥက္ကဋ္ဌသည် နိုင်ငံတော်အတွက် အဓိကဝင်ငွေရရှိသော ဆန်စပါးစသောသီးနှံများကို ပြည်တွင်း၊ ပြည်ပ ရောင်းဝယ်ရေးကိစ္စရပ်များ၌ စီမံခန့်ခွဲရန် အပြည့်အဝအာဏာပိုင်သူဖြစ်သည်။ သို့သော်ဘယ်သို့သော တာဝန်ကို ထမ်းဆောင်ရသည်ဖြစ်စေ ဆရာကြီးကား အဂတိလိုက်စားမှုမရှိ၊ တည်ကြည်ဖြောင့်မတ်စွာ ဆောင်ရွက်မြဲဖြစ်သည်။ မည်သည့်ကုန်သည်ပွဲစားစက်ပိုင်ကိုမျှ အိမ်တွင် လက်ခံ၍မတွေ့ဆုံ၊ အလုပ်ကိစ္စမှတစ်ပါးရုံးတွင်လည်း လက်ခံတွေ့ဆုံခြင်းမပြု၊ ခေါင်းဆောင်ကောင်းပီသစွာ ကိုယ်ကျင့်သီလအရာတွင် စံပြအဖြစ် ကျင့်သုံးနေထိုင်ခဲ့သည်။

ထို့ပြင် ဆရာကြီးသည် အစိုးရဌာနကြီးများ၌ ရာထူးကြီး လေးခုကို တစ်ပြိုင်တည်း တာဝန်ယူထမ်းဆောင်ခဲ့သော်လည်း လစာကိုမူ တစ်ဌာနတစ်နေရာတည်းမှသာ ယူခဲ့လေသည်။ ဆရာကြီးအလုပ်မှ အငြိမ်းစားယူသောအခါ အိုစာမင်းစာအတွက် ငွေကလေး နှစ်သောင်းငါးထောင်မျှသာ လက်ထဲမှာရှိလေသည်။ ကိုယ်ပိုင်အိမ်လည်း မရှိသေး၊ အမှုထမ်းကာလတစ်လျှောက်လုံး အစိုးရကပေးသော အိမ်မှာသာနေခဲ့ရ၍ ဆရာကြီး ပင်စင်ယူသောအခါ မိသားစုနေထိုင်ရန် အိမ်ဆောက်ဖို့ စီမံရသည်။ စုငွေကလေးဖြင့် အိမ်ဖြစ်အောင် ဆောက်ပေးရန် အတွင်းနေတပည့်ကြီး ဦးဂိုအင်ကာကို စီမံစေသည်။ တကယ်တမ်း အိမ်ဆောက်သောအခါ ဆရာကြီး၏ စုငွေနှင့်မလောက်ချေ။ အိမ်အပြီးသတ်ဖို့ ငွေတစ်သောင်းခန့် လိုလျက်ရှိသည်။

ဆရာကြီး၏ အတွင်းနေ တပည့်ကြီးတစ်ဦးလည်းဖြစ်၊ နောက်ပိုင်းတွင် ကမ္ဘာပတ်၍ ကမ္မဋ္ဌာန်းပြနေသော မီလျံနာသူဌေးကြီးတစ်ဦးလည်းဖြစ်သူ ဆရာကြီး ဦးဂိုအင်ကာက ဤသို့ဆိုပါသည်။ "စင်စစ်ငွေတစ်သောင်းဆိုသည်မှာ ကျွန်တော့်အဖို့ ဘာမျှဝန်မလေးပါ။ အလွယ်တကူပေးလှူနိုင်ပါ၏။ သို့သော် ကျွန်တော်ကန်တော့သည်ကို ဆရာကြီး လက်မခံပါ။ 'တပည့်ယောဂီတစ်ယောက်က လှူဒါန်းတာကို ဆရာကြီး ကိုယ်ရေးကိုယ်တာကိစ္စအတွက် အသုံးမပြုပါရစေနဲ့။ ဓမ္မနဲ့စပ်တဲ့ အခြားသင့်တော်မယ့် နေရာတွေကိုသာ လှူပါကွာ'တဲ့။ ဆရာကြီး အခက်အခဲတွေ့သည်ကို ဘယ်လိုနည်းဖြင့်မျှ ကျွန်တော်မကြည့်ရက်ပါ။ ထို့ကြောင့် 'ချေးတာပါ'ဟု တစ်ဖက်လှည့်ပြီးပေး၏။ ချေးတယ်ဆိုတော့ ဆရာကြီး မငြင်းသာချေ။ ကျွန်တော်ကတော့ 'ချေးတယ်ပြောပေမယ့် ပြန်ဆပ်တော့ မယူဘဲနေလည်း ပြီးတာပဲ'ဟု စိတ်ထဲတွင် ကျိတ်ပြီးကြံထားမိ၏။

သို့သော် လကုန်၍ပင်စင်လစာထုတ်ချိန်ရောက်တိုင်း ပင်စင်ချက်လက်မှတ်ကို တစ်ပြားတစ်ချပ်မကျန် ဆရာကြီးက ကျွန်တော့်ကို ထိုးအပ်တော့၏။ ကျွန်တော်ရင်နာရပါပြီ၊ ငွေတစ်သောင်းဆိုသည်မှာ ကျွန်တော့်အတွက် မဖြစ်စလောက်ငွေပါ၊ သို့သော် ဖခင်သဖွယ် လေးစားချစ်ခင်ရသော ဆရာအိုကြီးက သူ့မိသားစုအတွက် တစ်ခုတည်းသော ဝင်ငွေဖြစ်သော ပင်စင်လစာလေးကိုထိုးအပ်၍ အကြွေးဆပ်နေလေပြီ၊ ကျွန်တော်အဘယ်မှာ ယူရက်ပါမည်နည်း။ ချစ်ကြောက်ရိုသေရသော ဆရာကြီး၏ စကားကိုလည်း ကျွန်တော်မပယ်ရှားဝံ့ခဲ့ပါ၊ ကျွန်တော် ဘာလုပ်ရမည်နည်း။ ဤသို့ဖြင့် လကုန်ရောက်တိုင်း ဆရာကြီး၏ ပင်စင်ချက်လက်မှတ်ကို ကျွန်တော် လက်ခံရသည်မှာ နောက်ဆုံးငွေပြေသည်အထိပင်" ဟူ၍ အတွင်းနေတပည့်ကြီးဖြစ်သူ ဆရာကြီး ဂိုအင်ကာက အင်္ဂလိပ်ဘာသာဖြင့် သူထုတ်ဝေသော "ဝိပဿနာဂျာနယ်" တွင် "မမေ့စကောင်းသော ဖြစ်ရပ်များ"ဟူသော ဆောင်းပါးဖြင့် ဆရာကြီး ဦးဘခင်၏ သီလဂုဏ်ကို ရေးသားပူဇော်ခဲ့ပါသည်။

**အမျိုးဘာသာ သာသနာအတွက် ရဲဝံ့စွာပြင်ဆင်ရေးသား**

နိုင်ငံတော်တရားဝန်ကြီးချုပ်(ဟောင်း) ဦးသိမ်းမောင်၊ ပြည်မြို့ ရွှေဆံတော်ဘုရားစောင်းတန်းအဝင်၌ "ဥရောပနှင့် အမေရိကန်လူမျိုးများမှတစ်ပါး မည်သူမျှ ဖိနပ်မစီးရ"ဟူသောစာတန်းကို "မည်သူမျှ ဖိနပ်မစီးရ" ဟူ၍ ဝတ်လုံပေါက်စလေး မောင်သိမ်းမောင်ဘဝမှာပင် အမျိုးဘာသာ သာသနာအတွက် ရဲဝံ့စွာပြင်ဆင်ရေးသားခဲ့သူ။ တစ်ဖန် ပဲခူးရွှေမော်ဓောစေတီတော်ကြီး မြေငလျင်ဒဏ်ကြောင့် ပြိုပျက်လေရာ ဘုရင်ခံဆာရယ်ဂီနယ်ကရက်ဒေါက်နှင့် အဖွဲ့က တက်ရောက်ကြည့်ရှုစဉ် စေတီတော်ရင်ပြင်တော်ပေါ်သို့ ဖိနပ်စီးသည်မှ အစပြု၍ ရဟန်းရှင်လူများ မကျေမနပ်ဖြစ်ရာမှ ဝိုင်အမ်ဘီအေအသင်းကြီးက ဦးဆောင်၍ ကန့်ကွက်ဆန္ဒပြပွဲကြီးတွင် ရဲရင့်ပြတ်သားစွာ ဟောပြောကာ သဘာပတိအဖြစ် ဦးဆောင်ခဲ့သူ။ နိုင်ငံခြားသား လူမျိုးခြားများနှင့် အိမ်ထောင်ပြုပြီး မည်သည့်ရပိုင်ခွင့် အမွေဆက်ဆံခွင့်မျှ မရရှိခဲ့သော မြန်မာအမျိုးသမီးများအတွက် "ဗုဒ္ဓဘာသာဝင်မြန်မာအမျိုးသမီးများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ"ကို နိုင်ငံတော်တရားဝန်ကြီးချုပ်ဘဝတွင် လွှတ်တော်၌အတည်ပြုပေးခဲ့သူ၊ သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးနှင့် ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌ(ဟောင်း) ဒေါက်တာဦးသိမ်းမောင်၏ ဘဝတစေ့တစောင်းကလည်း အားကျဂုဏ်ယူလေးစားဖွယ်ရာပင်။ ဆဋ္ဌသံဂါယနာပွဲတော်ကာလတွင် ဦးသိမ်းမောင်သည် ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဆဋ္ဌသံဂါယနာပွဲကို ဗုဒ္ဓသာသနာအဖွဲ့ကပင် ဦးစီးကျင်းပခဲ့ခြင်းဖြစ်၍ ကုဋေချီသုံးစွဲခွင့်ရခဲ့သည်။ သို့ရာတွင် ဥက္ကဋ္ဌကြီး ဦးသိမ်းမောင်သည် ခဲတံလေးတစ်ချောင်းပင် အိမ်သို့အမှုမဲ့ အမှတ်မဲ့မယူဆောင်ခဲ့ချေ။ တစ်နေ့တွင်ကား ဦးသိမ်းမောင်သည် ဗုဒ္ဓသာသနာအဖွဲ့အစည်းအဝေးအပြီး အိမ်အပြန်တွင် ကားတံခါးဖွင့်ရင်း တစ်စုံတစ်ခုကိုသတိရ၍ လူငယ်လေးတစ်ဦးအား လက်ယပ်ခေါ်လိုက်ပြီး "ရော့ … ရော့… မင်းတို့ပစ္စည်းလေးတစ်ခုပါလာတယ်"ဟုဆိုကာ လက်ထဲမှာကိုင်လာသော ခဲတံလေးတစ်ချောင်းကို ပေးလိုက်သည်။ ထိုခဲတံလေးမှာ အစည်းအဝေးတွင် တက်ရောက်သူတိုင်း ဝေးမှတ်ရန် ရှေ့တွင်ချထားသော စာရွက်နှင့် ခဲတံလေးပင်ဖြစ်သည်။ ဦးသိမ်းမောင်သည် စကားတပြောပြောနှင့် ထွက်လာရာမှ အမှတ်တမဲ့ လက်တွင်ပါလာခဲ့ခြင်းဖြစ်ရာ သတိပြုမိသောအခါ ခဲတံတစ်ချောင်း အိမ်ပါလာမည်ကို စိုးရိမ်၍ ပြန်ပေးလိုက်ခြင်းဖြစ်သည်။

ထို့အတူ သူ၏ဒရိုင်ဘာနေမကောင်း၍ ရုံးကားနှင့် ဒရိုင်ဘာကို စာဖြင့်တောင်းခံစီးခဲ့ပြီးနောက် သူ့ဒရိုင်ဘာနေကောင်းသဖြင့် ကိုယ့်ကားနှင့်ကိုယ် ရုံးတက်နိုင်သောအခါ ရက်သတ္တပတ်စာအတွက် အသွားအပြန်ခတ်ဆီဖိုးနှင့် ဒရိုင်ဘာယာဉ်မောင်းခများကို ဗုဒ္ဓသာသနာအဖွဲ့ငွေစာရင်းအရာရှိထံ အမှုတွဲတစ်ခုအဖြစ် ပြန်လည်ပေးသွင်းခဲ့လေသည်။

အကျယ်ကို ဖတ်ရှုလိုလျှင် ဓမ္မာစရိယ ဦးဌေးလှိုင်၏ ဓမ္မဒူတ(ပထမအုပ်)တွင် ဖတ်ရှုနိုင်ပါသည်။ ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်က ဆရာကြီး ဦးသိမ်းမောင်ကို "တိုင်းပြုပြည်ပြုသာသနာပြု ၂၀ ရာစု ဓမ္မိကဥပသကာကြီး"ဟု တင်စားဖော်ပြခဲ့ပါသည်။ စာကောင်းပေမွန်စာအုပ်စာပေများထဲတွင် အသိဉာဏ်ပညာများ အသိအလိမ္မာများသာမက စံနမူနာ အတုယူစရာများကလည်း မကုန်နိုင်ပါပေ။ ။

> **ပြည်မြို့ ရွှေဆံတော်ဘုရားစောင်းတန်းအဝင်၌ "ဥရောပနှင့် အမေရိကန်လူမျိုးများမှတစ်ပါး မည်သူမျှ ဖိနပ်မစီးရ"ဟူသောစာတန်းကို "မည်သူမျှ ဖိနပ်မစီးရ" ဟူ၍ ဝတ်လုံပေါက်စလေး မောင်သိမ်းမောင်ဘဝမှာပင် အမျိုးဘာသာ သာသနာအတွက် ရဲဝံ့စွာပြင်ဆင်ရေးသားခဲ့သူ။ နိုင်ငံခြားသား လူမျိုးခြားများနှင့် အိမ်ထောင်ပြုပြီး မည်သည့်ရပိုင်ခွင့် အမွေဆက်ဆံခွင့်မျှ မရရှိခဲ့သော မြန်မာအမျိုးသမီးများအတွက် "ဗုဒ္ဓဘာသာဝင်မြန်မာအမျိုးသမီးများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ"ကို နိုင်ငံတော်တရားဝန်ကြီးချုပ်ဘဝတွင် လွှတ်တော်၌အတည်ပြုပေးခဲ့သူ၊ သတိုးသီရိ သုဓမ္မ အဂ္ဂမဟာသရေစည်သူ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးနှင့် ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌ(ဟောင်း) ဒေါက်တာဦးသိမ်းမောင်၏ဘဝ တစေ့တစောင်းကလည်း အားကျဂုဏ်ယူလေးစားဖွယ်ရာပင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပေးမည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် မေ ၁၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပေးမည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ နေပြည်တော်ကောင်စီ ပညာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ သင်ကြားမည့်ဆရာ ဆရာမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို သတ်မှတ်ထားသောကျောင်းများ၌ မေ ၂ ရက်တွင် စတင်သင်ကြားပေးရန် စာရင်းပေးထားသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမပေါင်း ၁၀၇၆ ဦးရှိကြောင်း၊ လေဆိပ်၊ ကားဂိတ်တို့တွင် တာဝန်ရှိသူများက ကြိုဆိုနေကြမည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ခံစားရသည့် ဒေသများမှ ကျောင်းသား ကျောင်းသူများကို စာမေးပွဲကောင်းမွန်စွာဖြေဆိုနိုင်ရန်အတွက် လာရောက်ကူညီပေးခြင်းဖြစ်သည့်အတွက် ဆရာ ဆရာမများ နေထိုင်၊ စားသောက်၊ သွားလာရေး အဆင်ပြေစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများနှင့် ပညာရေးမှူးရုံးအသီးသီးရှိ ဝန်ထမ်းများက ဝိုင်းဝန်းစောင့်ရှောက် ကူညီပေးကြရမည်ဖြစ်ကြောင်း၊ စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို သွားရောက်သင်ကြားပေးခြင်းသည် ပညာဒါနမြောက်သည်ဖြစ်၍ ကျောင်းသား ကျောင်းသူများအား သင်ခန်းစာများ၊ မေးခွန်းပုံစံများကို သေချာစွာနားလည်သဘောပေါက်နိုင်စေရန် စေတနာအပြည့်ဖြင့် သင်ကြားပေးစေလိုကြောင်း၊ သမိုင်းမှတ်တိုင်စိုက်ထူနိုင်မည့် စာသင်ကြားပေးသည့်အစီအစဉ်တွင် ပါဝင်ကြမည့် ဆရာ ဆရာမများအားလုံးကို ကျေးဇူးတင် ဂုဏ်ပြုပါကြောင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့က ဘာသာရပ် ပါမောက္ခများအနေဖြင့် ဆရာ ဆရာမများကို သင်ပြနည်းများ လေ့ကျင့်ပေးရေးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာသူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဘေးဒဏ်သင့် ပညာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများနေထိုင်ရန် နှစ်ခန်းတွဲ ဘာရာအဆောက်အအုံများ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နေအိမ်များခိုင်ခံ့မှုရှိစေရေး၊ မိုးဒဏ်လေဒဏ်ခံနိုင်မှုရှိစေရေး၊ အရည်အသွေးများ ပြည့်မီစေရေး၊ အမြန်ပြီးစီးရေးတို့အတွက် တာဝန်ရှိသူများက အလေးထားဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၌ နည်းပညာကျောင်းသားများ လေ့လာနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၀**

ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ဓာတ်ခွဲခန်းများ၌ နိုင်ငံ့အကျိုးပြုစီမံကိန်းများဆိုင်ရာ သုတေသနနှင့် တီထွင်ဆန်းသစ်မှုများ၊ စမ်းသပ်တိုင်းတာမှုများ ဆောင်ရွက်လျက်ရှိသည်များကို Academic Calendar အရ နည်းပညာ ကျောင်းသားများ Internship ဆင်းလေ့လာမှုများကို ကြည့်ရှုအားပေးသည်။



**လိုအပ်သည်များ မှာကြား**

ဦးစွာ ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံ အမျိုးသားအဆင့် အရည်အသွေး အခြေခံအဆောက်အအုံစနစ်(NQI)၌ ပါဝင်ပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေအရ တိကျစွာတိုင်းတာခြင်း နည်းပညာအဖွဲ့၏ ဂျီ-၁၃ (OIML G 13) နှင့်အညီ တည်ဆောက်ကာ နိုင်ငံတကာ စံချိန်စံညွှန်း ISO/IEC 17025: 2017 ရရှိပြီးဖြစ်သည့် တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ (မြန်မာ) သို့ ရောက်ရှိပြီး ထုထည်တိုင်းတာဓာတ်ခွဲခန်းတွင် ပြည်သူများသို့ ထုထည်တိုင်းတာဝန်ဆောင်မှု လုပ်ငန်းများနှင့် စက်သုံးဆီအရောင်းဆိုင်များ၏ ၂၀ လီတာ စံခြင်ခွက်များကို စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း၊ အစိုးရ-ပုဂ္ဂလိက ဓာတ်ခွဲခန်းများ၊ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ စားသောက်ကုန်ထုတ်စက်ရုံများရှိ ဓာတ်ခွဲခန်းများကို ISO/IEC 17025 နိုင်ငံတကာစံ အသိအမှတ်ပြုလက်မှတ်ရယူရာတွင် အဓိကလိုအပ်လျက်ရှိသော ထုထည်တိုင်းတာကိရိယာများကို စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း ဝန်ဆောင်မှုလုပ်ငန်းများကိုလည်းကောင်း၊ အလျားနှင့်အရွယ်အစား တိုင်းတာဓာတ်ခွဲခန်းတွင် တရုတ်-မြန်မာ ပူးတွဲသုတေသနစီမံကိန်း (၂၀၂၂-၂၀၂၃) အရ တည်ထောင်ခဲ့သော စံတိုင်းတာစက်ပစ္စည်းများကို အသုံးပြု၍ စံဖြင့် တိုက်ကြည့်စစ်ဆေးခြင်း ဝန်ဆောင်မှု လုပ်ငန်းများနှင့် တိကျစွာတိုင်းတာခြင်း နည်းပညာသိပ္ပံ(ထိုင်း)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဓာတ်ခွဲခန်းအချင်းချင်း တိုင်းတာမှုရလဒ်အဖြေများ နှိုင်းယှဉ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဖိအားတိုင်းတာဓာတ်ခွဲခန်းရှိ လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း (၂၀၂၂)ဖြင့် တည်ထောင်ထားသော နေရောင်ခြည်စွမ်းအင်ပြခန်း၌ Polytechnic University (မအူပင်)၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ ပြည်နည်းပညာ တက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် (တောင်ငူ) တို့မှ ကျောင်းသားများ Internship ဆင်းကာ လေ့လာနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် Internship ဆင်းသော ကျောင်းသားများနှင့် တွေ့ဆုံကာ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး တစ်တပ်တစ်အား အထောက်အကူပြုသည့်လုပ်ငန်းများ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများဖြင့် စဉ်ဆက်မပြတ် ရှင်သန်သက်ဝင်နေသော သုတေသနရပ်ဝန်းဖြစ်စေရေး အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်က အမှန်တကယ်အားထားရသော နည်းပညာအရွေ့များကို အဓိလိုက်ပါနိုင်သည့် အင်ဂျင်နီယာ လူငယ်ကောင်းများဖြစ်စေရေး ရည်မှန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း မေ ၁၀**

ဇွန် ၁၆ ရက်တွင် ပြန်လည်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဝင်ရောက်ဖြေဆိုကြမည့် တပ်ကုန်းမြို့နယ်အတွင်းရှိကျောင်းသား ကျောင်းသူများအတွက် စခန်းသွင်းလေ့ကျင့်သင်ကြားပေးမည့် အခြေခံပညာကျောင်းများနှင့် သင်ခန်းစာပို့ချမည့် နေရာများအား ယမန်နေ့ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးဒေါ်သီသီကြိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် အတူ တပ်ကုန်းမြို့နယ်အတွင်း ရွှေမြို့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ဘုရင့်နောင်ရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) တို့သို့ သွားရောက်ပြီး ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မိဘများနှင့် တွေ့ဆုံကာ ရာနှုန်းပြည့် စခန်းသွင်း လေ့ကျင့်သင်ကြားနိုင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကျောင်းသား ကျောင်းသူများ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေး စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများ သင်ကြားမည့် စာသင်ဆောင်များ၊ အိပ်ဆောင်များနှင့် သင်ခန်းစာပို့ချမည့်နေရာများကို လှည့်လည်ကြည့်ရှုသည်။

**လေ့ကျင့်သင်ကြား**



တပ်ကုန်းမြို့နယ် အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စခန်းသွင်းလေ့ကျင့် သင်ကြားပေးမည့် အခြေခံပညာကျောင်း စုစုပေါင်း ခြောက်ကျောင်းရှိပြီး သင်ခန်းစာပို့ချမှု အနေဖြင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများကလည်း လာရောက်လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

# ပဲခူးတိုင်းဒေသကြီး အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး မေ ၃၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီး အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

**ပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးဒဏ်ကြောင့် တိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်း/ တံတားများ၊ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဘုရားစေတီပုထိုး များစွာထိခိုက်ပျက်စီးခဲ့ရကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် အဆောက်အအုံများကို ရုံး၊ဝန်ထမ်းအိမ်ရာနှင့် အထူးအဆောက်အအုံဟူ၍ သုံးမျိုးခွဲခြား စာရင်းကောက်ယူသွားရမည်ဖြစ်ပြီး ငလျင်ဘေးဒဏ်သင့်ခဲ့သည့် အဆောက်အအုံများကို မြေပြင်ကွင်းဆင်းစစ်ဆေး စာရင်းကောက်ယူရာတွင် အပြာရောင်အဆင့် သတ်မှတ်သော လူနေထိုင်၍ရပြီး အနည်းငယ်သာ ပျက်စီးမှုများကို အမြန်ပြင်ဆင်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဌာနဆိုင်ရာရုံး၊ ဝန်ထမ်းအိမ်ရာ၊ အထူးအဆောက်အအုံနှင့် အခြားခေါင်းစဉ်အောက်ရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုနှင့် အပြာရောင်အဆင့် သတ်မှတ်သည့် အဆောက်အအုံများကို သက်ဆိုင်ရာဦးစီးဌာနများ၏ အဆောက်အအုံပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေမှ ဌာနအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည့် အစီအမံများကို Power Point ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်အား သိရှိလိုက်နာဆောင်ရွက်သွားရန် ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ထားဝယ်မြို့၌ အထပ်မြင့်အဆောက်အအုံများစိစစ်ရေးကော်မတီ အစည်းအဝေးကျင်းပ

**ထားဝယ် မေ ၃၀**

တနင်္သာရီတိုင်းဒေသကြီး အထပ်မြင့် အဆောက်အအုံများ စိစစ်ရေးကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ တိုင်းဒေသကြီး လမ်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးအထပ်မြင့်အဆောက်အအုံများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်က မတ် ၂၈ ရက်တွင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့တွင် အဆောက်အအုံ၊ လမ်း/ တံတားများ ကြီးမားစွာပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ မိမိတို့တိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ပြင်းထန်စွာမခံစားရသော်လည်း အထပ်မြင့်အဆောက်အအုံများ၊ လမ်း/တံတားများ တည်ဆောက်ရာတွင် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ စနစ်တကျ စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုအခြေအနေများ၊ ငလျင်လှုပ်ခတ်မှုအခြေအနေများကို မှတ်တမ်းပြုစုထားရန်လိုအပ်ကြောင်း၊ ဆောက်လုပ်ပြီးသည့် အဆောက်အအုံများအတွက် ဆောက်လုပ်မှုမှတ်တမ်းများ၊ ဒီဇိုင်းပုံစံများကို စနစ်တကျ မှတ်တမ်းတင်ထားရှိရန် လိုအပ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် Q/C အဖွဲ့များကို တာဝန်ပေးအပ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အထပ်မြင့်အဆောက်အအုံ စိစစ်ရေးကော်မတီဝင်ဌာနများအနေဖြင့် အပြန်အလှန်ပေါင်းစပ်ညှိနှိုင်း၍အကြံပြုခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများကို အလေးထားဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် ကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) က ဖြည့်စွက်ဆွေးနွေးပြောကြားပြီး Structural Designer Daw Nwe Nwe Oo (PE Engineer) မှ Structural Design, Architectural Design & Design Calculation များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသောကော်မတီဝင်များက လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ် ငလျင်ဘေးဒဏ်လျော့ပါးရေး ပူးပေါင်းပါဝင်ဆွေးနွေးပေး စကားဝိုင်းကျင်းပ

**ရန်ကုန် မေ ၃၀**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကကြီးမှူး၍ ငလျင်အန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများ အသိပညာပြန့်ပွားရေးအတွက် ဘူမိသိပ္ပံနှင့် အင်ဂျင်နီယာလောကတွင် ထင်ရှားသည့် ပညာရှင်ဆရာကြီး ငါးဦးတို့၏ဆွေးနွေးဟောပြောပွဲကို မေ ၂၇ ရက်က သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရိုန်ဝင်းက ငလျင်အန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများ အသိပညာပြန့်ပွားရေးအတွက် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘူမိသိပ္ပံနှင့် အင်ဂျင်နီယာ ပညာရှင်များဖြစ်ကြသည့် ဦးဝင်းဇော် ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ ဒေါက်တာစုံဟန် နာယကမြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ ဦးစောထွေးဇော် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြေငလျင်ကော်မတီ၊ ဒေါက်တာ ဉာဏ်မြင့်ကျော် ပါမောက္ခ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ဦးသိန်းဇော် ဥက္ကဋ္ဌ အထပ်မြင့်နှင့်အများပိုင်အဆောက်အအုံများ စိစစ်ရေးကော်မတီတို့က ငလျင်ဘေးနှင့်ပတ်သက်သည့် သိရှိသင့်သည့် အချက်များကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ အသင်းချုပ် တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးအေးလင်းနှင့် ပညာရှင်ဆရာကြီးငါးဦးတို့၏ စကားဝိုင်းဆွေးနွေးပွဲကိုပြုလုပ်ရာ တက်ရောက်လာကြသည့် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပညာရှင်ဆရာကြီးများက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက စကားဝိုင်းဆွေးနွေးပွဲ ကျင်းပနိုင်ရေး ဟောပြောကြသည့် ပညာရှင်ကြီးများနှင့် ပံ့ပိုးကူညီကြသူများကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။ အဆိုပါ ဟောပြောပွဲတွင် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းများနှင့်ကုမ္ပဏီများက ပါဝင်ခင်းကျင်းပြသကြသည်။ **မျိုးမင်းသူရ**

# နတ်မောက်မြို့၌ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**နတ်မောက် မေ ၃၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနက လူစည်ကားသည့်နေရာများတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် မီးဘေးဆိုသည်မှာ လူပြုသောဘေးတစ်ခုဖြစ်သည်။ သဘာဝဘေးလည်းဖြစ်နိုင်သည်။ လူသားအရင်းအမြစ်နှင့် သဘာဝအရင်းအမြစ်အားလုံးကို ဖျက်ဆီးပစ်နိုင်သောဘေးဆိုးတစ်ခုဖြစ်သည့်အတွက် မီးဖိုအသုံးပြုခြင်း၊ ဘုရားမီး၊ အမွှေးတိုင်မီး၊ ဆေးလိပ်မီး၊ ဓာတ်ဆီမီး၊ လျှပ်စစ်ဓာတ်အားသုံးစွဲသည့် အကြောင်းအရာများ၊ မီးလောင်မှုဖြစ်၍ မီးခိုးအန္တရာယ်ကြုံတွေ့ရသည့် အကြောင်းအရာများ၊ မီးဘေးကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရန်၊ ရှောင်ရန် သတိပြုလိုက်နာရမည့် မီးဘေးလုံခြုံရေးပညာပေးလက်ကမ်းစာစောင်များကို မြို့နယ်မီးသတ်တပ်ဖွဲ့ ဒုတိယဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ကားဂိတ်၊ ဈေးနှင့်လမ်းဆုံများတွင် ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **လှဝင်း**



# မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်း-မန္တလေး လမ်းဟောင်းပေါ်ရှိ စစ်ကိုင်းတံတား(အင်းဝ)ရထားလမ်းကူးတံတား သံပေါင်အချို့အား စနစ်တကျဖယ်ရှားခြင်းလုပ်ငန်းများ စတင်



**မန္တလေး ဧပြီ ၃၀**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပြိုကျ ပျက်စီးခဲ့သည့် စစ်ကိုင်း-မန္တလေး လမ်းဟောင်း ပေါ်ရှိ စစ်ကိုင်းတံတား(အင်းဝ) ရထားလမ်းကူးတံတား သံပေါင် အချို့အား ရေကြောင်းသွားလာမှုများ အဆင်ပြေစေရန်အတွက် စနစ်တကျ ဖယ်ရှားခြင်းလုပ်ငန်း အစီအစဉ်များ စတင်ခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်)၊ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၏ ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ထုတိဝရ အမှူးပြုသော ဆရာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပွားများခြင်းများကို အစီအစဉ်အတိုင်း ကျင်းပခဲ့သည်။

**စတင်ဆောင်ရွက်**

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာ့ စီးပွားကော်ပိုရေးရှင်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံး စက်ယန္တရား ယာဉ်ကြီးများကို ပရိတ်ရေများ၊ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး ဖယ်ရှားခြင်းလုပ်ငန်းအစီအစဉ် စတင်ဆောင်ရွက်ရာ ပြိုပျက်ခဲ့သည့် တံတားသံပေါင် အချို့အား စက်ယန္တရား ယာဉ်ကြီးများ အသုံးပြု၍ လူအင်အားတို့ဖြင့် စနစ်တကျ ဖယ်ရှားဆောင်ရွက်နေမှုများကို ကြည့်ရှုကာ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးကို အထူးဂရုစိုက် ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ၊ အမဲသား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း လျှောင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် သုံးဆယ့်တစ်ရက်နေ့မြောက်အဖြစ် ဈေးကား ရှစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။



**ဝန်ထမ်းများအား ရောင်းချပေး**

၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၃၀ ရက်အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံ ဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဇလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက် အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စုပေါင်းရုံးများ၊ ပြည်သူ့လွှတ်တော်ရုံး၊ ဇေယျာသီရိခရိုင် မီးသတ်တပ်ဖွဲ့၊ ပျဉ်းမနားဘူတာ၊ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နေပြည်တော်တိရိစ္ဆာန်ဥယျာဉ်ဝန်ထမ်းအိမ်ရာတို့ရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ပါ (မနောသုခ-Export Quality) ၉၉၈၆ အိတ်၊ ဆန် ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၃၀၈ အိတ်၊ ဆီ ၁၀၇၂၀ ပိဿာ၊ ဆား ၁၅၀၀ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၅၃၅၉ ထုပ်၊ ငါးပိ ၂၈၅ ပိဿာ၊ အမဲသား ၂၅ ပိဿာ၊ ဝက်သား ၂၀ ပိဿာ၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပြဲခြောက်များ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးကြင်း ၄၅ ပိဿာ၊ ငါးတန် ၄၀ ပိဿာ၊ ငါးမုတ် ၃၀ ပိဿာ၊ ခေါက်ဆွဲခြောက် ထုပ်များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့် မုန်ညင်းဖြူစသည့် ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့သည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၀၄ အိတ်၊ စားအုန်းဆီ ၄၈၁၅ ပိဿာ၊ ဆား ၆၃ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၃၂၄ ဘူး၊ ငါးပိပိဿာ ၂၀၊ ကြက်သွန်နီ ၅၅၈ ပိဿာ၊ အသားတု ၂၅ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုဇွန်ခြောက်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၅၉၆ အိတ်၊ စားအုန်းဆီ ၅၇၂၀၀ ပိဿာ၊ ဆား ၁၀၆ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၈၈ ထုပ်၊ ငါးပိ ၂၁ ပိဿာ၊ ငါးနီတူခြောက်၊ အာပွဲခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ချစ်စရာ့အရွယ်ကစားကြမယ် ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၃၀**

ချစ်စရာ့အရွယ်ကစားကြမယ် ကလေးအစီအစဉ်ကို MRTV HD Channelမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ မေ ၃ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာ(၂) မူလတန်းကြိုကျောင်းနှင့် စံပြရင်သွေးအိမ်မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်းကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင်လည်း မေ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ MRTV-HD Channel တွင် မေ ၅ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင်လည်းကောင်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




**❖ FIFA-MFF ယူ-၁၉ မှ**

ပွဲစဉ် (၄) တွင် MIU အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ခုနစ်ဂိုးပြတ်၊ YCDC MHDT အသင်းက JV အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ FFU မင်းမဟော်အသင်းက VUC ULAD အသင်းကို သုံးဂိုး-နှစ်ဂိုး၊ Winner Soccer အသင်းက ဖူဆယ်ချစ်သူအသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရပြီး Generations အသင်းနှင့် Pacific Sun Far အသင်း သုံးဂိုးစီသရေ၊ YRG အသင်းနှင့် Royal Noka အသင်း သုံးဂိုးစီ သရေကျခဲ့သည်။

ပွဲစဉ် (၄) အပြီးတွင် ဇယားထိပ်ပိုင်းအပြောင်းအလဲဖြစ်ခဲ့ပြီး YCDC MHDT အသင်းက ရမှတ် ၁၀ မှတ်ဖြင့် ထိပ်ဆုံးရောက်လာပြီး Winner Soccer အသင်းနှင့် ဖူဆယ်ချစ်သူအသင်းက ကိုးမှတ်စီ၊ YRG အသင်းက ရှစ်မှတ် ရရှိထားသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကြက်ယက်ဆုတောင်းပြည့် မြတ်စွာဘုရား လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဧပြီ ၃၀

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးလျှင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပဲကတိုရပ်ကွက်ရှိ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသည့် စစ်ကိုင်းတက္ကသိုလ်ကိုလည်းကောင်း၊ ပတ္တမြားရပ်ကွက်ရှိ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသည့် စစ်ကိုင်းပညာရေးတက္ကသိုလ်နှင့် Grade-12 ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုရန် စခန်းသွင်းသင်ကြားပို့ချမည့် နေရာများကိုလည်းကောင်း၊ ရွှေမင်းဝံရပ်ကွက်ရှိ ရွှေမင်းဝံဈေးအတွင်း ဈေးသည်များ စိတ်အေးချမ်းသာစွာ ဈေးရောင်းချနေမှုကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ Grade-12 ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုရန် စာပေလေ့လာကျက်မှတ်နေမှုတို့ကို လည်းကောင်း၊ တကောင်းရပ်ကွက်ရှိ အိမ်တော်ရာကျောက်စေတီ၊ အောင်မြေလောကစေတီတော်၊ ပိုးတန်းရပ်ကွက်နှင့် ပန်းပဲတန်းရပ်ကွက်ရှိ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသည့် သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း၊ သစ်ဆိပ်မြစ်ကမ်းမှ မန္တလေးမြို့ ရွှေကြက်ကျမြစ်ကမ်းသို့ ဇက်ကူးတို့ဖြင့် သယ်ယူပို့ဆောင်နေမှုများနှင့် ဇက်ကူးတို့ အတက်အဆင်းလမ်းများ ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ ရွာထောင်ရပ်ကွက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ်(စစ်ကိုင်း)တွင် လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော ကျောင်းဆောင်အဆောက်အအုံများကိုလည်းကောင်း၊ သောတပန်ရပ်ကွက်ရှိ သုတေသက သီလရှင်ကျောင်းတိုက်၊ လေးကျွန်းမာရ်အောင်မြတ်စွာဘုရားနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီများတွင် လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများ၊ အရန်စေတီများနှင့် လူနေအဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှုများကို လည်းကောင်း၊ ထုံးဘိုရပ်ကွက်ရှိ လျှင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့ သွားရောက်ကာ စခန်းအတွင်း စည်းကမ်းစနစ်တကျရှိစေရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ နန်းမြို့ရိုးသို့သွားရောက်၍ မြို့ရိုးပတ်လည်ရှိ ပြကလေးပြာသာဒ်များတွင် မှန်ကင်းတိုင်များ တည့်မတ်ခြင်း၊ ထီးတော်တည့်မတ်ခြင်း လုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ရှေးမူမပျက် ပြန်လည်ထိန်းသိမ်းပြုပြင်နေမှုများကို လည်းကောင်း၊ ကျော်မိုးတံခါးရှိ လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများကိုလည်းကောင်း၊ မြို့ရိုးပေါ်ရှိ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မဟာအောင်မြေမြို့နယ်ရှိဂရိတ်လ်ဝေါ ဟိုတယ်နေရာသို့လည်းကောင်း၊ မန္တလေးမြို့၏ အဓိကလမ်းမကြီးများထဲတွင်ပါဝင်သည့် ၂၆ လမ်းမကြီးနှင့် ၇၃ လမ်းမကြီးပေါ်ရှိ လျှင်ဒဏ်ကြောင့်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတား အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

ထိခိုက်ပျက်စီးသွားသော အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုနှင့် ဖယ်ရှားရှင်းလင်းပြီး အဆောက်အအုံနေရာများအား စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အများပြည်သူများ အသုံးပြုမှုများသော အဓိကလမ်းမကြီးများပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများကို ဦးစားပေး၍ အမြန်ဆုံး ဖယ်ရှားရှင်းလင်းနိုင်ရေး ဌာနဆိုင်ရာများပူးပေါင်းဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတားသို့ သွားရောက်၍ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)မှ တာဝန်ယူဆောင်ရွက်နေသော ခုံးအမှတ် ၄/၅ တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှု၍ လုပ်ငန်းများဆောင်ရွက်စဉ် လုံခြုံမှုရှိစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် တာဝန်ရှိသူများအား တံတားအပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း၊ လုပ်ငန်းပြီးစီးမှုများကို နေ့စဉ်မှတ်တမ်းတင်ထားရှိရန် ပြောကြားခဲ့ပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ အမရပူရမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ လျှင်ဒဏ်သင့်၍ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုကို လည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပ စစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် သင်ခန်းစာများ ပြန်လည်သင်ကြားလေ့ကျင့်နေသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက် ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရား၊ ရွှေကြက်ယက်ဆုတောင်းပြည့် မြတ်စွာဘုရား၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မာနိတာရာမ ပရိယတ္တိစာသင်တိုက်နေရာများသို့ သွားရောက်၍ လျှင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သန့်ရှင်းရေးဆောင်ရွက်နေသည့် အဖွဲ့များအား စားသောက်ဖွယ်ရာများပေးအပ်ကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက်ရှိ လျှင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၁၁ သို့ ❐

# ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့သည့် ဆွမ်းဦးပုညရှင်စေတီတော် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ရောဝတီဖောင်ဒေးရှင်းက တာဝန်ယူဆောင်ရွက်လျက်ရှိ



**စစ်ကိုင်း ဧပြီ ၃၀**

ငလျင်ဘေးဒဏ်သင့် ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ရောဝတီဖောင်ဒေးရှင်းသည် ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့သည့် စစ်ကိုင်းမြို့ရှိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်အား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ရောဝတီ ဖောင်ဒေးရှင်းသည် ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့သည့် ဆွမ်းဦးပုညရှင် စေတီတော်၏ အပျက်အစီးများ ရှင်းလင်းခြင်း၊ စေတီတော် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို စက်ယန္တရား၊ ကရိန်းများဖြင့် စတင်တာဝန်ယူ ဆောင်ရွက်လျက် ရှိသည်။

ရောဝတီ ဖောင်ဒေးရှင်းသည် မတ် ၂၈ ရက်က ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများသို့ သွားရောက်ကာ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ပြန်လည်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် စက်ယန္တရားများနှင့် လူနာတင်ယာဉ်များအတွက် စက်သုံးဆီအခမဲ့ လှူဒါန်းခြင်း၊ စက်ယန္တရားများအတွက် နေရာသို့တိုက်ရိုက် စက်သုံးဆီများ ဖြည့်တင်းပေးခြင်း၊ ပျက်စီးသွားသော လမ်းများပြုပြင်ပေးခြင်း၊ ငလျင်ဒဏ် ခံစားခဲ့ရသူများအတွက် ထောက်ပံ့ကူညီပေးခြင်း၊ တစ်ကိုယ်ရေ အသုံးအဆောင်ပစ္စည်းများနှင့် အစားအသောက်၊ သောက်သုံးရေများ လှူဒါန်းခြင်း၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများအား ဆေးကုသမှုခံယူနိုင်ရန် မန္တလေးနှင့် စစ်ကိုင်းမြို့တွင် စုစုပေါင်း ခုတင် ၄၃၀ ဆံ့ ယာယီဆေးရုံများ အလျင်အမြန် တည်ဆောက်ပေးခြင်းများ ပြုလုပ်ပေးခဲ့သလို လက်ရှိအချိန်တွင် ငလျင်ကြောင့် ပျက်စီးခဲ့သည့် နေရာဒေသများအား ရှင်းလင်းခြင်း၊ ပြန်လည်တည်ထောင်ရေးတို့ အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ကိုမိုး**

❒ စာမျက်နှာ ၁၀ မှ

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ကံဦးရပ်ကွက် မြို့တော်ခန်းမ၌ ကျင်းပသည့် မန္တလေးမြေငလျင်ကြီးကြောင့် ကျောက်ဆည်ခရိုင်အတွင်း အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ငလျင်ဘေးသင့်ပြည်သူများအား လတ်တလောစားသောက်ရေး အဆင်ပြေစေရန် တစ်လစာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ထောက်ပံ့ငွေ ပေးအပ်ခြင်းအခမ်းအနားသို့တက်ရောက်ခဲ့ပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ခြင်း၊ ငလျင်ဘေးကြောင့် အသက်ဆုံးရှုံးခဲ့ရသူ တစ်ဦးစီအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ငါးသိန်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့က သုံးသိန်း စုစုပေါင်း ၁၈ သိန်းနှုန်းဖြင့် အသက်ဆုံးရှုံးခဲ့ရသူ ၃၆၃ ဦးအတွက် ကျပ်သိန်းပေါင်း ၆၅၃၄ သိန်းနှင့် စားရေရိက္ခာအနေဖြင့် လူတစ်ဦးလျှင် တစ်လစာအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ ရိက္ခာငါးမျိုး လူဦးရေ ၇၂၆၀၀ အတွက် ကျပ်သိန်းပေါင်း ၃၈၄၄၉ သိန်းကျော်နှင့် စုစုပေါင်းကျပ်သိန်းပေါင်း ၄၄၉၈၃ သိန်းကျော် ထောက်ပံ့ပေးခဲ့ပြီး ငလျင်ဘေးသင့်ပြည်သူများအား နိုင်ငံတော်က အင်တိုက်အားတိုက် လိုအပ်သလို ကူညီစောင့်ရှောက်ပေးနေသည့်အတွက် အားမငယ်ဘဲ ခိုင်မာသောစိတ်ဓာတ်ဖြင့် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အားပေးစကားပြောကြားပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်စဉ်။

ထို့နောက် ကျောက်ဆည်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် လက်ပန်ဇင်ကျေးရွာအုပ်စု အင်းကုန်းကျေးရွာ အင်းကုန်း အမကကျောင်းတို့၌ ဆေးကုသပေးလျက်ရှိသော မလေးရှားနိုင်ငံမှ Mrs. Masniza ခေါင်းဆောင်သော MERCY Malaysia ဆေးကုသရေးအဖွဲ့အား ကျေးဇူးတင်စကားပြောကြား၍ ဆေးကုသရေးဆောင်ရွက်နေမှုနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ပညာပေးရေးလုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေသော ပြည်သူများအား အားပေးစကားပြောကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကိုးပင်ကျေးရွာအုပ်စု ဇလဲကျေးရွာ ဇလဲဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး ငလျင်ဒဏ်သင့်ပြည်သူများအား အားပေးစကားပြောကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ရှိ UNITY HEART က ဦးစီး၍ ဖွင့်လှစ်ပေးထားသော ငလျင်ဘေးသင့်ပြည်သူများအတွက် ကြက်မင်းတွန်ရပ်ကွက်ရှိ မေတ္တာကွန်းခိုရာ(၁)နှင့် ဖောင်ရွာရပ်ကွက်ရှိ မေတ္တာကွန်းခိုရာ(၂)ကယ်ဆယ်ရေးစခန်းတို့အား သွားရောက်၍ ယခင်ကမှာကြားထားသည့်အတိုင်း လူနေတဲများအား မိုးလုံနေပူဒဏ်လုံအောင် ဆောင်ရွက်စေခြင်း၊ သောက်ရေသုံးရေကန်များ စနစ်တကျဆောင်ရွက်စေခြင်း၊ စည်းကမ်းတကျ နေထိုင်နိုင်ရေး၊ အမှိုက်များ စွန့်ပစ်ကန်ဖြင့် စနစ်တကျဆောင်ရွက်စေရေး၊ သန့်စင်ခန်းများအား ယင်လုံအောင် စနစ်တကျဆောင်ရွက်စေရေး၊ ယာယီနေထိုင်သူများကို စနစ်တကျမှတ်တမ်းပြုစုထားရှိစေရေးတို့ကို ပြန်လည်စစ်ဆေးပြီး မကြာမီမိုးကျတော့မည်ဖြစ်သဖြင့် ဝမ်းရောဂါနှင့် ကူးစက်ရောဂါများမဖြစ်ပွားစေရေး မှာကြားခဲ့ပြီး ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဆူးကုန်းရပ်ကွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး၌ ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် မိုးမကျမီနေထိုင်နိုင်ရေး Modular House များ တပ်ဆင်နေသည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးတပ်ဆင်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၃၀**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတို့တွင် ဧပြီ ၃၀ ရက်အထိ သေဆုံးသူ ၃၇၆၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၁၀၆ ဦး ရှိသည်။

**ရှာဖွေကယ်ဆယ်ပေး**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၈ ဦး အား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဧပြီ ၂၉ ရက် ည ၇ နာရီမှ ဧပြီ ၃၀ ရက် ညနေ ၅ နာရီအတွင်း International Organization For Migration (IOM) အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းနေထိုင်သူများအဖွဲ့မှတစ်ဆင့် ထောက်ပံ့ပေးသွားမည့် စုစုပေါင်းတန်ချိန် ၆၆ ဒသမ ၄၄၂ တန်ရှိ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ခြင်ထောင်၊ စောင်၊ ဆိုလာမီးအိမ်၊ တာပေါ်လင်၊ အိပ်ရာခင်း၊ Jerrycan၊ ကြိုးခွေများနှင့် မလေးရှားနိုင်ငံ ဆီလန်ဂေါ်ပြည်နယ်ရှိ KRI SAKTHI NYANAETHIRA KANIMADAM YOGI RAMSURATKUMAR SHIRAMAM and PERSATUAN RENGANUT DEVI SHRI KARUMARIAMMAN TEMPLE က လှူဒါန်းသော စုစုပေါင်းတန်ချိန် သုည ဒသမ ၄၈၅ တန်ရှိ ခေါက်ဆွဲခြောက်၊ ဘီစကွတ်၊ စောင်၊ ခြင်ထောင်၊ အဝတ်အထည်များ ပါဝင်သော ကတ္တူပုံးများအား သယ်ဆောင်လာသော လေယာဉ်များဆိုက်ရောက်ခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ငလျင်ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❂ ကျောဖုံးမှ

အခုပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဒမ်ဘီလီဟာ ယခုဘောလုံးရာသီမှာ ချန်ပီယံလိဂ်သွင်းဂိုး ရှစ်ဂိုးအထိရှိလာခဲ့ပြီလည်းဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ပီအက်ဂျီအသင်းကို အိမ်ကွင်းအမ်းမရိတ်မှာ ရှုံးနိမ့်ခဲ့ပေမယ့် ပီအက်စ်ဂျီအသင်းရဲ့ အိမ်ကွင်းမှာ နှစ်ဂိုးအသာဖြင့်အနိုင်ရရှိခဲ့မယ်ဆိုရင်တော့ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခွင့်ရရှိမှာဖြစ်ပါတယ်။

လက်ရှိအနေအထားအရ ပီအက်စ်ဂျီအသင်းဟာ အာဆင်နယ်အသင်းကို အနိုင်ရရှိထားတာကြောင့် ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲအဆင့်ကို တက်လှမ်းနိုင်မယ့် အခွင့်အရေးလည်း ရှိနေတာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုအဆင့်ပွဲစဉ်မှာ တွေ့ဆုံခဲ့ဖူးတာဖြစ်ပြီး အဲဒီတွေ့ဆုံမှုမှာတော့ အာဆင်နယ်အသင်းအိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# ပင်လယ်ပြင်ငါးဖမ်းရာသီ ပိတ်သိမ်းပြီဖြစ်၍ ငါးဖမ်းစက်လှေများ ရန်ကုန်မြို့ဆိပ်ကမ်းများသို့ အသီးသီးဝင်ရောက်

ရန်ကုန် မေ ၃၀

မြန်မာ့ပင်လယ်ပြင်တွင် ငါးသားပေါက်ရာသီသို့ ဝင်ရောက်လာပြီဖြစ်ရာ မေလ ၁ ရက်မှစတင်ပြီး ပင်လယ်ပြင်ငါးဖမ်းရာသီ ပိတ်သိမ်းပြီဖြစ်၍ ယနေ့တွင် ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများသို့ ပင်လယ်ပြင်မှ ငါးဖမ်းစက်လှေနှင့် ငါးသယ်ရေယာဉ်များ အသီးသီး ပြန်လည်ရောက်လာကာ ပင်လယ်ပြင် ငါး၊ ပုစွန် ဖမ်းဆီးမှု နှစ်လတာရပ်နားပြီဖြစ်ကြောင်း ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေးဆိပ်ကမ်းမှ သိရသည်။

ပင်လယ်ပြင်တွင် ရေငန်ထွက်ကုန်များကို ဆယ်နှစ်ရာသီဖမ်းဆီးမှုဖြင့် ရေသယံဇာတထိခိုက်မှုကြောင့် မေလ ၁ ရက်မှ ဇူလိုင်လကုန်အထိ သုံးလ ရပ်နားခဲ့ရာမှ ပြည်တွင်းဈေးကွက်၌ ရေငန်ထွက်ကုန် စားသုံးမှုပြတ်လပ်မှုမရှိစေရန် မေလနှင့်ဇွန်လအား ပင်လယ်ပြင်ငါးမဖမ်းရရာသီအဖြစ် ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

"မေ ၁ ရက်မှစ ငါးဖမ်းရာသီပိတ်ပြီဆိုတော့ ဒီနေ့ပင်လယ်ပြင်မှာရှိတဲ့ ငါးဖမ်းစက်လှေအားလုံး ရန်ကုန်ဆိပ်ကမ်းကို ပြန်ဝင်တဲ့အတွက် ဆိပ်ကမ်းမှာ စည်ကားနေတာပါ။ ဆိပ်ကမ်းပြန်မဝင်မီ ဖမ်းမိသမျှ ငါး၊ ပုစွန်မျိုးစုံကို ဆိပ်ကမ်းမှာနှစ်ရက်တာ ရောင်းချပြီးရင် စက်လှေတွေအားလုံးနားပါပြီ။ ဇူလိုင်လဆိုရင် ပင်လယ်ပြင်ကိုစက်လှေတွေပြန်ထွက်ပါပြီ။ ဒီနေ့ ရာသီပိတ်ချိန် ပြန်ဝင်လာချိန်မှာ ရေထွက်ပစ္စည်း အမယ် ၂၀ ကျော် တင်ဆောင်ခဲ့ပါတယ်။ ဒီနှစ် စက်လှေပိုင်ရှင်၊ စက်လှေလုပ်သား၊ ငါးဒိုင်နဲ့ လက်ကား



ပြန်ရောင်းတဲ့ဈေးသည်တွေအားလုံး အဆင်ပြေကြပါတယ်"ဟု စံပြငါးဈေးအမ်အမ်ဒီကုမ္ပဏီမှ စက်လှေလုပ်ငန်းရှင် ဦးထွန်းလှအောင်က ပြောသည်။

ယနေ့ ရန်ကုန်ဆိပ်ကမ်းသို့ဝင်ရောက်လာသည့် ငါးဖမ်းစက်လှေများနှင့် ငါးသယ်ရေယာဉ်တို့တွင် ရေငန်ထွက်ကုန်များဖြစ်သည့် ငါးသင်ဝါ၊ ငါးခွေးလျှာ၊ ရွှေငါး၊ ကင်းမွန်၊ ပြည်ကြီးငါး၊ ငါးတန်လွယ်၊ ငါးမြွေထိုး၊ ငါးစင်းလုံး၊ ငါးစင်းပြား၊ သင်ဖြူ၊ သင်ဝါ၊ ငါးခေါင်းပွ၊ ငါးရောင်၊ တိုက်ဂါးပုစွန် အပါအဝင် ရေထွက်ကုန် အမယ် ၂၀ ကျော်အား ငါးစည်ပိုင်းများတွင်ထည့်၍ တင်ဆောင်လာခဲ့ပြီး လက်ကားဒိုင်များမှ ပြန်လည်ဝယ်ယူ၍ အအေးခန်းစက်ရုံများသို့ပို့ဆောင်ပြီး နှစ်လတာအတွင်း ရေငန်ထွက်ကုန်များ ပြတ်လပ်မှု မရှိစေရန် ပြန်လည်ရောင်းချလေ့ရှိသည်။

ရေငန်ထွက်ကုန်များအား ငါးဖမ်းရာသီပိတ်သိမ်းချိန်နှစ်လတာအတွင်း ရောင်းချနိုင်မှုမရှိပါက ရေချိုငါး၊ ပုစွန် ဈေးနှုန်းမြင့်တက်မှုကို စားသုံးသူများ ရင်ဆိုင်ရလေ့ရှိရာ ရန်ကုန်ဈေးကွက်တွင် စားသုံးမှုများလာသည့် ရေငန်ထွက်ကုန်များ ရာသီမပြတ် စားသုံးနိုင်စေရန် ရန်ကုန်မြို့ အအေးခန်းစက်ရုံများတွင် သိုလှောင်၍ ပြန်လည်ဖြန့်ဖြူးရောင်းချခြင်း ဖြစ်သည်။

"မနှစ်ကလုပ်ငန်းရှင်အားလုံးနီးပါး ရှုံးပေမယ့် ဒီနှစ်ရေထွက်ကုန်ရောင်းဝယ်မှု အဆင်ပြေကြတယ်။ ဒီနှစ်မှာ အရောင်းအဝယ်ကောင်းသလို စားသုံးသူလည်း သင့်တင့်တဲ့ဈေးနဲ့ ဝယ်ယူနိုင်တဲ့အတွက် ထုတ်လုပ်သူနဲ့စားသုံးသူ အဆင်ပြေတဲ့နှစ်လို့ဆိုရမှာပါ။ ပင်လယ်ပြင်က ငါးမပြတ်ဝင်ပြီး ဈေးကွက်ထဲကိုအရောက်ပို့နိုင်တဲ့အတွက် ငါးဈေးနှုန်းကွာဟချက် မရှိပါဘူး။ ငါးဖမ်းရာသီ နှစ်လပိတ်ချိန်မှာ မျက်ကျယ်၊ ငါးမဲလုံး၊ မီးလုံး၊ ငါးရောင်၊ လက်ဝါး၊ ပီသာ၊ ရွှေငါးနဲ့ ပလာတူး ငါးကုန်ချိန် တစ်သိန်းအေးခဲပြီး ပြန်လည်ရောင်းချဖို့ကုန်စုနေပါတယ်။ ကုန်ပိုပြီးသိုလှောင်ချင်ပေမယ့် အအေးခန်းဝန်ဆောင်မှုစရိတ်မြင့်လာတာကြောင့် ကုန်ချိန်တစ်သိန်းပဲစုနိုင်ပါတယ်"ဟု ကြည့်မြင်တိုင်စံပြငါးဈေးမှ ရေငန်ထွက်ကုန် လုပ်ငန်းရှင် ဒေါ်တင်နွယ်က ပြောသည်။

မြန်မာ့ရေထွက်ကုန်များကို ဧရာဝတီတိုင်းဒေသကြီး ပင်လယ်ပြင်နှင့် တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ပြင်တို့တွင် ဖမ်းဆီးခြင်းဖြစ်၍ ငါးဈေးကွက်များသို့ အဆက်မပြတ်ဝင်ရောက်ခဲ့ပြီး ပြည်ပပို့ကုန် ရေထွက်ပစ္စည်းများကိုလည်း အအေးခန်းစက်ရုံများမှ တစ်ဆင့် တင်ပို့နိုင်ခဲ့ရာ လုပ်ငန်းရှင်များ အဆင်ပြေကြကြောင်း၊ ယနေ့ဆိပ်ကမ်းများသို့ ဝင်ရောက်လာကြသည့် ရေထွက်ကုန်များအား နှစ်ရက်တာရောင်းချပြီးပါက အအေးခန်းစက်ရုံများတွင် သိုလှောင်ထားသည့် ရေထွက်ကုန်များအား ရေငန်ထွက်ကုန် ဈေးကွက်တွင် နှစ်လအတွင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-သစ္စာ(MNA)၊ ဓာတ်ပုံ - ဇွဲမာန်**

## မေလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆ ရက်မှ ၈ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၃ ရက်မှ ၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် မေလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မိုး/ဇလ**



## လှိုင်သာယာမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေ အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ဒေသခံပြည်သူများအား ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ညောင်ကျေးရွာ ကနောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့စစ်မှုထမ်းရန်ကာလများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းဆိုင်ရာများ၊ ပြည်သူ့စစ်မှုထမ်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို မြို့နယ်ပြည်သူ့စစ်မှုထမ်းအဖွဲ့ အတွင်းရေးမှူး ဦးစောတာကလူထူးက ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေကိစ္စရပ်များနှင့် အလုပ်ရှင်အလုပ်သမားများသိရှိလိုသည့်အချက်များကို မြို့နယ်ဥပဒေအရာရှိ ဒေါ်ဌေးဌေးဝင်းက ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေးဆောင်ရွက်

ပခုက္ကူ မေ ၃၀

မေ ၅ ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နိမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့နယ်အတွင်း ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး ရည်ရွယ်၍ မြို့ပေါ်ရပ်ကွက်များရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးလိုက်လံနှိုးဆော်ခြင်း၊ ဈေးများရှိ ဈေးသူ ဈေးသားများထံ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်း စသည့်မီးဘေးအန္တရာယ်



ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၃၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မေ ၃၀ ရက်တွင် အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည် ရောင်းချပေးခဲ့ကြောင်း သိရသည်။



ထိုသို့ လှည့်လည်ရောင်းချရာတွင် နေပြည်တော်အတွင်း ဈေးကားသုံးစီးဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများရှိ ဝန်ထမ်းများအား ဆီပိဿာ ၄၅၀၊ ခရမ်းချဉ်သီး ပိဿာ ၅၀၀၊ အာလူးပိဿာ ၄၀၀၊ ဂေါ်ဖီထုပ် ၁၅၀၊ ပန်းဂေါ်ဖီ ၁၀၀၊ ချင်း ၂၅ ပိဿာ၊ ကြက်သွန်ဖြူ ၂၅ ပိဿာ၊ ကြက်သွန်နီပိဿာ ၁၀၀၊ ရွှေဖရုံသီး/ ကျောက်ဖရုံသီးပိဿာ ၈၀၊ ခရမ်းချဉ်သီးပိဿာ ၅၀ နှင့် မုန်ညင်းဖြူ ၂၅ ပိဿာတို့အား သက်သာသော ဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မစ်ချီဂန်ပြည်နယ်၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ရာထူးသက်တမ်း ရက် ၁၀၀ ပြည့် အထိမ်းအမှတ် လူထုစည်းဝေးပွဲ ကျင်းပ

ဝါရှင်တန် မေ ၃၀

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ရာထူးသက်တမ်း ရက် ၁၀၀ ပြည့် အထိမ်းအမှတ် လူထုစည်းဝေးပွဲကို အနောက်အလယ်ပိုင်း မစ်ချီဂန်ပြည်နယ်၌ ယမန်နေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။




သမ္မတထရမ့်သည် တရားမဝင် လူဝင်မှုကြီးကြပ်ရေးအပါအဝင် အခွန်စည်းကြပ်မှုများနှင့်ပတ်သက်၍ ၎င်း၏ အောင်မြင်မှုများကို သူ၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

မစ်ချီဂန်ပြည်နယ်သည် ဒေါ်နယ်ထရမ့် ထောက်ခံမဲ အများဆုံးရရှိခဲ့သည့် ပြည်နယ်ဖြစ်သည်။

တရားမဝင် လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းစဉ်များကို နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ အလုပ်အကိုင်ပြန်လည်ရရှိရန်နှင့် အမေရိကန် မော်တော်ယာဉ် လုပ်သားများအားလုံးအတွက် ကာကွယ်ပေးလျက်ရှိပါကြောင်း ဒေါ်နယ်ထရမ့်က ပြောကြားသည်။

၎င်း၏ သမ္မတ သက်တမ်း ရက်ပေါင်း ၁၀၀ တွင် အမေရိကန်သမိုင်းတွင် နှစ်ပေါင်း ၁၀၀ နီးပါးအတွင်း အကောင်းဆုံးသော ပြောင်းလဲမှုကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်နိုင်ငံအတွင်းရှိ မော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီများနှင့် လုပ်သားများကို ကာကွယ်ပေးသည့်အနေဖြင့် ပြည်ပမှတင်သွင်းသည့် မော်တော်ယာဉ်များအပေါ် ထပ်ဆောင်းအခွန်အခများ ကောက်ခံသွားမည်ဖြစ်ကြောင်းလည်း ဒေါ်နယ်ထရမ့်က ပြောသည်။

ထို့ပြင် အမေရိကန်စက်မှုလုပ်ငန်းကိုလည်း အကာအကွယ်ပေးမည်ဖြစ်ကြောင်း ၎င်းက အလေးပေးပြောကြားသည်။

အခွန် ဖြတ်တောက်မှုများနှင့် ပတ်သက်ပြီး အမေရိကန် အထက်လွှတ်တော်၏သဘောတူညီချက်နှင့်အတူ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မဲဆန္ဒရှင်များအား ၎င်းပေးခဲ့သည့် ကတိများကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်းနှင့် အမေရိကကို နောက်တစ်ကြိမ် ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# BRICS ထွန်းသစ်စနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများက စည်းကြပ်ခွန်များ ကောက်ခံမှုအပေါ်ဆွေးနွေး

**ရီယိုဒီဂျနေးရိုး မေ ၃၀**

BRICS ထွန်းသစ်စနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် စည်းကြပ်ခွန်များ ကောက်ခံခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

တရုတ်နှင့် ရုရှားအပါအဝင် BRICS အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများသည် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုး၌ ယမန်နေ့က တွေ့ဆုံခဲ့ကြသည်။ BRICS ထွန်းသစ်စနိုင်ငံများ၏ မိတ်ဖက်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ ဝန်ကြီးများသည် တရားမျှတမှုမရှိသော တစ်ဖက်သတ် အကာအကွယ်ပေးရေးအစီအမံများ မြင့်တက်လာခြင်းနှင့်ပတ်သက်၍ ပြင်းထန်သော စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောကြားခဲ့သည်။

လွတ်လပ်သောကုန်သွယ်မှုနှင့် ဘက်စုံကုန်သွယ်မှုစနစ်ကို ကာကွယ်ရန် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ရန် ဝန်ကြီးများက အပြန်အလှန်ဆွေးနွေးခဲ့သည်။ BRICS အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တစ်ဖက်သတ်ကာကွယ်ရေးဝါဒကို ပူးပေါင်းဆန့်ကျင်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက တိုက်တွန်းပြောကြားသည်။

ယခုတွေ့ဆုံမှုသည် နိုင်ငံစုံဝါဒကို ပိုမိုအားကောင်းစေရန်အတွက် BRICS အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်ရရှိခဲ့ကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး မော်ရိဗီအဲရာက ပြောသည်။ အစည်းအဝေးကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏အုပ်ချုပ်ရေးဟု အမည်မဖော်ဘဲ စည်းကြပ်ခွန်များ ကောက်ခံခြင်းအပေါ် အလေးအနက်စိုးရိမ်ကြောင်း ဖော်ပြသည့် ဘရာဇီးသမ္မတ၏ ကြေညာချက်ဖြင့် ပြီးဆုံးခဲ့ကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ကနေဒါနိုင်ငံပါလီမန်ရွေးကောက်ပွဲတွင် လစ်ဘရယ်ပါတီခေါင်းဆောင် မတ်ကာနေးအနိုင်ရရှိ

ကနေဒါ မေ ၃၀

ကနေဒါနိုင်ငံတွင် ကျင်းပပြီးစီးခဲ့သည့် ပါလီမန်ရွေးကောက်ပွဲတွင် လစ်ဘရယ် ပါတီခေါင်းဆောင် မတ်ကာနေး အနိုင်ရရှိခဲ့ကြောင်း သိရသည်။



ဧပြီ၃၀ ရက်တွင်မဲရေတွက်မှုများအရ လစ်ဘရယ်ပါတီက ကိုယ်စားလှယ်နေရာ ၃၄၃ နေရာအနက် ၁၆၇ နေရာရရှိခဲ့သည်။ အမေရိကန်နိုင်ငံသည် ကနေဒါနိုင်ငံ၏ နယ်မြေများကို ရယူလိုပြီး သယံဇာတများနှင့် ရေအရင်းအမြစ်များကို ရယူလိုသော်လည်း ၎င်းဖြစ်ရပ်ဖြစ်လာမည်မဟုတ်ဟု မိမိပြောကြားလိုကြောင်း အောင်ပွဲခံ မိန့်ခွန်းတွင် ၎င်းကပြောကြားခဲ့သည်။

ကနေဒါနိုင်ငံသည် အမေရိကန်က ကြိုးကိုင်ချယ်လှယ်သည့် ကမ္ဘာ့ကုန်သွယ်ရေးစနစ်မှ လက်ရှိအချိန်တွင် လွန်မြောက်ခဲ့ပြီဖြစ်ကာ ကနေဒါနိုင်ငံ၏ စီးပွားရေးကို အမေရိကန်အပေါ် မှီခိုရခြင်းမှ ကင်းလွတ်စေရေး မိမိဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။ ယခုကျင်းပသည့် ပါလီမန်ရွေးကောက်ပွဲတွင် အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီက ကိုယ်စားလှယ် ၁၄၅ နေရာသာရရှိခဲ့သည်။

ကွန်ဆာဗေး တစ်ပါတီခေါင်းဆောင် ပီရီပူလေဗာရီက မတ်ကာနေး၏ ရွေးကောက်ပွဲတွင် အနိုင်ရရှိခြင်းကို ဂုဏ်ပြုကြောင်း ပြောကြားခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# ဗီယက်နမ်စစ်ပွဲပြီးဆုံးခြင်း နှစ်(၅၀)ပြည့် အခမ်းအနားကျင်းပ

ဟန်နွိုင်း မေ ၃၀

ဗီယက်နမ် စစ်ပွဲပြီးဆုံးခြင်း နှစ်(၅၀)ပြည့် အခမ်းအနားကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်တွင် ဧပြီ ၃၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

## ဂုဏ်ပြု

ဆိုင်ဂုံမြို့ဟု ၎င်းစစ်ပွဲကာလအတွင်းအမည်ရခဲ့သည့် ဟိုချီမင်းမြို့တော်၌ကျင်းပသည့် အခမ်းအနားတွင် စစ်ပွဲပြီးဆုံးပြီး ဗီယက်နမ်နိုင်ငံ အောင်မြင်စွာ ပြန်လည်ပေါင်းစည်းသည့် ဖြစ်ရပ်အား ဗီယက်နမ်နိုင်ငံမှ အကြီးအကဲများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုခဲ့ကြသည်။

ဗီယက်နမ် စစ်ပွဲအတွင်း နိုင်ငံသား သုံးသန်းသေဆုံးခဲ့သည်။ တောင်နှင့် မြောက် ဗီယက်နမ် နှစ်နိုင်ငံအကြား တိုက်ခိုက်ခဲ့သည့် အဆိုပါစစ်ပွဲတွင် မြောက်ဗီယက်နမ်ကို ဆိုဗီယက်ယူနီယံနှင့် တရုတ်နိုင်ငံတို့က ကျောထောက်နောက်ခံပြုပြီး တောင်ဗီယက်နမ်ကို အမေရိကန်နှင့် အပေါင်းပါ မဟာမိတ်များက ကျောထောက်နောက်ခံပြုကာ နှစ်ဖက်အကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။

၎င်းစစ်ပွဲသည် ၁၉၇၅ ခုနှစ် ဧပြီ ၃၀ရက်တွင် ပြီးဆုံးခဲ့ကာ ထိုစဉ်က တောင်ဗီယက်နမ်၏ မြို့တော်ဆိုင်ဂုံသည် မြောက်ဗီယက်နမ်၏အုပ်ချုပ်မှုအောက်သို့ ရောက်ရှိခဲ့သည်။ ဗီယက်နမ် စစ်ပွဲပြီးဆုံးခြင်း နှစ်(၅၀)ပြည့် ယခုအခမ်းအနားကို ထိုစဉ်က တောင်ဗီယက်နမ် သမ္မတ၏ အိမ်တော်ဟောင်း ပြန်လည်ပေါင်းစည်းရေးခန်းမတွင် ကျင်းပခဲ့သည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–စိုးသူရ**




# တရုတ်နိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာသုံး တရားမဝင်ကိစ္စရပ်များ ကျူးလွန်ခြင်းကိုနှိမ်နင်းရန် လှုပ်ရှားမှုတစ်ရပ် ဆောင်ရွက်

**ပေကျင်း မေ ၃၀**

တရုတ်နိုင်ငံ၌ ဉာဏ်ရည်တု (AI) နည်းပညာများ အသုံးပြုပြီး တရားမဝင်ကိစ္စရပ်များကျူးလွန်ခြင်းကိုနှိမ်နင်းရန် သုံးလကြာ လှုပ်ရှားမှုတစ်ရပ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယနေ့မှစပြီး ဆောင်ရွက်လျက်ရှိကြောင်း တရုတ်နိုင်ငံ၏ ထိပ်တန်းအင်တာနက်ထိန်းချုပ်ရေးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါဆောင်ရွက်ချက်ကို အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

## ကြိုးပမ်းဆောင်ရွက်

ပထမအဆင့်တွင် ခွင့်ပြုချက်မရှိဘဲ ဉာဏ်ရည်တုနည်းပညာသုံး အပလီကေးရှင်းများကို ဖယ်ရှားခြင်း၊ ဉာဏ်ရည်တုနည်းပညာသုံးပြီး ရရှိလာသည့် အကြောင်းအရာနှင့် ဆက်စပ်နည်းပညာများ၏ စည်းမျဉ်းစည်းကမ်းများကို မြှင့်တင်ရန်နှင့် တရားမဝင် ချိုးဖောက်မှုများကို ဖော်ထုတ်အတည်ပြုနိုင်စေရန် အွန်လိုင်းပလက်ဖောင်းများကို အားပေးခြင်း အပါအဝင် သက်ဆိုင်ရာအရင်းအမြစ်များ၏ စီမံခန့်ခွဲမှုကို အားကောင်းစေရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအဆင့်တွင် ကောလာဟလများ၊ သတင်းမှားများ၊ ညစ်ညမ်းသောအကြောင်းအရာများ၊ အွန်လိုင်းလိမ်လည်ခြင်း စသည့်ဖြစ်ရပ်များကို ဉာဏ်ရည်တုနည်းပညာအသုံးပြုဖန်တီးခြင်းကဲ့သို့သော သီးခြားကိစ္စရပ်များကို ပစ်မှတ်ထားဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ ဉာဏ်ရည်တုနည်းပညာသုံးပြီး တရားမဝင်လုပ်ရပ်များကို ကျူးလွန်သည့် အကောင့်များ၊ ရုပ်သံလိုင်းပေါင်းစုံ ကွန်ရက်အဖွဲ့အစည်းများနှင့် အွန်လိုင်းပလပ်ဖောင်းများကို ဖယ်ရှားသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ထိပ်တန်းအင်တာနက်ထိန်းချုပ်ရေးဌာနက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# မြစ်ကြီးနားမြို့ လေယာဉ်ကွင်းသို့ အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဧပြီ ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လေယာဉ်ကွင်း အတွင်းရှိ အရေးကြီး အဆောက်အဦများအား ထိခိုက်ပျက်စီးစေရန်နှင့် ပြည်သူများ အထိတ်တလန့် ဖြစ်စေရန် အကြံအစည်များဖြင့် KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသည့်အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့ မွန်းလွဲ ၁၂ နာရီ ၃၀ မိနစ်ခန့်တွင် ရှော့တိုက်ဒုံးဖြင့် အဝေးမှ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မြစ်ကြီးနားမြို့ လေယာဉ်ကွင်း၏ အရှေ့မြောက်ဘက် မီတာ ၄၅၀ အကွာ နေရာသို့ ရှော့တိုက်ဒုံးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး လူနှင့် အဆောက်အဦ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

အဆိုပါ ရှော့တိုက်ဒုံးပစ်ခတ်ခဲ့သည့်နေရာနှင့် အနီးဝန်းကျင် တစ်ဝိုက်အား ပိတ်ဆို့စစ်ဆေး ရှာဖွေမှုများ ဆောင်ရွက်လျက်ရှိပြီး ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေး လိုအပ်သည့် မေးမြန်းစစ်ဆေးမှုများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ရုရှားနိုင်ငံသား တစ်ဦးနှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဧပြီ ၃၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ကျောက်ခတ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ရုရှားနိုင်ငံသားတစ်ဦးနှင့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ထိုသို့စစ်ဆေးဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် သက်ဆိုင်ရာ ဌာနအလိုက် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက် စာရင်းဇယားများ မှန်ကန်ပြည့်စုံစေရေးနှင့် ၎င်းတို့၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေး၊ ပြည်နှင့်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှု မရှိစေရေး စနစ်တကျဆောင်ရွက်ထားရှိရန်မှာကြားပြီးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာ သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၅ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၇၅၈၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၄၆၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများ ရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းစစ်ဆေး လွှဲပြောင်းပေးလျက်ရှိပါကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူ အဆင့်ဆင့်တို့ကလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်း ဒုစရိုက်မှုလုပ်ငန်းများ မရှိစေရေးဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**❑ MNL League Cup မှ**

အဖွင့် ပွဲတွင် MNL-2 ကလပ် ငွေကြယ်ပွင့်အသင်းကို ဂိုးပြတ်သွင်းယူခဲ့သည်။ ဒဂုံစတားအသင်းအတွက် ကစားသမားခြောက်ဦးက ဂိုးများ သွင်းယူခဲ့ပြီး တိုက်စစ်မှူးသစ် ရန်ကျော်ထွေး တစ်ဦးတည်းက ငါးဂိုး သွင်းယူသည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ရာမည ယူနိုက်တက်အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းအတွက် ဂိုးပြတ်နိုင်ပွဲတစ်ပွဲဖြစ်ခဲ့ပြီး လာမည့်ရာသီ တန်းတက်ခွင့်ရထားသည့် ရာမညယူနိုက်တက်အသင်းအတွက် MNL တွင် ခြေစွမ်းမီကစားနိုင်ရန် လိုအပ်နေသေးကြောင်းပြသခဲ့သည့် ပွဲဖြစ်ခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် Chinland အသင်းနှင့် အား/ကာသိပွဲအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ Chinland အသင်းသည် နှစ်ကြိမ်တိုင် ဦးဆောင်ပြီးမှ ဂိုးများပြန်ပေးရကာ သရေကျခဲ့ခြင်းဖြစ်သည်။ Chinland အသင်းအတွက် ဦးဆောင်ဂိုးများကို ခြောက်မိနစ်တွင် လှဖုန်းဦး၊ ၄၈ မိနစ်တွင် ဟိန်းသက်ဖြိုးတို့က သွင်းယူပြီး အား/ကာသိပွဲအသင်းအတွက် ချေပဂိုးများကို ၃၇ မိနစ်တွင် ဝင်းပြည့်မောင်နှင့် ၅၆ မိနစ်တွင် ဟိန်းထက်ငြိမ်းတို့က သွင်းယူသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက Glory Goal အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ပြီး ငါးမိနစ်တွင် ဝိုင်းလု၊ ၄၁ မိနစ်တွင် မောင်မောင်စိုး၊ ၆၁ မိနစ်တွင် ဇွဲမာန်သာ၊ ၈၀၊ ၉၀+၁ မိနစ်တွင် ဇော်ဇော်ထိုက်တို့က သွင်းယူခဲ့သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၅-၂၀၂၅ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဓမ္မသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ထင်ရှားထူးခြားမြန်မာ့ပုံရိပ်များ 'မြန်မာ့သနပ်ခါး'
- ၀၉:၁၀ NRC အစီအစဉ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၄၀ ပန်းဆယ်မျိုးထဲမှမြန်မာ့လက်မှုပန်းပုပညာအလက်ာ
- ၁၁:၄၀ NEXT LEVEL
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'လေနှင့်ရာခရီး'** (အပိုင်း-၂၀)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'လူစွမ်းကောင်းများခေတ်'** (အပိုင်း-၁၂)
- ၁၄:၅၀ မျိုးဝက်တင့်စေဆိုကရေးတီးအဖွဲ့
- ၁၆:၄၀ Soccer View
- ၁၇:၀၅ လူမှုစီးပွားသတင်းများ
- ၁၇:၂၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၅ခုနှစ်၊ ဧပြီလ)(ပထမပိုင်း)
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဂင်္ဂါ
- ၁၈:၄၅ ဆုတောင်းမေတ္တာ တေးကဗျာ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **'ငေါင်'** (အပိုင်း-၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဂင်္ဂါ
- ၂၁:၁၀ ဆုတောင်းမေတ္တာ တေးကဗျာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'လူစွမ်းကောင်းများခေတ်'** (အပိုင်း-၁၄)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

- 07:02 Evergreen Classic: Sone Taw Myaing
- 07:10 Sri Ksetra, Field of Fortune & Glory (Part-1)
- 07:30 Let's Taste Delicious Insects: Barbequed Sago Worm Salad and Bamboo Worm Fried Rice
- 07:51 Healthy Diet: Fasting Diet
- 08:01 News
- 08:26 Asia Updates; Long Road to the Top
- 08:53 Myanmar Traditional Snacks: Myanmar Doughnut
- 08:54 Tourism Develpoment in Myanmar
- 09:01 The Great Collector: Myanmar Antique Furniture and Handicraft
- 09:40 Kyaukse Cement Plant
- 10:01 News

**Me**

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၃၅ တိုင်းရင်းသားသီချင်း၊ အက (မွန်)
- ၀၇:၀၀ မြန်မာသံစဉ်တေးများ
- ၀၇:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'တောက်ပသောနေ့ရက်များဆီသို့'** (အပိုင်း-၇)
- ၀၈:၂၀ ဝတီရီယိုတေးများ
- ၀၈:၄၅ ဆိုကရေးတီးဆုရ(အိုးစည်အတီးပြိုင်ပွဲ၊တစ်ဦးချင်းအကပြိုင်ပွဲ၊ ကဗျာလွတ်ယိမ်းအဖွဲ့)
- ၀၉:၁၀ ကာတွန်း 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၂၂)
- ၀၉:၄၀ ဝတီရီယိုတေးများ
- ၁၀:၀၀ မြန်မာရုပ်ရှင်'ဖြူမည်း' **'ခိုင်ဟလာနှင်းဆီ'**

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ထူးဆန်းဖွေရှာ ဓလေ့ရိုးရာ(တံခွန်တိုင်ပွဲတော်)

**ဗကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
အစာအိမ်ရောင်ရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
အရသာမြိန်ရှက်စေတဲ့ဆန်ကောထမင်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် အပိမြန်မာပြည်(အပိုင်း-၂)

**ချင်း(ဖလမ်း) (၁၁:၀၀ မှ ၁၂:၀၀)**
နွေးထွေးသည့်လုပ်ဘန်းရှာသို့ အလည်တစ်ခေါက် (အပိုင်း-၁)

**ချင်း(ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မြေထည်အိုးပြုလုပ်ပုံအဆင့်ဆင့်

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
လခြမ်းမြို့မှရိုးရာအလှ(အပိုင်း-၁)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ကျန်းမာရေးနဲ့ညီညွတ်အောင် ကိုယ်အလေးချိန်လျှော့ချနည်း

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ခေါက်ဆွဲချပ်ပြုလုပ်နည်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ကချင်ချောင်းသာသို့အလည်တစ်ခေါက်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၄၅ ကမ္ဘာဝန်းကျင် ဇီဝမျိုးကွဲစုံလင်
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ရုရှားနိုင်ငံ'**
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'မမှန်သတင်းပေးခြင်း'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'အင်ဒိုနီးရှားနိုင်ငံ'**
- ၁၁:၃၀ ရွှေသို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၄)

**MRTV FARMERS HD**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၅ နိုင်ငံ့စီးပွားတိုးတက်ဖို့ MSME လုပ်ငန်းများ အားပေးစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၂၀ How Texas Farmers Use 127 Million Acres of Farmland - American Farming Documentary
- ၁၉:၁၅ The Flood
- ၂၀:၀၀ သူ့အကြောင်တွေပျံနေတဲ့လမ်းပေါ်(ဇာတ်လမ်း)
- ၂၂:၀၀ A Little Thing Called Love (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary (Water Polo)
- ၀၇:၄၀ Weekly Soccer Preview
- ၁၂:၀၀ FIFA MFF U-19 Youth League (Replay) Generations Vs YRG
- ၁၇:၀၀ အားကစားသတင်း

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**မုံရွာ ဧပြီ ၃၀**

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးမြတ်ကျော်က ဒေသ တည်ငြိမ်အေးချမ်းမှသာ တိုင်း ဒေသကြီးရှိ မြို့နယ်/ရပ်ကွက်/ ကျေးရွာများတွင် နေထိုင်ကြသည့် လူတစ်ဦးချင်း၏ လူမှုစီးပွားဘဝ များဖြစ်သည့် ပညာရေး၊ ကျန်းမာ ရေး၊ စီးပွားရေးကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များ ဆောင်ရွက်နိုင်မည်ဖြစ် ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများက တိုင်း ဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ် များအတွင်း မိမိတို့ဌာနများ အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုံခြုံရေး၊ အုပ်ချုပ်ရေးနှင့် စီမံရေးဆိုင်ရာ များ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ မြို့သန့်ရှင်းသာယာလှပရေးနှင့် မြို့နယ်များအတွင်း အခြေခံ စားသောက်ကုန်များ ရောင်းချပေး နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူ ရေး၊ MSMEs လုပ်ငန်းများ ဆောင် ရွက်နေမှု၊ အထွေထွေရွေးကောက် ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် အစည်း အဝေးသို့ တက်ရောက်လာသူများ က တိုင်းဒေသကြီးအတွင်း ဒေသ တည်ငြိမ် အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက် နေသည့်လုပ်ငန်းများ အောင်မြင် အောင် ဆောင်ရွက်နေမှုလုပ်ငန်း အခြေအနေများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေး တင်ပြကြ သည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေး သို့ တက်ရောက်လာသူများ၏ ဖြည့်စွက်အကြံပြု ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ် သည်များကို တာဝန်ရှိသူများ နှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# မြောက်ဥက္ကလာပမြို့နယ် မယ်လမုစေတီတော်ကြီးအတွင်းရှိ နိဗ္ဗာန်ဆော်နတ်လမ်းပြုပြင်တည်ဆောက်ရေး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီတော်ကြီးအတွင်းရှိ နိဗ္ဗာန်ဆော်နတ်လမ်းပြုပြင်တည် ဆောက်ရေးနှင့်စပ်လျဉ်း၍ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း အခမ်းအနားကို ယနေ့နံနက် ၆ နာရီတွင် စေတီတော်ကြီးဂေါပကအဖွဲ့ ရုံးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ အခမ်းအနားသို့ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ၊ ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီး ဂေါပက ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များနှင့် ဒာယကာ ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယဓမ္မရောင်ခြည် ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်အရှင်သူမြတ်များက မေတ္တာသုတ်အစရှိ သော ပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ခဲ့ကြပြီး စေတီတော်ဂေါပက အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း ကြကာ ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီးအတွင်းရှိ နိဗ္ဗာန်ဆော် နတ်လမ်းပြုပြင်တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ဆရာတော်ကြီးများ ထံမှ ဩဝါဒခံယူကြသည်။

ယင်းနောက် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆုတောင်းပြည့်မယ်လမုစေတီ တော်ကြီးအတွင်းရှိ နိဗ္ဗာန်ဆော်နတ်လမ်း ပြုပြင်တည်ဆောက်ရေး ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံ ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။ သက်လွင်စိုး (ပြန်/ဆက်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စက်မှုလယ်ယာစနစ်ကျလယ်မြေဆောင်ရွက်ထားမှုနှင့် ဆက်လက်စိုက်ပျိုးမည့်အစီအစဉ်ကွင်းပြပွဲတက်ရောက်

**စစ်တွေ ဧပြီ ၃၀**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စက်မှုလယ်ယာ ဦးစီးဌာန အမှတ် (၇၂) စက်မှု လယ်ယာစခန်း စစ်တွေမြို့မှ ဆောင်ရွက်သော စက်မှုလယ်ယာ စနစ်ကျလယ်မြေ ခုနစ်ဧက ဖော်ထုတ်ခြင်း လုပ်ငန်းဆောင် ရွက်ထားမှုနှင့် စိုက်ပျိုးရေးဦးစီး ဌာနမှ ဆက်လက်စိုက်ပျိုးမည့် အစီအစဉ်များအား ကွင်းပြပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ပြည်တော်သာစိုက်ကွင်း၌ ကျင်းပ ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားများ တက် ရောက်ကြသည်။



ဦးစွာ စက်မှုလယ်ယာစနစ်ကျ လယ်မြေ ခုနစ်ဧက ဖော်ထုတ်ခြင်း လုပ်ငန်း ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ စက်မှုလယ်ယာဦးစီး ဌာန ပြည်နယ်ဦးစီးမှူးကလည်း ကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ဖော်ထုတ်ပြီး မြေတွင် ဆက်လက်စိုက်ပျိုးမည့် သီးနှံများအား လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ် ဝန်ကြီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးပြီး တက်ရောက်လာသော တောင်သူ များအား စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းကြောင့် ရရှိနိုင်သော အကျိုးကျေးဇူးများ၊ တောင်သူများအနေဖြင့် တစ်ဦး ချင်း သို့မဟုတ် အဖွဲ့လိုက် ပေါင်းစည်းလယ်ယာစနစ် ဖော် ထုတ်နိုင်ရေး ပူးပေါင်းဆွေးနွေး ဆောင်ရွက်ရမည့် အချက်များ၊ အထွက်နှုန်း ကောင်းမွန်ရေး အတွက် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန် လိုအပ်ချက်များနှင့် ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ် သည်များ ကူညီဆောင်ရွက်ပေး မည့်အချက်များကို ဆွေးနွေး ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ သည် စက်မှုလယ်ယာစနစ်ကျ လယ်မြေ ဖော်ထုတ်ရာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲမှုဦးစီးဌာန (ရေအရင်း အမြစ်)မှ ဆိုလာစနစ်ဖြင့် မြေအောက်ရေ ထည့်သွင်းထား ရှိမှုကိုသွားရောက်ကြည့်ရှုစစ်ဆေး ကြရာ ဆည်မြောင်းနှင့် ရေအသုံး ချမှုစီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ် ဦးစီးမှူးက မြေအောက်ရေထွက် ရှိမှုနှုန်းနှင့် ကွင်းအတွင်းအကျိုးပြု နိုင်မည့် ရေပမာဏအခြေအနေ များကို လိုက်လံရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ် သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး စက်မှု လယ်ယာစနစ်ကျ လယ်မြေတွင် မြေဆီမြေဩဇာဖြစ်ထွန်းနိုင်ရန် အတွက် ပိုက်ဆံလျှော်မျိုးစေ့များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေး ခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# တောင်တွင်းကြီးမြို့နယ်၌ သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း တက်ရောက်ရန် အသိပညာပေးဆွေးနွေး

**တောင်တွင်းကြီး ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သမဝါယမဦးစီး ဌာနမှ ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် စာရင်းရေး၊ စာရင်းကိုင်သက်မွေး ပညာသင်တန်း၊ ပထမနှစ်သင်တန်းသား သင်တန်းသူရရှိစေရေး အသိပညာပေးဆွေးနွေးပွဲကို ဧပြီ ၂၈ ရက်က တောင်တွင်းကြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တောင်တွင်းကြီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စာရင်းစစ်၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)မှ မော်ကွန်းထိန်း ဒေါ်မြင့်သိင်္ဂီက ဝင်ခွင့်အရည်အချင်းများ၊ သင်တန်းကာလ နှင့် သင်တန်းသားဦးရေ၊ ပညာဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်း များ သင်ကြားမည့်ဘာသာရပ်များအကြောင်း၊ သင်တန်း၏ ရည်ရွယ် ချက်၊ သင်တန်းအောင်လက်မှတ်၊ သင်တန်းတက်ရောက်နေသည့် သင်တန်းသားများအား အခမဲ့နေထိုင်ခွင့်များနှင့် သင်တန်းထောက်ပံ့ ကြေးစရိတ်များ၊ သင်တန်းတက်ရောက်နေစဉ်အတွင်း သင်တန်းများမှ ရရှိမည့်အကျိုးကျေးဇူးများနှင့် တက်ရောက်ပြီးပါက အလုပ်အကိုင်အခွင့် အလမ်းများအကြောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရ သည်။

နောင်နောင်(ဗိဿနိုးမြေ)



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ဆောင်ရွက်ဆဲ စမုံရေငုတ်ပြွန် တည်ဆောက်ခြင်းလုပ်ငန်း ထိခိုက်ခဲ့မှု၊ မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းနှင့် ညောင်ရမ်း-မင်းလှကန် ထိခိုက်ခဲ့မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဧပြီ ၂၈ ရက် မွန်းလွဲပိုင်းတွင် မန္တလေး ငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ခဲ့သည့် ဝမ်းတွင်းမြို့နယ် ကင်းတားဆည်ရေသောက်စနစ် လက်ဝဲမြောင်းမကြီးရှိ ဆောင်ရွက်ဆဲ စမုံရေငုတ်ပြွန် တည်ဆောက်ခြင်း လုပ်ငန်း၊ မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းနှင့် ညောင်ရမ်း-မင်းလှကန် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြားသည်။



ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ကင်းတား ဆည်ရေသောက်စနစ်တွင် စိုက်ပျိုးပြီး နွေစပါးနှင့် နွေအခြားသီးနှံ ဧရိယာများ အားလုံး ဧပြီ ၈ ရက်တွင် လည်းကောင်း၊ မိတ္ထီလာ လွင်ပြင် လျှပ်စစ်ရေတင်ရေသောက်စနစ်တွင် စိုက်ပျိုးပြီး နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ဧကများ အားလုံး ဧပြီ၂၄ ရက်တွင်လည်းကောင်း အရေးပေါ်ယာယီပြုပြင်၍ စိုက်ပျိုးရေပြန်လည်ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ သာစည်မြို့နယ်အတွင်းရှိ မင်းလှကန် အမှတ်(၃)မောင်းတိုင် ရေတံခါးတပ် ရေပိုလွှဲ၏ ရေတံခါးများ ပြုပြင်ဆောင်ရွက်၍ စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်ရေး စီမံဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ညောင်ရမ်းကန်၊ မင်းလှကန်တို့တွင် ကန့်လန့်ဖြတ် ပြတ်ရွေ့အက်ကွဲကြောင်းများနှင့် အလျားလိုက် ပြတ်ရွေ့ အက်ကွဲကြောင်းများ ဖြစ်ပေါ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ရေတံခါးများ ကောင်းစွာအဖွင့်အပိတ် လုပ်နိုင်ရေး လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မှန်ကန်စွာ လိုက်နာဆောင်ရွက်ရေး၊ ရေတံခါးနှင့် ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ ညောင်ရမ်း-မင်းလှကန် တာပေါင်နှင့် ဆက်စပ်အဆောက်အအုံများ၏ ငလျင်ဘေးသင့် အခြေအနေများကို အသေးစိတ် ပြန်လည်စိစစ်တင်ပြကြရန်နှင့် ပြတ်ရွေ့အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့သည့် တာပေါင်နေရာများနှင့် ထိခိုက်ပျက်စီးခဲ့သည့် ဆက်စပ်အဆောက်အအုံများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်-မန္တလေးလမ်းဟောင်း၌ ဆေးလိုင်းရေးဆွဲနေမှုနှင့် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး (မန္တလေး - နေပြည်တော်လမ်းပိုင်း)ရှိ ထိခိုက်ပျက်စီးသွားသည့် လမ်း၊ တံတားများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၃၉၁/၀) မှ (၃၉၁/၁) (မြစ်ငယ်မြို့နှင့် မန္တလေးကြား)တွင် BOT စနစ်ဖြင့် လမ်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် သော်တာဝင်း ကုမ္ပဏီမှ Thermoplastic ဆေးလိုင်းရေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင်ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (မန္တလေး- နေပြည်တော်လမ်းပိုင်း)ရှိ အင်အားပြင်းငလျင်ကြောင့် ပြိုကျပျက်စီးသွားခဲ့သည့် မိုင်တိုင်အမှတ် (၃၅၈/၁) နှင့် (၃၅၈/၂) ကြားရှိ ဒုဋ္ဌဝတီတံတားကို ကြည့်ရှုပြီး မူလတံတားဟောင်းအစွန်းမှ ၁၀၅ ပေခွာ၍ ရေဆန်ဘက်တွင် လျာထားသည့် ဒုဋ္ဌဝတီတံတားသစ် လျာထားအူကြောင်းနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ စကားအင်းတိုးဂိတ် လမ်းအသုံးပြုခ ကောက်ခံနေမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တိုးဂိတ်အဆောက်အအုံအောက်ခြေ အုတ်ခုံပြင်ဆင်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၃၄၉/၅) ၌ လမ်းအနိမ့်အမြင့်ညှိ ကတ္တရာခင်းခြင်းလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အင်အားပြင်းငလျင်ဘေးဒဏ်ကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (၃၄၆/၀) နှင့် (၃၄၆/၁) ကြားရှိ သမင်လွှဲရိုးချောင်းတံတား၏ တံတားကမ်းကပ်ခုံနှင့် ရက်မများကြား ထိခိုက်ပျက်စီးနေမှုနှင့် တံတားပေါ်တွင် ယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သုံးလွှာတစ်ထပ် အရှည်ပေ ၅၀ ယာယီဘေလီတံတား တပ်ဆင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန်၊ အမြန်လမ်းမကြီးသည် နိုင်ငံတော်အတွက် အရေးပါသည့် လမ်းဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေးနှင့် ယာဉ်များအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကချင်ပြည်နယ် ပူတာအိုခရိုင်၌ မြန်မာအီလက်ထရောနစ် မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း ဖွင့်လှစ်

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်၌ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ပူတာအိုခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်က မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရေးနှင့်စပ်လျဉ်းပြီး သင်တန်းပို့ချခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် လိုက်နာ မှတ်သားပြီး ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချရာတွင် ရှင်းရှင်းလင်းလင်းနှင့်ထိရောက်စွာ ပို့ချဆောင်ရွက်နိုင်ရန်လိုကြောင်း၊ သို့မှသာ ရွေးကောက်ပွဲကာလ လက်တွေ့အသုံးပြုဆောင်ရွက်ရာတွင် အခက်အခဲ အမှားအယွင်းကင်းစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြု၍ မဲပေးခြင်းဖြင့် ပယ်မဲဖြစ်ပေါ်မှု မရှိခြင်း၊ မဲရေတွက်ခြင်းအတွက် အချိန်ကြန့်ကြာမှုများ၊ ကိန်းဂဏန်းလွဲမှားမှုများကိုကျော်လွှားပြီး အချိန်တိုအတွင်း တိကျမှန်ကန်သည့်မဲရလဒ်များ ထုတ်ပြန်ဆောင်ရွက်နိုင်မည်ဖြစ်၍ အငြင်းပွားဖွယ်ဖြစ်ရပ်များ၊ မဲမသမာမှုများလည်း မရှိနိုင်တော့ဘဲ ပိုမိုပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားပြီး မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) များ ယာယီထိန်းသိမ်းထားသိမည့်နေရာများသို့ သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ခန္တီးမြို့၌ ပလတ်စတစ်ကင်းစင်ရေးနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရေး လှုပ်ရှားမှုပြုလုပ်

ခန္တီး ဧပြီ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူး၍ ပလတ်စတစ်ကင်းစင်ရေးနှင့် အမှိုက်များစနစ်တကျစွန့်ပစ်ရေးတို့အတွက် ပလတ်စတစ်ကမ်ပိန်းကို ယနေ့နံနက် ၇ နာရီက ခန္တီးမြို့ဗိုလ်ချုပ်ကြေးရုပ်မှ ချင်းတွင်းတံတားချဉ်းကပ်လမ်းတစ်လျှောက်တွင် ဆောင်ရွက်သည်။

အဆိုပါ လှုပ်ရှားမှုတွင် ခန္တီးခရိုင်စီမံချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အဆင့်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း ၂၅၀ ခန့် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ကမ်းနားလမ်း ချင်းတွင်းမြစ်ကမ်းဘေးရှိကုန်တင်စက်လှေများ၊ ဈေးဆိုင်တန်းများတွင် အမှိုက်များ စနစ်တကျစွန့်ပစ်ရေးနှင့် ပလတ်စတစ်ကင်းစင်ရေးတို့အတွက် တာဝန်ရှိသူများက အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အေးခိုင်(ပြန်/ဆက်)**



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၃၀-၄-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၀၄၈။ | ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မီမီထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၁၀၀၄၉။ | ဦးဝင်းတင်နှင့်ဇနီး ဒေါ်အေးငြိမ်း၊ (သမီး)မဇွန်သစ်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၀၅၀။ | ကွယ်လွန်သူနှစ်ဖက်သောမိဘများအားရည်စူး၍ ဦးအံ့ကြီးမောင်နှင့်ဇနီး ဒေါ်စန်းယဉ်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၀၅၁။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးမြင့်သန်းနှင့်ဇနီး ဒေါ်မိမိအုန်း၊ (သားကြီး)မောင်ကျော်ဝဏ္ဏရှိန်၊ (သားငယ်)ဒေါက်တာနေလင်းရှိန်နှင့်ဇနီး ဒေါက်တာနှင်းလှဲ့ဦး၊ (သမီး)မတင်တင်အေးမိသားစုကောင်းမှု | ၁၂၀၀၀၀ |
| ၁၀၀၅၂။ | ဒုတိယဗိုလ်မှူးကြီးမောင်မောင်သက်(ငြိမ်း)နှင့်ဇနီး ဒေါ်ယဉ်ယဉ်မေ၊ သား ၊သမီး၊ မြေး တစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၀၅၃။ | ကိုသက်ဇော်လွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၅၄။ | ဒေါ်သန်းနွဲ့မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၅၅။ | ဦးကျော်အေးနှင့်ဇနီး ဒေါ်ခင်သိန်းမြင့်၊ (မြေး)မမေမြတ်ခင်ခင်၊ မသုမြတ်ယုဝါမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၅၆။ | ဦးဖုန်းမြင့်နှင့်ဇနီး ဒေါ်နီနီအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၅၇။ | ကွယ်လွန်သူမိခင်ကြီးဒေါ်အမာစိန်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၅၈။ | ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်ရီရီအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၅၉။ | ဦးအောင်နိုင်မြင့်နှင့်ဇနီး ဒေါ်သီတာညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၀။ | ဦးနေထွန်းလှိုင်နှင့်ဇနီး ဒေါ်ချောရူပါမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၁။ | ဦးခင်မောင်ရီနှင့်ဇနီး ဒေါ်ခင်စန်းမြင့်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၂။ | ဒေါ်စန်းစန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၃။ | ကွယ်လွန်သူဦးသန်းထွန်းအားရည်စူး၍ ဒေါ်တိုးရွှေစင်၊ (သမီး)မဖြူနှင်းထက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၄။ | ကိုဝင်းဇော်အေးနှင့်ဇနီး မဝင်းဝင်းဆွေ၊ (သား)မောင်ကောင်းဝင်းသန့်၊ မောင်ဉာဏ်ဝင်းသန့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၀၆၅။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးလှဝင်းနှင့်ဇနီး ဒေါ်ရွှေစင်၊ (သား)ဗိုလ်မှူးတင်ထူးနိုင်နှင့်ဇနီး ဒေါ်ဖြူဖြူခိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၆။ | ကွယ်လွန်သူဇနီးဒေါ်မြင့်မြင့်ကြည်နှင့် သားမောင်ဟိန်းဇော်ဦးတို့အားရည်စူး၍ ဦးစောသန်းဦး၊ သား၊ သမီး၊ မြေးများကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၇။ | ဦးလှဇော်နှင့်ဇနီး ဒေါ်ချိုလေးမာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၈။ | ဒေါ်သန်းစိန်၊ (သား)ဦးဝင်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၆၉။ | ကွယ်လွန်သူဦးတင်ဖေနှင့် ဒေါ်သန်းအေးတို့အား ရည်စူး၍ ဦးတင်ကိုကိုနိုင်၊ (သမီး)မယုမွန်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၇၀။ | ကွယ်လွန်သူဦးဇော်မျိုးဦးအားရည်စူး၍ ဒေါ်ခင်စန္ဒာထူး၊ (သမီး)မဆုရည်ထက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၇၁။ | ကွယ်လွန်သူဖခင်ကြီးဦးမျိုးမင်းထွန်းအားရည်စူး၍ ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ငယ်နီမျိုး၊ (သား)မောင်ကျော်ဇင်ဟိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၇၂။ | ကွယ်လွန်သူဦးသိန်းလှိုင်နှင့် ဒေါ်တင်မြင့်တို့အားရည်စူး၍ ဒေါ်စန်းစန်းလှိုင်၊ ဒေါ်ခင်အေးသန်းညီမနှစ်ဦးကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၇၃။ | ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်နန်းမြသိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၇၄။ | ဦးအောင်ကျော်ငြိမ်းနှင့်ဇနီး ဒေါ်အုန်းသန်း မိသားစုကောင်းမှု | ၈၀၀၀၀ |
| ၁၀၀၇၅။ | ဒေါ်တင်ကြည်မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၁၀၀၇၆။ | ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်မို့မို့ဝင်းမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၁၀၀၇၇။ | ဦးအောင်စည်ဟိန်းနှင့်ဇနီး ဒေါ်ထက်ထက်လွင်၊ (သမီး)မဂုဏ်ရည်ဝန်းရံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၇၈။ | ကိုဝင်းကိုနှင့်ဇနီး မစောသဲဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၇၉။ | ဦးငြိမ်းနှင့်ဇနီး ဒေါ်မြင့်စန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၀။ | ဦးနေဇော်နှင့်ဇနီး ဒေါ်ခိုင်ခိုင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၁။ | ဦးထွန်းဝေနှင့်ဇနီး ဒေါ်စန်းစန်းနု၊ (သမီး)မဝေဝေ မိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၀၈၂။ | ဦးနေဝင်းအောင်နှင့်ဇနီး ဒေါ်ကြည်ပြာထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၃။ | ဦးကံညွန့်နှင့်ဇနီး ဒေါ်နွဲ့ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၄။ | ဒေါ်အေးအေးသက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၅။ | ကွယ်လွန်သူမိခင်ကြီးဒေါ်အေးအေးမြင့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၆။ | ဦးညွန့်လွင်နှင့်ဇနီး ဒေါ်မိုးမိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၇။ | ဦးထက်မြတ်သူနှင့်ဇနီး ဒေါ်မျိုးမျိုးအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၈။ | ဦးဇေယျာလွင်နှင့်ဇနီး ဒေါ်လှလှဌေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၈၉။ | ဦးမြင့်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၀။ | ဦးသန်းတင့်ထူးနှင့်ဇနီး ဒေါ်မီမီကျော်၊ (သမီး)မကြည်ကြည်မြဖွေး၊ မလင်းလဲ့စင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၁။ | ကိုဝင်းထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၂။ | ဦးရဲရင့်ထွန်းနှင့်ဇနီး ဒေါ်စိုးစိုးစံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၃။ | ဒေါ်ခင်သန်းဝေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၄။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်စန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၅။ | ကွယ်လွန်သူဦးကျော်တင့်နှင့်(သား)မောင်မြင့်အောင်တို့အား ရည်စူး၍ ဒေါ်ခင်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၆။ | ဦးလှဌေးနှင့်ဇနီး ဒေါ်နန်းခမ်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၇။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးတင်ဦးနှင့်ဇနီး ဒေါ်အေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၈။ | ကိုအောင်စိုးဦးနှင့်ဇနီး မဇင်မာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၉၉။ | ဦးလှဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၀၀။ | ကိုရဲထက်စံနှင့်ဇနီး မနန်းအိအိမျိုး၊ (သား)မောင်ဖွဲ့ပြည့်စုံ၊ (သမီး)မဆုမြတ်ဘုန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၀၁။ | မောင်အောင်ဘုန်းမြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၀၂။ | မိဘများဖြစ်သောဦးမောင်မောင်ကြီးနှင့် ဒေါ်မိုးမိုးတို့အား အမှူးထား၍ သားသူရမောင်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၀၃။ | ဦးနိုင်ဝင်းနှင့်ဇနီး ဒေါ်ခင်သီတာထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ဝ၃၄၃ဝ၂ဝ၁၇ဝဝ၂၈၇ဝဝ၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ဝ၉-၆၆၄ဝဝဝဝ၄၁၊ ဝ၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ဝ၉-၄၂၉၇၂၂၅၄၈၊ ဝ၉-၂၅၅၈၂၅၂၁၆



**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး**


**မွေးသက္ကရာဇ်အမှန်**

ရန်ကုန်တိုင်း ဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ အဖ ဦးအောင်သန်း၏ သမီး ဒေါ်အေးနွဲ့ [၁၂/ထတပ(နိုင်) ၀၄၀၈၂၁]၏ မွေးသက္ကရာဇ် အမှန်မှာ (၁၃-၁၀-၁၉၅၇) ဖြစ်ပါကြောင်း။

**ပြင်ဆင်ဖတ်ရှုပါရန်**

၆-၄-၂၀၂၅ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာမင်္ဂလာတောင်ညွန့်မြို့နယ်၊ဒေါ်ဆတ်ဗီယာဘီ +၅၏ပိုင်ဆိုင်ကြောင်းမြေပုံကူးတွင် မြေတိုင်းရပ်ကွက်အမှတ်-၁၁ဝ၊မြေကွက်အမှတ်- V-၄၀၇ဟုအမှန်ဖတ်ရှုပါရန်။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်-၇၊ မြေကွက်တည်နေရာအမှတ်-၇၊ ရာဇဓိရာဇ်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်( ဦးအောင်မြင့်CA-၀၅၀၉၂၄)အမည်ပေါက်၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးအောင်မြင့်(CA-၀၅၀၉၂၄)မှ ဂရန်မူရင်းပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း ပျောက်ဆုံးသွားသည့်ဂရန်မူရင်းအားအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းထားခြင်း မရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ကတ်နှင့် ဦးအောင်မြင့်ထံမှ GPအမှတ်-၁၄၈၅၉/၂၇-၇-၂၀၂၃ဖြင့်ရရှိသူ ဒေါ်မြမြဝင်း[၁၂/ဥကတ(နိုင်)၀၄၅၁၀၀]မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအားပြန်လည်ရုပ်သိမ်း ခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် (၂)ထပ်ပျဉ်ထောင်(၁)လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ခြင်းမရှိဘဲ ကွင်းဆင်းစစ်ဆေးစဉ် အမည်ပေါက်ထံမှ GP ရရှိသူ ဒေါ်မြမြဝင်း က ကွင်းဆင်းပုံစံပေါ်တွင်လက်မှတ်ရေးထိုးပေးပါသဖြင့် ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊ မြေကွက်အမှတ် (၇/ဘီ)၊ အုတ်လမ်း၊ လမ်းဧရိယာ(ဝ.ဝ၇၅)ဧက၊ မြေဧရိယာ (ဝ.ဝ၁၉)ဧက၊ စုစုပေါင်းဧရိယာ (ဝ.ဝ၉၄)ဧကရှိ နှစ်(၆ဝ) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၁၉/ဘီ)၊ အုတ်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဦးသိန်းအောင်**[၁၂/လသန(နိုင်)ဝဝ၄၅၁၉]အမည်ပေါက်တည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသည့် (၁) **ဦးမောင်မောင်ထွန်း** [၁၂/ဒဂန(နိုင်)ဝဝ၈၄၉၆] နှင့် (၂) **ဒေါ်သူဇာလှိုင်** [၁၂/ဒဂန(နိုင်)ဝဝ၈၉၄၆]တို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်ထွန်း နှင့် ဒေါ်သူဇာလှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို(LL.B)** **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** **အထက်တန်းရှေ့နေ(စဉ်-၂၆၄ဝ၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-ဝ၉၂၅ဝ၆၈၅၇၁၇၊ ဝ၉-၇၉၇၆၄ဝ၆၁၆၊ ဝ၉-၅ဝ၇၉၉၇၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂ဝ)
## သဃ်န်းကျွန်းခရိုင်တရားရုံး
## ၂ဝ၂၅ ခုနှစ် တရားမကြီးမှုအမှတ် - ၈၃

| | | |
|---|---|---|
| ၁။ ဦးအောင်မြင့်ထွေး | နှင့် | ၁။ ဒေါ်ခင်ရဲမြင့် |
| ၂။ ဒေါ်ပပအေးကျော် (ကိုယ်တိုင်နှင့်(၁)တရားလို၏ အခွင့်ရကိုယ်စားလှယ်) | | ၂။ ဒေါ်ခင်မေမြင့် |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မိချောင်းကန်အပိုင်း (၃) ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ်- ၂၁(က)နေ (ယခုနေရပ်လိပ်စာမသိ)သူ တရားပြိုင်များဖြစ်သော ဒေါ်ခင်ရဲမြင့်နှင့် ဒေါ်ခင်မေမြင့်တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂ဝ၂၅ ခုနှစ်၊ မေလ (၁၃)ရက်၊ (၁၃၈၇ ခုနှစ်၊ ကဆုန်လဆုတ် ၂ ရက်နေ့) မွန်းမတည့်မီ (၁ဝ:ဝဝ)နာရီအချိန်တွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂ဝ၂၅ ခုနှစ်၊ ဧပြီလ (၂၉)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်လင်းမောင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁ဝ H3)ရပ်ကွက်၊ မြေကွက်အမှတ် (III ၁၇)၊ ဧရိယာ (ဝ.ဝ၃၃)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၇၆၊ (၄၅)လမ်း၊ (၁ဝ)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ နှစ်(၉ဝ) မြေငှား ဂရန် (သက်ကုန်) မြေ၊ အမည်ပေါက် ဒေါ်ကင်အိန်း [၃/ကကရ(နိုင်) ဝ၁၃၉ဝ၅]၊ (ဘီပီ-ဝ၂၅၅၂ဝ) မြေအား မြေအမည်ပေါက် မိခင်/ယောကျ်ားမ ဖြစ်သူ ဒေါ်ကင်အိန်း (ခ) ဒေါ်ကင်အိမ်းသည် (၁၉-၁ဝ-၂ဝ၁၅)ရက်နေ့တွင် လည်းကောင်း၊ ဖခင်/ယောကျ်ားထီး ဖြစ်သူ ဦးရော်ကျန်းသည် (၂၂-၅-၂ဝဝ၅) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ကွယ်လွန်သူမိဘ (၂)ပါးတွင် သားသမီးအရင်းများအဖြစ် ဦးမျိုးနိုင်(ခ)ဝမ်ဟိုး [၃/ကကရ(နိုင်) ဝ၁၃၉ဝ၄]၊ ဦးမျိုးလွင်၊ ဒေါ်စန်းစန်းမြင့် [၃/ကကရ(နိုင်)ဝ၁၃၉ဝဝ]၊ ဦးမျိုးညွန့် [၃/ကကရ(နိုင်)ဝ၁၃၉ဝ၁]၊ ဒေါ်စန်းစန်းအေး (ခ)ဒေါ်စန်းစန်းခင် [၃/ကကရ(နိုင်)ဝ၁၃၉ဝ၂]နှင့် ဦးမျိုးသန့် [၃/ကကရ (နိုင်) ဝ၁၃၉ဝ၃]တို့ (၆)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ကြောင်း၊ အခြားသော သားသမီး မွေးချင်း တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အမွေစားအမွေခံကိတ္တိမသား သမီးများလည်း မွေးစားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ အဆိုပါ မောင်နှမ (၆)ဦးအနက်မှ ဦးမျိုးလွင်သည် (၁-၈-၂ဝ၂၁)ရက်နေ့တွင် ကွယ်လွန်ပြီး၊ ကွယ်လွန်သူ ဦးမျိုးလွင်တွင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်ရင်ငွေး [၁ဝ/မလမ (နိုင်)၁၁ဝ၅၉၆] တစ်ဦးတည်းသာကျန်ရှိပါကြောင်း၊ အခြားသောဇနီး/မိန်းမ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အမည်ပေါက် ဒေါ်ကင်အိန်း၊ ဦးရော်ကျန်းနှင့် ဦးမျိုးလွင်တို့ အသီးသီးကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျန်ရစ်သူ သားသမီးအရင်းများ ဖြစ်ကြသော ကျမ်းကျိန်ဆိုသူ မောင်နှမ (၅)ဦးနှင့် ချွေးမဖြစ်သူတို့မှသာလျှင် မိမိတို့၏ ပိုင်ဆိုင်ခွင့်အစု အသီးသီးအား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ဦးမျိုးနိုင်(ခ)ဝမ်ဟိုး၊ ဒေါ်စန်းစန်းမြင့်၊ ဦးမျိုးညွန့်၊ ဒေါ်စန်းစန်းအေး(ခ)ဒေါ်စန်းစန်းခင်၊ ဦးမျိုးသန့်နှင့် ဒေါ်ရင်ငွေးတို့ ကျိန်ဆိုထားသည့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ဦးရော်ကျန်း၊ ဒေါ်ကင်အိမ်းနှင့် ဦးမျိုးလွင်တို့၏ သေဆုံးမှုလက်မှတ်၊ နှစ်(၉ဝ) မြေငှားစာချုပ်(ဂရန်) အမည်ပေါက် အရောင်းအဝယ်စာချုပ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် မြေခွန်ပြေစာတို့တင်ပြရန် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဟဂ်ျခရီးစဉ်ဝန်ဆောင်မှု တင်ဒါခေါ်ယူခြင်း

၁။ ၂ဝ၂၅ ခုနှစ်၊ ဟဂ်ျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာ စိစစ်ရေးအဖွဲ့မှ မြန်မာနိုင်ငံ ဟဂ်ျခွဲတမ်း ၃၅ဝ ဦးအတွက် ဟဂ်ျခရီးစဉ်ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်မည့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားပြီး မြန်မာနိုင်ငံဆိုင်ရာဆော်ဒီအာရေးဗီးယားနိုင်ငံသံရုံး အသိအမှတ်ပြု (မော်နာဇင်ကတ်) ရရှိထားသည့် ခရီးသွားကုမ္ပဏီများ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ဝ၉-၂ဝ၃၈၅၆၃ တွင်လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးရုံး(အမှတ်-၁၈၄၊ ၃ လွှာ၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-ဝ၁-၃၈၈၁၄၆)တွင်လည်းကောင်း၊၁-၅-၂ဝ၂၅ ရက်နေ့မှ ၄-၅-၂ဝ၂၅ ရက်နေ့အထိ ရုံးချိန်အတွင်းထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများကို ပြည့်စုံစွာဖြည့်စွက်ပြီး ချိပ်ပိတ်၍ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ (ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့) တွင်၅-၅-၂ဝ၂၅ ရက်နေ့ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတိတိ နောက်ဆုံးထားတင်သွင်းရပါမည်။

၄။ ယင်းနေ့ ၁၄:ဝဝ အချိန် (မွန်းလွဲ ၂ နာရီ)တိတိ၌ အစည်းအဝေးခန်းမ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် တင်ဒါတင်သွင်းသူများ၏ ရှေ့မှောက်၌ တင်ဒါဖွင့်လှစ် စိစစ်ရွေးချယ်ပြီး တင်ဒါအောင်သူကို အတည်ပြုမည် ဖြစ်ပါသည်။

၅။ ၂ဝ၂၅ ခုနှစ်၊ ဟဂ်ျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာ စိစစ်ရေးအဖွဲ့၏ စိစစ်ရွေးချယ်မှုသည် အပြီးသတ်အဆုံးအဖြတ်ဖြစ်ပါသည်။ (သတ်မှတ်အချိန်ကျော်လွန်မှတင်သွင်းသော တင်ဒါများနှင့် သတ်မှတ် စည်းကမ်းချက်များနှင့် ညီညွတ်ပြည့်စုံမှုမရှိသောတင်ဒါများကို လက်ခံရွေးချယ်မည်မဟုတ်ပါ)

**၂ဝ၂၅ ခုနှစ်၊ ဟဂ်ျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာ စိစစ်ရေးအဖွဲ့**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၁၈၇၈) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ (၁၄-၉-၂ဝ၁၅) ရက်စွဲပါ မြေငှားစာချုပ်အမှတ် (ဒဂဆက/ဂရက/၆ဝ၁/၁၅)အရ တရားဝင်ချထားပေးခဲ့သော ဧရိယာ(ဝ.ဝ၅၅)ဧက၊ (အလျား ၄ဝပေx အနံ ၆ဝပေ) စတုရန်းပေ (၂၄ဝဝ)ရှိသော ဒေါ်ဝင်းမိုးသိန်း [၉/မမန(နိုင်)ဝ၈၇၈၆၂] အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆ဝ) ဂရန်မြေကွက်အား တရားဝင်စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ဒေါ်ဝင်းမိုးသိန်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်အေး [၁၃/လရန(နိုင်)ဝ၃ဝ၂၅ဝ]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်သူများမရှိပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁ဝ၅၄၈)**
**အမှတ်-၁၄၅၊ (ပ-ထပ်)၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-421159107**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆/ဒီ)၊ မြေကွက်အမှတ် (၂၆-အေ) (၁၁/၁)၊ ဧရိယာ(ဝ.၂၁၁)ဧကရှိ လူနေရပ်ကွက်အမှတ် (၁ဝ)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၁၃၁/B-1) ဟုခေါ်တွင်သော မြေပိုင်မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရီရီဝင်း [၁၂/မရက(နိုင်)ဝဝ၇ဝ၁၅]က ရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းမြအေး (LL.B) (D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၃ဝ၂၈၅)**
**အမှတ် (၁၁၇၇)၊ အောင်ဇေယျလမ်း၊ (၅၅) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဝ၉-၇၈၁ဝ၄၁၄၉၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈/D၊ ကျွန်းရွှေမြိုင်(၆)လမ်း၊ မြေကွက်အမှတ်(၁ဝ၉၁)ဟုခေါ်တွင်သည့် အကျယ်(၄၃x၆ဝ)ပေရှိ ဒေါ်ရွှေပု အမည်ပေါက်သည့် နှစ်(၆ဝ) ဂရန်မြေကွက်အနက်မှ (ခေါင်းရင်းခြမ်း)၊ ဧရိယာ(၂၃'x၆ဝ') (၁၃၈ဝ)စတုရန်းပေရှိ မြေကွက်နှင့်တကွ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းထွန်းလင်း [၁၂/ဒဂတ(နိုင်)ဝ၆၄၈၆၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ (၁) ဒေါ်ငြိမ်းအိဖြူ [၁၂/ဆကန(နိုင်)ဝဝ၂၂ဝ၄]၊ (၂) ဒေါ်သန္တာဖြူ [၁၂/ဆကန(နိုင်)ဝဝ၂၂၆၈]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထူးထူးရင် (LLB, L.L.M) (Credit) တရားလွှတ်တော်ရှေ့နေ (စဉ်-၈ဝ၂၄)**
**တာဝါဘီ၊ အခန်းအမှတ်(၄ဝ၁)၊ လမ်း(၅ဝ)ကွန်ဒို၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-ဝ၉-၅ဝ၂၇၁၂၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ယုဇနလမ်းသွယ် (၂)၊ အမှတ် (၂၇)နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကြီးမြင့်နှင့် ဒေါ်လှလှဝင်းတို့၏သား ကိုဝင်းဇော်မြင့် [၁၂/သလန(နိုင်)ဝ၇၈၆၆၂]သည် မိဘတို့၏ ပြောဆိုဆုံးမမှုကို မနာခံသည့်အပြင် ၎င်း၏ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်း၏ သက်ဆိုင်သောကိစ္စအဝဝကို မိဘများကတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးတင်ထွန်း B.A. (Law), LL.B** | **ဒေါ်တင်အေး B.A., HGP, R.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၂၃ဝ၉/၆-၁၂-၁၉၈၂)** | **(စဉ်-၇၄၈၁/၁၅-၅-၂ဝဝ၇)** |

**အမှတ် (၃)၊ ကြံ့ခိုင်ရေးလမ်း၊ မြို့သစ်အနောက်ရပ်ကွက်၊ သန်လျင်မြို့။**
**ဝ၉-၅၁၄၄ဝ၆၇၊ ဝ၉-၅၁၄၃၆၄၄၊ ဝ၉-၄၂၁၁၄၄၄၃၂**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂ဝ၂၅ ခုနှစ်၊ မေလ(၂)ရက် (သောကြာနေ့)ညတွင် အများပြည်သူ အပန်းပြေ/စိတ်ချမ်းမြေ့စေရန်နှင့် စိတ်ခွန်အားဖြစ်စေရန်အတွက် ခေတ်ပေါ်စတီရီယိုတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **"လောကကိုအလှဆင်မယ်"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်-

(၂-၅-၂ဝ၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "လောကကိုအလှဆင်မယ်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁ဝ)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သင့်အတွက်မနက်ဖြန် | ပြင်ပအဆိုရှင် |
| ၂။ | ကောင်းကင်ပြာ | ဌာနအဆိုရှင် |
| ၃။ | ဖြေသိမ့်လိုက် | ပြင်ပအဆိုရှင် |
| ၄။ | လောကကိုအလှဆင်မယ် | ပြင်ပအဆိုရှင် |
| ၅။ | အဖြူရောင် | တူယှဉ်နွှဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၆။ | ထာဝရခရီးသည် | ပြင်ပအဆိုရှင် |
| ၇။ | စိတ်မညစ်နဲ့ | ပြင်ပအဆိုရှင် |
| ၈။ | ဖွဲ့မလျော့နဲ့ | ပြင်ပအဆိုရှင် |
| ၉။ | အဆုံးမဲ့လွင်ပြင် | ပြင်ပအဆိုရှင် |
| ၁ဝ။ | နေရောင်အောက်ကအသက်ရှူသံများ | ဌာနအဆိုရှင် |

## ဒေါ်သန်းတင် (CF - ဝ၂၃ဝ၂၃)(ဘ - ဦးပြားကြီး) သိရှိစေရန်

လူကြီးမင်းအမည်ပေါက်ပိုင်ဆိုင်သောရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊(က)ရပ်ကွက်၊ နွယ်သာကီ(၂)လမ်း၊အမှတ်(၆၅၂/က )ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(က)၊မြေကွက်အမှတ် (၆၅၂ ၃/၁)၊ ဧရိယာ(၁၂ဝဝ) စတုရန်းပေ၊ (အလျား၂ဝပေx အနံ၆ဝပေ)ရှိ နှစ်(၆ဝ)မြေငှားဂရန် မြေအမျိုးအစား မြေကွက် နှင့် အိမ်အပါအဝင်ဆက်နွယ် တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမော်[၅/ရဘန(နိုင်)ဝ၆၄၁ဝ၄]မှ အရောင်းအဝယ်အရပ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အဆိုပါ မြေကွက်နှင့်အိမ်အား ၎င်း၏အမည်ပေါက်ပြောင်းလဲရန်အတွက် တရားဝင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်လိုအပ်လာပါသဖြင့် လူကြီးမင်းမှ ဤကြေညာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်ရက်တွင် လူကြီးမင်းမှ လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများတိုင်း တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်၁၂၉၇ /အေးဇာတိဂုဏ်လမ်း၊မေတ္တာညွန့်ရပ်ကွက်၊တာမွေမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-ဝ၉-၄၂ဝဝ၅၇၄၉၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၁)၊ ထိပ်တင်အမှတ် (၃)လမ်းနှင့် သခင်ခင်ဇော်လမ်းထောင့်၊ မြေကွက်အမှတ်(၅၅)ဟု ခေါ်တွင်သော အကျယ်အဝန်း(၄၁x၆ဝ)ပေရှိ နှစ်(၆ဝ) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှခိုင်[၁၂/ဥကမ(နိုင်)ဝဝ၇၈၄၂]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်သန်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁ဝ၇၆၆)**
**ဖုန်း- ဝ၉-၄၅၄၁၅၃၄၇၄**

**အားကစားမြှင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်**

**မူးယစ်ဆေး**

**ဦးခင်တင့်(ခ)ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၃၉၃၀၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၃

ကမ္ဘောဇဘဏ်လီမိတက် (တောင်ဥက္ကလာပဘဏ်ခွဲ) (၎င်း၏ကိုယ်စား ဘဏ်မှ တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ဥမ္မာဝင်း Assistant Manager) — **တရားလို**

နှင့်

ဦးကျော်ဇေလတ် — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းကတိုးလမ်း၊ အမှတ်-၅၇ ရပ်နေ တရားပြိုင် ဦးကျော်ဇေလတ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဘဏ်က "UPI Credit Card သုံးစွဲမှုအတွက် ဘဏ်သို့ ပေးဆပ်ရမည့်ငွေကျပ် ၅၀,၉၀၀,၉၈၁.၀၄/- (ငွေကျပ်သိန်းငါးရာကိုးသိန်းကိုးရာရှစ်ဆယ့်တစ်ကျပ်လေးပြားတိတိ)ရလိုမှု" ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဥ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မေလ ၉ ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်)နေ့ မွန်းမတည့်မီ (၁၀း၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ် ၊ ဧပြီလ (၂၈) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင့်တင့်ဌေး)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## Fresenius Medical Care Myanmar Company Limited
## (Company Registration No. 110290063)
## Notice of Special Resolution
## For Members' Voluntary Winding-up
## Pursuant to Section 147(a) and Section 152 (a) of the Insolvency Law

1. In accordance with the Special Meeting passed unanimously by the Shareholders of the Fresenius Medical Care Myanmar Company Limited (the "Company") on 30th April 2025, it has been resolved that the Company will be wound up by way of Members' Voluntary Winding up under Section 147(a) of the Insolvency Law 2020, and U Min Thein (Advocate) (MAIP Membership number – 00137) has been appointed as Liquidator of the Company under Section152(a) of the Insolvency Law 2020.
2. Therefore, all persons who are claiming to be creditors of the Company are hereby notified to submit details of any claims they have against the Company, together with the necessary supporting documentary evidence in relation to such claims, to the Liquidator at the address mentioned hereunder within 1 month from the date of the notice.
3. All persons who are debtors of the Company are also hereby notified to pay or settle any debts owed to the Company to the Liquidator at the address mentioned hereunder within 1 month from the date of the notice.

**U Min Thein**
**Liquidator**
**Junction City Tower, No.3A Bogyoke Aung San Road, Level 13, Unit 13–04, Pabedan Township, Yangon**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာမြို့နယ်၊ Bright Top-Star ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade 1 တွင် ပညာသင်ကြားနေသော အဖ ဦးအေးခိုင် [၁၄/ဇလန(နိုင်) ၁၁၀၄၇၉]၏ သမီး မရွှေရတီဦးအား မရွှေရတီမျိုးဆက်ဟု ပြောင်းလဲခေါ်ပါရန်။

**မရွှေရတီမျိုးဆက်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကြည်စော [၁၂/ဥကမ(နိုင်)၀၀၇၃၆၈] ပိုင်ဆိုင်သော ကားနံပါတ် (AA/9794)၏ C.N.G gasစာအုပ် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ်အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။

**ဖုန်း-၀၉-၅၀၈၈၆၁၄၊**
**၀၉-၉၅၄၀၈၅၈၈၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၀)၊ မြေကွက်အမှတ်(၁၇၁၀)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးသန်းဦးအမည်ပေါက် မြေချပါမစ်အမျိုးအစား၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့် ဒေါ်နော်စေးစေးဖေါ[၁၂/ရကန(နိုင်)၀၆၉၆၈၄]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းအိအိဖြူ[၁၂/ဒဂတ(နိုင်)၀၄၆၃၅၃]မှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ အပြီးသတ်စာချုပ်ချုပ်ဆိုမည့်(၁၃-၅-၂၀၂၅)ရက်နေ့မတိုင်မီ ကြားကာလအတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နှင်းအိအိဖြူ** | **ဒေါ်သန္တာထွန်း (LL.B)** |
| **[၁၂/ဒဂတ(နိုင်)၀၄၆၃၅၃]** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ်(၁၆၀)၊ စိန်ပန်းမြိုင်လမ်း၊** | **(စဥ်-၁၅၂၆၅/၂၇-၁၂-၂၀၁၈)** |
| **(၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်** | **အမှတ်(၆၃၀/က)၊ နဝရတ်ကိုးသွယ်** |
| **(တောင်ပိုင်း)မြို့နယ်။** | **လမ်း၊ (၅၆)ရပ်ကွက်၊ ဒဂုံမြို့သစ်** |
| | **(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း** |
| | **ဒေသကြီး။ ဖုန်း-၀၉-၄၅၁၅၅၆၉၀၄** |

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၇)၊ ဗိုလ်ရာညွှန့်လမ်း၊ မြေကွက်အမှတ်(၆၂)၊ ဦးသောင်းလင်းအမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော အကျယ်ပေ(၄၀x၆၀)ရှိ မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း အကျယ်ပေ(၂၀x၆၀)ဧရိယာ (၀.၀၂၇)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံပါလူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ ၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ ဒေါ်သွယ်သွယ်ငြိမ်း [၁၂/ရပသ(နိုင်)၀၉၁၉၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းအိဖြူ [၁၀/ပမန(နိုင်)၁၃၅၀၄၉] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့်မည်သူမဆိုဤ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၉၂၇၄)**
**အမှတ်-(၉၃)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၃၆၄၄၅၁၇**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (မြို့သစ်)၊ မြေကွက်အမှတ်(၁၈)၊ ဇေယျာသီရိလမ်း၊ အမှတ်(၁၈)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တိုက်ခန်းများထဲမှ ပထမထပ်၊ (၂)လွှာ၊ တိုက်ကိုမျက်နှာမူလျှင် (ညာဘက်ခြမ်း)(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (အလျား ၁၂ ပေခွဲ xအနံ ၄၇ ပေ) ရှိ တိုက်ခန်းနှင့် ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးစိုးသိန်း [၁၂/ဒပန(နိုင်)၀၄၁၉၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စန္ဒာလွင် [၁၂/သကတ(နိုင်)၀၀၀၅၈၅] မှ (၂၇- ၄- ၂၀၂၅) ရက်နေ့တွင် ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ဌေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၁၁၈၁၈၂၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ ဟံသာဝတီအိမ်ရာ၊ တိုက်အမှတ်(၅/ဘီ)၊ အခန်းအမှတ်(၁၀၄)ဟုခေါ်တွင်သည့်တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်ကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ထက်ထက်ပိုင် [၁၂/သဃက(နိုင်)၁၆၃၄၀၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးခွန်မောင်ဝမ်း[၁၂/ရကန(နိုင်)၀၆၆၁၃၇]နှင့် ဒေါ်နန်းစုစုအောင်[၁၃/တကန(နိုင်)၁၉၅၁၄၀]တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B , M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၃၁၆၃၄၀၅၊**

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## စက်ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ် အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်း အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည် -

| | | |
|---|---|---|
| (က) | MRTV Radio Playout Automation System အား နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း (Service Level Agreement) | 1 Lot |
| (ခ) | Presentation I,II,III & IV ရှိ HD Playout System အား နှစ်စဉ် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း(Service Level Agreement) | 1 Lot |
| (ဂ) | AVI West ၏ Hardware နှင့် Software ပိုင်းဆိုင်ရာများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း (Service Level Agreement) | 1 Lot |
| (ဃ) | MRTV Archiving System များအတွက် Service Level Agreementနှင့် Upgrading လုပ်ငန်းများဆောင်ရွက်ခြင်း | 1 Lot |
| (င) | တပ်ကုန်း(ရုံးချုပ်)ရှိ Aircon System (Ton 250 Chiller)အသစ်ဝယ်ယူတပ်ဆင်ခြင်း | 1 Lot |
| (စ) | ရန်ကုန်ရှိ Aircon System (125 Ton Chiller) အသစ်ဝယ်ယူတပ်ဆင်ခြင်း | 1 Lot |
| (ဆ) | Direct to Home Network(DTH) စနစ်ကို Nationwide အနေဖြင့် ကြည့်ရှုနိုင်ရန် လိုအပ်သော စက်ပစ္စည်းများ | 1 Lot |
| (ဇ) | Convergence News Room System အား Upgrading ပြုလုပ်ခြင်း | 1 Lot |
| (ဈ) | Main Building တွင် Chiller Water System FCU Replacement နှင့် Duct Line များ ပြုပြင်ခြင်း | 1 Lot |
| (ည) | ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ | 22 Items |
| (ဋ) | ရုံးလုပ်ငန်းသုံးပစ္စည်းများ | 4 Items |
| (ဌ) | တီးဝိုင်းလုပ်ငန်းသုံးပစ္စည်းများ | 2 Items |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၅ -၅-၂၀၂၅)ရက်နေ့မှ (၂၂-၅-၂၀၂၅) ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် အမှတ်စဉ်(က၊ ခ၊ ဃ၊ စ၊ ဈ၊ ဋ) တင်ဒါဖောင်(၆)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၁၀,၀၀၀/- နှုန်းဖြင့် လည်းကောင်း၊ အမှတ်စဉ်(ဂ၊ဌ) တင်ဒါဖောင်(၂)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၂,၀၀၀/- နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(င၊ဆ) တင်ဒါဖောင်(၂)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၁၅,၀၀၀/- နှုန်းဖြင့် လည်းကောင်း၊ အမှတ်စဉ်(ဇ၊ ည) တင်ဒါဖောင်(၂)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၃၀,၀၀၀/- နှုန်းဖြင့်လည်းကောင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလာရောက်တင်သွင်းရာတွင် နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို သီးခြားစီခွဲ၍ (၂၆-၅-၂၀၂၅) ရက်နေ့ နံနက်(၉:၃၀)နာရီမှ ညနေ(၁၆:၀၀)နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)သို့ လာရောက်ပေးသွင်းကြရန် ဖြစ်ပါသည်။ သတ်မှတ်ကာလ ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်း မည့်ပစ္စည်းတန်ဖိုး ၁% အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ PG(Performance Bank Guarantee)ပြုလုပ်၍ ပေးသွင်းရမည် ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း၊ ၀၆၇-၈၀၇၉၁၃၅၊ ၀၆၇-၈၀၇၉၄၁၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်နှင့် တင်ဒါတင်သွင်းရန်လိပ်စာ**
**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**နေပြည်တော်(တပ်ကုန်း)**
**ဖုန်း-၀၆၇-၈၀၇၉၁၃၅၊ ၀၆၇-၈၀၇၉၄၁၁**

## အရွယ်မရောက်သေးသူ၏ အမွေဝေစုအား ရောင်းချခွင့်ပြုနိုင်ပါရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၂၉)
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၁၆

ဒေါ်ခိုင်ချိုချိုဇော် ------------------- လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ(၁၇)အရှေ့လမ်း၊ အမှတ်-၃၉နေ အရွယ်မရောက်သေးသူ မောင်ဉာဏ်လင်းဇော် ရပိုင်ခွင့်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၂၊ မြေကွက်အမှတ်- ၂၂၊ အကျယ်အဝန်း(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ပင်လုံလမ်း၊ မြေကွက်အမှတ်-၂၂၊ အိမ်အမှတ်-၁၅၂ဟု ခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အနက်မှ အမွေဝေစုကို ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ (၁၇)အရှေ့လမ်း၊ အမှတ်-၃၉ နေ ဒေါ်ခိုင်ချိုချိုဇော် ( အရွယ်မရောက်သေးသူ၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းခွင့်လက်မှတ်ရရှိသူ)က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ၏ အမွေဝေစုအား ရောင်းချခွင့်ပြုပါရန် လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထား ခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၅ ခုနှစ်၊ မေလ ၇ ရက် (၁၃၈၇ ခု၊ ကဆုန်လဆန်း ၁၁ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုလိုက်သည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ( ၂၃ ) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အုန်းရီမြင့်)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၆၁)၊ မြေကွက်အမှတ်(၁၇၀၀+၁၇၀၁)၊ အကျယ်အဝန်း (၈၀ပေx၆၀ပေ)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်အပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့မှာ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြမြေယာနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသန်းဦး(ခ) စောင်းသန်းဦးမောင်(EME.၁၂၅၁၉၄)၏ အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါ မြေကွက်အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်ထွေး[၁၀/ကမရ (နိုင်)၀၁၆၈၅၇]က မိမိတစ်ဦးတည်းသာဥပဒေနှင့်အညီ လက်ရှိထားကာပိုင်ဆိုင် ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိ ကြောင်းဝန်ခံအဆိုပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသော ကြောင့် အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှအချို့ကို စရန်ငွေ အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါ မြေကွက်အား အရောင်း အဝယ် ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်မောင်ရှင်(LL.B, DBL, DIL, DML)အထက်တန်းရှေ့နေ(စဉ်-၃၈၈၈၆)**
**အမှတ်-၅၆၇၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၇၈၅၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၄/ဘ၀မြင့်(မလိခအိမ်ရာ)၊ မြေကွက်အမှတ်(၁၄၈/ခ)၊ ဧရိယာ(၀.၀၅၅) ဧကရှိ နှစ်(၆၀)ဂရန် မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော် မတီ၊ မြို့ပြမြေယာနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသက်ဝေဖြိုး[၁၀/သထန(နိုင်) ၁၂၁၉၈၆]၏ အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်အား အမည်ပေါက် ပိုင်ရှင် ဦးသက်ဝေဖြိုးက မိမိတစ်ဦးတည်းသာ ဥပဒေနှင့်အညီ လက်ရှိထားကာ ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိ ကြောင်းဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ အချို့ကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါမြေကွက်နှင့် အဆောက်အဦးအား အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်း အထောက် အထား(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည်အထိဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမြတ်မောင်ရှင်(LL.B, DBL, DIL, DML)အထက်တန်းရှေ့နေ(စဉ်-၃၈၈၈၆)**
**အမှတ်-၅၆၇၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၇၈၅၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(ရန်ကုန်စက်မှုဇုန်)၊ မြေကွက်အမှတ်(၁၅၇)၊ ဧရိယာ(၃.၁၈၂)ဧကရှိ နှစ်(၆၀)ဂရန် မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံ စားခွင့်အရပ်ရပ်အားလုံးတို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်စန်းကြူ(ခ)ကြူတဲ့ဖုံ [၉/မနတ(နိုင်) ၀၃၃၂၂၇]၏ အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်အား အမည်ပေါက် ပိုင်ရှင် ဒေါ်စန်းကြူ(ခ)ကြူတဲ့ဖုံက မိမိတစ်ဦးတည်းသာ ဥပဒေနှင့်အညီ လက်ရှိထား ကာ ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိ ကြောင်းဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ အချို့ကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါ မြေကွက် အား အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံး သည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်မောင်ရှင်(LL.B, DBL, DIL, DML)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၈၈၆)**
**အမှတ်-၅၆၇၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၇၈၅၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့၄-ရပ်ကွက်၊ ရွှေဂန့်ဂေါ်လမ်း၊ [ကဖ-၁၈]၊ ဗိုလ်မှူးဘုန်းမြင့်(ကြည်း၆၇၃၅)၊ အမှတ်စဉ်(၀၆၄၉) အမည်ပေါက် စလစ်မြေကို ဦးမျိုးမင်းဇော်[၁၄/ဇလန(နိုင်)၀၈၄၁၇၆]မှ ဆက်စပ်စာချုပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းမြေကွက်ကို ကျွန်မဒေါ်ခင်အေးကြိုင်မှ ဝယ်ယူရန် အရောင်းတန်ဖိုး၏ ငွေတချို့ကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သက်ဆိုင်သူမည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါပြီး (၇)ရက် အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဆက်လက်အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဝယ်ယူသူ**
**ဒေါ်ခင်အေးကြိုင်**
**[၁၂/အလန(နိုင်)၀၀၀၀၇၀]**
**အမှတ်-၁၅၄D၊ ဒုတိယသီရိရိပ်သာ၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၀၈၄၉၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ယဉ်လှိုင်[၁၄/ဂခမ(နိုင်)၁၄၅၁၉၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာသည်မှာ-ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ ရင်ခွင်သစ်လမ်း၊ မြေကွက်အမှတ်(၁၅၄၉)၊ အကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀) ပေရှိ ဦးညွန့်ဝေ အမည်ပေါက် ပါမစ်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဒေါ်ယဉ်ယဉ် ထွေး [၁၂/သဃက(နိုင်)၁၆၆၂၄၀]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ အဝက်ကို ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၅)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက် စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ ရက်ကျော်လွန်ပြီး ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မြင့်မြင့်မော် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၆၄)**
**အမှတ်-၁၆၇၈/ခ၊ နတ်သျှင်နောင်လမ်း၊ (၅၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-450017846**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ဆရာစံလမ်း၊ ပိတောက်ရိပ်မွန် အိမ်ရာ၊ တိုက်အမှတ်(၄)၊ အခန်းအမှတ်(၁၀၂) ကို ဌာနနှင့်အကျိုးတူ ဆောင်ရွက်သော Service International Co.,Ltd ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ဇင်သူဇာအောင် [၇/ဒရန(နိုင်) ၀၂၄၁၄၆]က ၎င်းအမည်ဖြင့် ပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက် လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင် ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ဆရာစံလမ်း၊ ပိတောက်ရိပ်မွန် အိမ်ရာ၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၁၀၄) ကို ဌာနနှင့်အကျိုးတူ ဆောင်ရွက်သော Service International Co.,Ltd ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်မြဖြူဇာခြည် [၁၄/ဂခမ(နိုင်) ၀၅၅၉၃၄]က ၎င်းအမည်ဖြင့် ပိုင်ဆိုင် ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက် လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင် ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာ၊ ရတနာမြိုင် လမ်း၊ အမှတ်(၅၂၃)မြေကွက်အနက်မှ (၂၅ပေx၁၁၀ပေ) မြေကွက်နှင့် နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်စိန်[၁၂/သကတ(နိုင်)၁၈၆၆၇၄]ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးကိုကို [၁၂/မဂတ(နိုင်)၀၃၁၇၆၈]၊ ဒေါ်အေးအေးမြင့်[၁၂/မဂတ(နိုင်)၀၁၅၄၈၃]တို့က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက် လိုပါက (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက် စာတမ်း မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်မြတ်ချို (LL.B, DBL, DML, DIL, DIPL, DIR, DSW)**
**တရားလွှတ်တော်ရှေ့နေ (စဉ်/၁၀၀၅၆)**
**အမှတ်(၉/၁၁)၊ အခန်း(၁၀၃/စီ)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၃၂၆၇၉၄၀**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ဂျီ၊ မြေကွက်အမှတ်-၇၀/သ/၃၊ မြေဧရိယာ(၀.၀၅၀) ဧက၊ (အလျား ၈၁ပေ/ ၆၇ပေ၆လက်မ x အနံ ၃၅ပေ ၆လက်မ/၂၈ပေ)အကျယ် အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၇၀/သ/၃၊ ငွေဝတ်မှုံရိပ်သာ၊ ရွှေတောင်ကြား( ၁ )ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အဆောက်အဦ (၁)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေ စီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဗဟန်းမြို့နယ်၊ တက္ကသိုလ် ရိပ်သာလမ်းသစ်၊ အေးရိပ်သာ(၁)လမ်း၊ အမှတ်-၇၅/စီ တွင် နေထိုင်သူ ဦးဇော်မြင့် (ဘ)ဦးဝင်းစိန်[၁၂/ပဘတ(ဧည့်)၀၀၀၆၂၂]ထံမှ ဝယ်ယူရန် စရန်ငွေ ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအား အရောင်း အဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်း အဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL )** | **ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** | **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်(၈)၊ ဥယျာဉ်(၃) လမ်း၊ မြေကွက်အမှတ်(၁၈၉/ခ)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှု ဌာနတွင် ဦးဉာဏ်လှိုင်ဦးအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက် ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးဘဲလ်ဂျီဖိုး [၄/မတပ(နိုင်)၀၀၃၆၇၅]ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးအောင်[၈/မသန(နိုင်)၀၆၄၁၄၆]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ လူနေရပ်ကွက်အမှတ်(၂၀)၊ စက်မှုလမ်း၊ မြေကွက်အမှတ်(၆၁၈)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်နိုင်မြင့်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း(၄၀ x ၆၀)ပေရှိ ပါမစ်မြေကွက်ကြီးထဲမှ တရားဝင်ခွဲစိတ် ခြင်းမပြုရသေးသော အကျယ်အဝန်း(၂၀ x ၆၀)ပေ (လမ်းမှရပ်၍ မြေကွက်ဘက်သို့ မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း) မြေကွက် နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်ကြီး[၁၁/ပတန(နိုင်)၀၄၆၄၁၇] ကိုင်ဆောင် သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန်းလတ်[၅/အတန(နိုင်)၀၆၃၆၄၂]မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်ခင်စန်းလတ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက် အမှတ်(၆၄၄)၊ မြေအကျယ် အဝန်း (အလျားxအနံ) (၄၀ပေx၆၀ပေ)ရှိ ဦးတင်ငွေအမည်ပေါက်မြေချပါမစ်မြေ ကွက်အပါအဝင် ယင်းတို့နှင့် ဆက်စပ် ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ မြေချပါမစ်မူရင်း၊ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ တရားဝင် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးစဝင်း ခိုင်ထွန်း[၁၄/ပတန(နိုင်)၁၂၉၈၇၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက (၂၉- ၄-၂၀၂၅) ရက်စွဲပါ “မြေကွက် အရောင်းအဝယ်စရန်ပေးကတိစာချုပ်” ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေအကျေပေးချေပြီး တရားဝင် လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်း များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင် ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးသန္တာမြင့်** | **ဒေါ်ခင်နီလာဦးLL.B, D.B.L, B.D.S (MOFA)(Dip in English),** |
| **LL.B,W.I.P.O (Switzerland)** | **W.I.P.O (Switzerland)** |
| **အထက်တန်းရှေ့နေ (စဉ်-၅၅၀၃၇)** | **အထက်တန်းရှေ့နေ (စဉ်-၃၉၁၁၃)** |

**အမှတ်-၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့်၊ (၃၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၆၄၅၀၉၉၄၅၊ ၀၉-၂၅၉၄၆၄၂၅၅**

## မြန်မာဂေါက်သီးရိုက်အသင်း
## ကလပ်စားသောက်ဆိုင်အတွက်လေလံခေါ်ယူခြင်း

၁။ မြန်မာဂေါက်သီးရိုက်အသင်း၏ အသင်းပိုင်ကလပ်စားသောက်ဆိုင်အား ငှားရမ်းဖွင့်လှစ်လုပ်ကိုင်လိုသူ လုပ်ငန်းရှင်များထံမှ လေလံယှဉ်ပြိုင်ရန် အဆိုပြုလွှာရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် အသေးစိတ်အချက်အလက်များပါသော လေလံပုံစံကို တစ်စောင်လျှင် ကျပ် ၃၀၀၀၀/-နှုန်းဖြင့် မြန်မာဂေါက်သီးရိုက်အသင်းရုံးတွင် ၁-၅-၂၀၂၅ ရက်နေ့မှစ၍ ၁၄-၅-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ (၃) နာရီတိတိ နောက်ဆုံးထားပြီး ရောင်းချမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉ ၇၉၉၅၅၈၉၀၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့၊ မြန်မာဂေါက်သီးရိုက်အသင်း**

## မြန်မာဂေါက်သီးရိုက်အသင်း
## Golf Pro Shop အတွက်လေလံခေါ်ယူခြင်း

၁။ မြန်မာဂေါက်သီးရိုက်အသင်း၏ အသင်းပိုင် Golf Pro Shop အား ငှားရမ်းဖွင့်လှစ်လုပ်ကိုင်လိုသူ လုပ်ငန်းရှင်များထံမှ လေလံယှဉ်ပြိုင်ရန် အဆိုပြုလွှာရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် အသေးစိတ်အချက်အလက်များပါသော လေလံပုံစံကို တစ်စောင်လျှင် ကျပ် ၂၀၀၀၀/-နှုန်းဖြင့် မြန်မာဂေါက်သီးရိုက်အသင်းရုံးတွင် ၁-၅-၂၀၂၅ ရက်နေ့မှစ၍ ၁၄-၅-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ (၃) နာရီတိတိ နောက်ဆုံးထားပြီး ရောင်းချမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉ ၇၉၉၅၅၈၉၀၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာဂေါက်သီးရိုက်အသင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ထိပ်တင်မှတ်(၂)လမ်း၊ မြေကွက်အမှတ် (၈၅၇) အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဒေါ်စန်း (CF ၀၇၈၂၈၄)အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်၊ ဂရန်မိတ္တူ၊ အမှတ်(၈၅၇) (ခ)ခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူထား၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ယုမွန်သော် [၇/ဖမန(နိုင်)၁၂၄၃၂၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းထိုက်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မြင့် (B.A, R.L)**
**အထက်တန်းရှေ့နေ(စဉ်-၁၃၄၄၇/၈၄)**
**ဖုန်း-၀၉ ၄၄၃၀၂၂၁၇၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၇)၊ မြေကွက်အမှတ် (၈၇၆)၊ ဧရိယာ (၀.၀၄၅ ဧက)နှင့် မြေကွက်အမှတ်(၈၇၇)၊ ဧရိယာ (၀.၀၅၀ ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက် (၂)ကွက်၊ ယင်းမြေကွက်(၂)ကွက်ပေါ်ရှိအမှတ် (၈၇၆)၊ (၈၇၇)၊ အောင်ဆန်းသူရိယလှသောင်းလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေကွက် (၂)ကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်ကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်လှိုင်ဖြိုး [၁၃/လရန(နိုင်)၁၀၁၉၈၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်အိသီရိကြူ LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**ဖုန်း – ၀၉ ၄၃၁၆၃၄၀၅၊**
**အမှတ်(၃၇)၊ အနော်ရထာလမ်း ၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ဦးအောင်မြတ်ထွန်း [၁၄/သပန(နိုင်) ၀၁၄၂၇၈]
## ကိုင်ဆောင်သူနှင့် အများသိစေရန် အသိပေးခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်နေ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးထိန်လင်းအောင် [၁၂/လမန(နိုင်)၁၁၄၆၉၆] ကိုင်ဆောင်သူထံသို့ (၂၇-၅-၂၀၁၆) ရက်နေ့က ဦးအောင်မြတ်ထွန်း [၁၄/သပန(နိုင်)၀၁၄၂၇၈] ကိုင်ဆောင်သူမှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၂)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၇၆၀)ရှိ (၄၀x၆၀)ပေ အကျယ်ရှိ အရာခံဗိုလ်မောင်နီ အမည်ပေါက် မြေချပါမစ်မူရင်းနှင့် ပါမစ်မြေအမျိုးအစားမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လွှဲပြောင်းရောင်းချခဲ့သည့်အပေါ် ဦးထိန်လင်းအောင်မှ လက်ရောက်ရယူ နေထိုင်ခဲ့ပြီးနောက် (၈-၁၀-၂၀၂၀)ရက်နေ့တွင် အခြားသူများ (ထပ်မံလွှဲပြောင်းဝယ်ယူလိုသူ)ထံသို့ ဦးအောင်မြတ်ထွန်းထံမှ မိမိဝယ်ယူစဉ်ကအတိုင်း လက်ရောက်ရရှိထားသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ မြေကွက်အား သဘောရိုးအတိုင်း ပြန်လည်လွှဲပြောင်း ရောင်းချခဲ့ပါသည်။

ယခုအခါ ဦးထိန်လင်းအောင်အနေဖြင့် ဦးအောင်မြတ်ထွန်းထံမှ ဝယ်ယူ၍ အခြားသူထံ ပြန်လည်လွှဲပြောင်းရောင်းချခဲ့ပြီးသော အထက်ဖော်ပြပါ မြေကွက်နှင့်စပ်လျဉ်း၍ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တရားရုံးတော်တွင် ၂၀၂၅ ခုနှစ်၊ ရာဇဝတ်ကြီးအမှုအမှတ်- ၆၆၆ ဖြင့် ဖြေရှင်းဆောင်ရွက်နေရသည်ဖြစ်ရာ ဦးအောင်မြတ်ထွန်း (ယခုနေရပ်လိပ်စာမသိ)အနေဖြင့် မိမိလက်ဝယ်မှ စတင်ပေါ်ပေါက်၍ ဦးထိန်လင်းအောင်ထံ ရောင်းချလွှဲပြောင်းခဲ့သော အရာခံဗိုလ်မောင်နီအမည်ပေါက် မြေချပါမစ်အပါအဝင် ယင်းမြေကွက်၏ အငြင်းပွားမှုအခင်းကိစ္စအဝဝနှင့်စပ်လျဉ်း၍ မိမိ၏ပြုလုပ်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ထိခိုက်နစ်နာမှုများအပေါ် ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ဦးထိန်လင်းအောင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများထံ လာရောက်တာဝန်ယူဖြေရှင်းပေးပါရန်နှင့် ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးအောင်မြတ်ထွန်းနှင့် အများသိစေရန် အသိပေးအပ်ပါသည်။

**ဦးထိန်လင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုမာကျင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၉၉)**
**အမှတ်-၁၅၇၊ (ခ-၆)လမ်း၊ မြို့သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၄၂၀၁၁၈၀၈၅**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊
## ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ Polytechnic University များတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း အသုံးစရိတ် (ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း (၈၈)ခု ဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန အောက်ရှိ Naypyitaw State Polytechnic University တွင် (၃၀-၄-၂၀၂၅) ရက်နေ့မှ (၁၃-၅-၂၀၂၅) ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၉-၅-၂၀၂၅)ရက်နေ့မှ (၁၃-၅-၂၀၂၅)ရက်နေ့အထိ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သော နေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း- ၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်) ၀၉-၇၉၇၉၁၅၅၉၅၊ ၀၉-၄၄၄၀၃၄၀၂၆ Naypyitaw State Polytechnic University တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊
## ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဝယ်ယူရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိနည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာ တက္ကသိုလ်များ၊ Polytechnic University များတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း အသုံးစရိတ်(စက်ပစ္စည်း) ခွင့်ပြုရန်ပုံငွေဖြင့် သင်ထောက်ကူပစ္စည်းများ၊ စက်ပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများအား ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန အောက်ရှိ Naypyidaw State Polytechnic University တွင်(၃၀-၄-၂၀၂၅) ရက်နေ့မှ (၁၃-၅-၂၀၂၅)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများကို (၉-၅-၂၀၂၅)ရက်နေ့မှ (၁၃-၅-၂၀၂၅)ရက်နေ့အထိ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း- ၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၇၉၇၉၁၅၅၉၅၊ ၀၉-၄၄၄၀၃၄၀၂၆ Naypyidaw State Polytechnic University တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဝိဇ္ဇာလမ်းသွယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၄၊ သမိုင်းကွင်း၊ မြေကွက်အမှတ် (၇/ခ)၊ အကျယ်အဝန်း (၇၀'/၈၅ x ၇၃'/၇၅)ရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ရေ၊ မီးစုံလင်စွာပါရှိသည့် နှစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အစဉ်အဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးနေလင်းထွန်း [၁၂/မဂဒ(နိုင်)၂၁၄၈၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိထားဖြူ LL.B, D.B.L, D.I.L, MA (Business Law), D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၅)**
**အမှတ်- ၁/ဒီ၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၅၀၅၈၇၁**

## “ဒေါ်မြဝေ[၁၂/သကတ(နိုင်)၀၈၁၉၈၀]နှင့် အများသိစေရန်”

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀-တောင်ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ် (၆၇၈/ခ) ဟုခေါ်တွင်သော (၂၀x၆၀)ပေရှိ မြေမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဦးကျင်သိန်းအမည်ပေါက် နှစ်(၆၀) မြေငှားဂရန်ရရှိထားသောမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်မှာဦးကျင်သိန်း ပိုင်ဆိုင်သောအိမ်နှင့်မြေဖြစ်ပြီး မြေငှားဂရန်မူရင်းမှာလည်း ဦးကျင်သိန်းနှင့်အတူနေ သမီးဖြစ်သူ ဒေါ်ခင်ခင်ထိုက်၏ လက်ဝယ်တွင်ရှိပြီး ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းမရှိပါကြောင်းနှင့် မြေငှားဂရန်မူရင်းရှိပါလျက်နှင့် ပျောက်ဆုံးဖြင့် ဂရန်ပျောက်မိတ္တူလျှောက်ထားခြင်း၊ အမည်ပေါက် ပြောင်းလဲခြင်းများပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ပျောက်ဆုံး၊ အမည်ပြောင်းလဲသူ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်ခင်ထိုက်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမြဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၂၀၃၂၃)**
**(၁၈-၁၀-၉၄)**
**အမှတ်(၁၀၈၀/က)၊ ဓေယျာမြိုင်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)။**
**ဖုန်း-၀၉-၄၂၀၃၇၈၂၆**




## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၃၂-B/၅ ၊ မြေကွက်အမှတ်-၅၀ ၊ ဧရိယာ- ၁၅၁'/၁၅၀' × ၁၃၉'/၁၃၆' ရှိ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ ချယ်ရီလမ်း၊ အမှတ် (၃၇) ဟုခေါ်တွင်သော ပါမစ်မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တို့ကို ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ခွင့်ပြုချထားပေး၍ တစ်ဦးတည်းတရားဝင်အမည်ပေါက်လက်ရှိပိုင်ဆိုင်သူ ဒေါ်တင်အေး (၁၂/ဥကတ (နိုင်) ၁၂၀၆၀၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၃၂-B/၅ ၊ မြေကွက်အမှတ်-၆၄ ၊ ဧရိယာ- ၀. ၄၉၇ ဧက ရှိ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ ခတ္တာလမ်း၊ အမှတ် (၃၇/က) ဟုခေါ်တွင်သော နှစ် (၆၀) မြေငှားဂရန်မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ အမည်ပေါက်၍ တစ်ဦးတည်းတရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးလမင်း (၁၂/မရက (နိုင်) ၁၀၀၄၄၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၁၃၀၃)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိဦးညွန့်တင်(N/OKA-၀၀၀၆၂၂)အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးနိုင်ဝင်း[၁၂/ဒဂတ(နိုင်)၁၃၄၇၂၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်တွင် နေထိုင်သည့် ကျွန်ုပ်တို့၏မိတ်ဆွေ မထွေးထွေးရီ (ခ) Jessi မှတ်ပုံတင်အမှတ် [၁၂/ကမရ(နိုင်)၀၆၂၁၂၉]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ မထွေးထွေးရီ (ခ) Jessi အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော အခြားနည်းလမ်းတစ်နည်းနည်းဖြင့် ဖြစ်စေ ဂုဏ်သိက္ခာကျဆင်းစေရန်၊ အထင်အမြင်လွဲမှားစေရန်၊ အသရေဖျက်စေရန် ရည်ရွယ်ပြီး လူမှုကွန်ရက် စာမျက်နှာပေါ်တွင်လည်းကောင်း၊ Facebook၊ Comment ၊ Messenger အစရှိသည့် အခြားနည်းဖြင့် ဆက်သွယ်၍ရသော ဆက်သွယ်မှုကွန်ရက်တစ်ခုခုပေါ်တွင်လည်းကောင်း မဟုတ်မမှန် ပြောဆိုရေးသားခြင်း၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေလိုသည့် ရေးသား၊ ပြောဆို၊ ဖြန့်ဝေ၊ နှောင့်ယှက်ခြင်းများ မပြုလုပ်ပါရန် တားမြစ်အပ်ပါသည်။ အထက်ဖော်ပြပါကဲ့သို့ ပြုလုပ်ထားပါက ယနေ့မှစ၍ ပြန်လည်ဖျက်သိမ်းပေးပါရန်နှင့် လိုက်နာမှုမရှိပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးကောင်းဉာဏ်လင်း(LL.B)** | **ဒေါ်လှိုင်ဝင်းထွဋ်(LL.B)(D.CBL)** | **ဦးထူးဝဏ္ဏကိုကို(LL.B)(D.IP.L)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၃၀၄၉)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၆၇၉)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၄၃၂)** |

**အခန်း(၁၁/၁၁၀)၊ ၈ မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၆၉၈၂၈၆၅၀၂၊ ၀၉-၇၉၃၁၁၂၀၇၇၊ ၀၉-၅၁၆၇၇၄၃**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန
## တိုက်ကြီးခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်(၁/၂၀၂၅-၂၀၂၆)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တိုက်ကြီးခရိုင်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော လမ်းခင်းပစ္စည်းနှင့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လိုအပ်သည့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူလိုသည့်အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ တိုက်ကြီးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင်(၇-၅-၂၀၂၅)ရက်နေ့မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

၂။ တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ရက် - ၇-၅-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့)

၃။ တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊တိုက်ကြီးခရိုင်၊တိုက်ကြီးမြို့။

၄။ တင်ဒါလျှောက်လွှာ ပိတ်မည့်နေ့ရက်/အချိန် - ၁၆-၅-၂၀၂၅ရက်(သောကြာနေ့)၊ ရုံးချိန်အတွင်း။

၅။ တင်ဒါဖွင့်ပွဲကျင်းပမည့် နေ့ရက်/အချိန် - ၂၀-၅-၂၀၂၅ (အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီ

၆။ တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊တိုက်ကြီးခရိုင်၊တိုက်ကြီးမြို့။

၇။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့၊ **ဖုန်း-၀၅၅-၂၂၀၀၂၁** သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန
## မှော်ဘီခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်စဉ် (၁/၂၀၂၅ - ၂၀၂၆)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မှော်ဘီခရိုင်မှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော လမ်းခင်းပစ္စည်းနှင့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လိုအပ်သည့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ မှော်ဘီခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၇-၅-၂၀၂၅) ရက်နေ့မှ စတင်၍ ဖော်ပြထားမည် ဖြစ်ပါသည်။

၂။ တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ရက် - ၇-၅-၂၀၂၅(ဗုဒ္ဓဟူးနေ့)(ရုံးချိန်အတွင်း)

၃။ တင်ဒါလျှောက်လွှာ ရောင်းချမည့် နေရာ - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊လမ်းဦးစီးဌာန၊မှော်ဘီခရိုင်

၄။ တင်ဒါလျှောက်လွှာ ပိတ်မည့် နေ့ရက်/အချိန် - ၁၆-၅-၂၀၂၅(သောကြာနေ့) (ရုံးချိန်အတွင်း)

၅။ တင်ဒါဖွင့်ပွဲ ကျင်းပမည့် နေ့ရက်/အချိန် - ၂၀-၅-၂၀၂၅ (အင်္ဂါနေ့)၊ နံနက် (၁၀:၀၀)နာရီ

၆။ တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မှော်ဘီခရိုင်

၇။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မှော်ဘီခရိုင်၊ ဖုန်း-၀၉-၄၄၄၄၄၀၂၅၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် လုံးဝမသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၆-လမ်း၊ အိမ်အမှတ်(၄၃)တွင်နေထိုင်သူ ဒေါက်တာကောင်းထက် [၁၂/တမန(နိုင်) ၁၀၆၁၂၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ စေတနာသုခလမ်း၊ အမှတ်(၅၄)နေ ဒေါ်အေးသက် [၁၂/ကမရ(နိုင်)၀၅၉၃၉၆]နှင့် ဒေါက်တာကောင်းထက်တို့သည် (၂၃-၁၁-၂၀၁၈)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ လက်ထပ်ထိမ်းမြားပေါင်းသင်း နေထိုင်ခဲ့ရာ (၂၆-၁-၂၀၂၄) ရက်နေ့တွင် ဇနီးဖြစ်သူ ဒေါ်အေးသက်မှ မိမိသဘောဆန္ဒဖြင့် နေအိမ်ပေါ်မှ ဆင်းသွားခဲ့ပြီး အဆက်အသွယ် မပြုလုပ်ခဲ့သည့်အတွက် ဒေါက်တာကောင်းထက်မှ သင်္ဃန်းကျွန်းခရိုင်တရားရုံး၊ ၂၀၂၄-ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၉ ဖြင့် တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် ဦးတိုက်လျှောက်ထားခဲ့ပါသည်။ ဦးတိုက်လျှောက်ထားမှုအား သင်္ဃန်းကျွန်း ခရိုင်တရားရုံးတော်မှ ၂၀၂၄-ခုနှစ်၊ မေလ(၃၁) ရက်နေ့တွင် အကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲခွင့်ပြုကြောင်းဖြင့် အနိုင်ဒီကရီချမှတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါက်တာ ကောင်းထက်နှင့် ဒေါ်အေးသက်တို့သည် (၃၁-၅-၂၀၂၄)ရက်နေ့ကပင် ကွာရှင်း ပြတ်စဲပြီးဖြစ်ကြောင်းနှင့် ဒေါ်အေးသက်သည်လည်း ဒေါက်တာကောင်းထက်နှင့် မည်သို့မျှပတ်သက် ဆက်နွှယ်ခြင်းမရှိကြောင်း၊ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါက်တာကောင်းထက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၁၉/၂၁-၁၂-၂၀၁၁)**
**အမှတ်(၆၂၉/၆၃၁)၊ နိဗ္ဗာန်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၀၀၃၅၄**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## လေလံကြော်ငြာ

၁။ MIP, AWPT & MITT ဆိပ်ကမ်းများရှိ တစ်နှစ်ကျော်လေလံကုန် သေတ္တာ (၃၄)လုံးအတွင်းရှိ ကုန်ပစ္စည်းများနှင့် LCL Shipment (၆) ခုအား လက်ရှိမျက်မြင်အခြေအနေအတိုင်း (၁၅-၅-၂၀၂၅) ရက်နေ့ (၁၃:၀၀)နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား၊ အနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး) ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ၂-၅-၂၀၂၅ ရက်နေ့မှ ၁၃-၅-၂၀၂၅ ရက်နေ့အထိ ရုံးဖွင့်ရက်/ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး အသေးစိတ် သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၁-၈၆၁၀၂၃၀ သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## အင်းစိန်ခရိုင်

လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်မှ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော လုပ်ငန်းခွင်သုံး ပစ္စည်းများအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

လိုအပ်သည့်လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၂-၅-၂၀၂၅)ရက်နေ့မှ စတင်၍ ဖော်ပြထားမည် ဖြစ်ပါသည်။

တင်ဒါပုံစံစတင် ရောင်းချမည့်ရက် - ၉-၅-၂၀၂၅ ရက်(ရုံးချိန်အတွင်း)

တင်ဒါပုံစံအရောင်း ပိတ်မည့်ရက် - ၁၆-၅-၂၀၂၅ ရက် (ရုံးချိန်အတွင်း)

တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၀-၅-၂၀၂၅ ရက် (နံနက် ၁၀း၀၀)နာရီ

တင်ဒါစိစစ် ရွေးချယ်မည့်နေရာ - လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး

တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်တွင် (၉-၅-၂၀၂၅)ရက်နေ့ (ရုံးချိန်အတွင်း)မှ စတင်ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၄၅၀၀၂၀၆၁၀၊ ၀၉-၇၉၆၅၄၆၂၂၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၃

**၁။ ဒေါ်လှိုင်မာချို နှင့် ဒေါ်ကျင်လှိုင်**
**၂။ ဦးနေစိုးဝင်းမောင်**
**(တရားလိုများ) (တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ အုတ်လှုငယ်လမ်း၊ အမှတ်(၈၆၂) နေ ဒေါ်ကျင်လှိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌တရားလိုများက **“ပဋိညာဉ်အတိုင်း မြေကွက်နှင့်နေအိမ် အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု”** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ ၉ ရက် ( ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် ကြိုတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## “သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ သုံးခွကျေးရွာနေ ဦးကြည်တင်၏ သမီးဖြစ်သူ မတင်ဇာဦး[၁၂/ဒဂတ(နိုင်)၀၄၉၄၆၆] သည် ဖခင်၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် မတင်ဇာဦးနှင့်ပတ်သက် သောမည်သည့် ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မတင်ဇာဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်-ဦးကြည်တင်**
**[၁၂/လကန(နိုင်)၀၅၈၀၅၄]**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| ၁။ | 1(LPT)MPE–F4/2025–2026 | Transmission Shaft with Coupling for Cooling Tower | 2 Sets. |
| ၂။ | 2(LPT) /MPE–F4/2025–2026 | Boiler Feed Water Pump without Motor Complete Set | 1 Set. |
| ၃။ | 3(LPT) /MPE–F4/2025–2026 | 33 KV Vacuum Circuit Breaker with Connectors & Stands | 1 No. |
| ၄။ | 4(LPT) /MPE–F4/2025–2026 | Spare Parts for Process Air Compressor ( K–1301) | 1 Lot. |
| ၅။ | 5(LPT)/ MPE–F4/2025–2026 | Molten Urea Pump (P 3202 A/B) with Motor | 1 Set. |
| ၆။ | 6(LPT) / MPE–F4/2025–2026 | Refrigeration Compressor (K – 1901) Complete Set without Motor | 1 No. |
| ၇။ | 7(LPT)/MPE–TLN/2025–2026 | Spare Parts for CFR Engine (Fuel Research Unit) Major Internal Apparatus | 1 Lot. |
| ၈။ | 8(LPT)/MPE–Mann/ 2025–2026 | Diesel Flow Counter for Bowser Filling Station | 1 Set. |
| ၉။ | 9(LPT) /MPE– Mann /2025–2026 | Cooling Tower Fan Blade | 6 Nos. |
| ၁၀။ | 10(LPT) /MPE– Mann/2025–2026 | Step Down Pole Transformer for 6.6 KV to 230 V | 1 No. |
| ၁၁။ | 11(LPT) / MPE– Mann / 2025–2026 | Raw Water Intake Pump with Motor | 1 Set. |
| ၁၂။ | 12(LPT) /MPE– Mann/ 2025–2026 | Tube Bundle for HE – 507 (Debutanizer Feed / BTM Exchanger) | 1 No. |
| ၁၃။ | 13(LPT) /MPE– Mann / 2025–2026 | Seamless Tube for HE–106 “B” | 1750 Nos. |
| ၁၄။ | 14(LPT) /MPE– MBU / 2025–2026 | Power Supply Cable for Raw Water Pump Motor | 1 Lot. |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၂-၅-၂၀၂၅ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)(ယာယီရုံး)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ်(energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၃-၅-၂၀၂၅ ရက်နေ့(၁၂:၀၀)နာရီတွင် နောက်ဆုံးထား၍ စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)(ယာယီရုံး)၊ (နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ဖုန်း-၀၉-၉၆၃၁၄၅၉၈၈,၀၉-၄၂၀၂၄၁၄၅၃, ၀၉-၄၀၁၅၄၆၇၇၀,၀၉-၂၆၄၉၉၂၂၀၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၆၇၃)၊ အကျယ်အဝန်း(၀.၀၅၅)ဧကအကျယ်ရှိ ဒေါ်တင်တင်အောင်၊ ဒေါ်ဆွေဆွေအောင်၊ ဒေါ်စန္ဒီအောင်၊ ဒေါ်လှဲ့လှဲ့အောင်။ ဦးမျိုးသက်တို့ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက် (အရပ်ခေါ်) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဇော်ဂျီလမ်း၊ အမှတ်(၆၇၃)ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသက်ဆွေဦး (၁၂/အလန(နိုင်)၀၃၄၄၁၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**တရားလွှတ်တော်ရှေ့နေ ဒေါ်မေမြတ်ချိန် LL.B,D.B.L (စဉ်-၁၁၃၁၁)**

**အထက်တန်းရှေ့နေ ဒေါ်ဝတ်ရည်ငွေး LL.B,LL.M (စဉ်-၃၆၉၁၇)**

ရုံးချုပ် - အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ - 09-5185534, 09-5173690, 09-5040160, 09-420203960
ရုံးခွဲ - အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ - 09-5060940, 09-5185539, 09-450450977, 09-450450907

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၁၀၇)၊ အကျယ်အဝန်း(အလျား၄၀ပေx အနံ၆၀ပေ)ရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေပေါ်ရှိ ယခုအခေါ်ရန်ကုန်မြို့၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ရှင်ထွေးညိုလမ်း၊ အမှတ်(၁၀၇)ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေပေါ်ရှိ အိမ်အပါ အဝင်အကျိုးခံစားခွင့်အားလုံးတို့အားရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်လေးလေးအမည်ဖြင့် အမည်ပေါက်ထားပြီးအမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးသီဟနိုင်[၁၂/ကမရ(နိုင်)၀၆၁၆၀၂]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါကဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ် မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မြလှဲ့ဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂)**

**ဒေါ်အေးအေးသိန်း(B.A, PGDL) အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)**

**ဒေါ်စန်းမြသက်(B.Sc, PGDL) အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅)**

**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph -၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် ပစ္စည်းခန်းခွဲဝေပြီးစီးပြီး ဖြစ်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသက်မွန်ဝင်း [၁၂/ဥကတ(နိုင်)၁၇၅၉၁၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေဆံတော်ရပ်ကွက်၊ ရွှေဆံတော်(၉)လမ်းနေ ဒေါ်မေသက်မွန်ဝင်း [၁၂/ဥကတ(နိုင်)၁၇၅၉၁၀] နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ တွံတေးဂအုပ်စုမိုင်(၂၀) အနောက်ကျေးရွာနေ ဦးသန်းဇော်မြင့် [၁၂/တတန(နိုင်) ၂၁၃၂၉၉]တို့သည် ( ၁၂-၁၂-၂၀၄)ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခဲ့ပြီး ပစ္စည်းခန်းလည်းခွဲဝေပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

နောက်နောင်တွင် ဦးသန်းဇော်မြင့်နှင့်ပတ်သက်သော ကိစ္စအဝဝတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသက်မွန်ဝင်းနှင့် လုံးဝပတ်သက်သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုဝေဖြိုး(LL.B,D.I.P.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၉၉)**
**အမှတ်(၆၉)ကွန်ဒို၊ ဗိုလ်တထောင်ဈေးလမ်း၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၉၈၇၀၃၊ ၀၉-၄၂၀၀၆၉၀၅**

## သဗ္ဗညုပုထိုးတော်ကြီး(ရန်ကုန်) ရွှေထီးတော်တင်လှူ ပူဇော်ပွဲ ကုသိုလ် ပြုနိုင်ရေး နှိုးဆော်လွှာ



ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်း တောင်ပိုင်း၊ သုခလမ်းတွင် အဘွားလေး ဒေါ်ခမ္မေသီတည်ထား ကိုးကွယ်တော်မူခဲ့သော တန်ခိုးကြီး သဗ္ဗညုပုထိုးတော်ကြီး (ရန်ကုန်)ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အဘွားလေး ဒေါ်ခမ္မေသီ၏တပည့် ဒါယကာ ဒါယိကာမများ ဖြစ်ကြသော သဗ္ဗညု ဂေါပကအဖွဲ့နှင့် ဒေါက်တာ ဒေါ်ပညာသိရီ(သာသနဓဇ ဓမ္မာစရိယ၊ Ph.D၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ ပြည်တွင်းပြည်ပ သာသနာပြု)၏ အောက်ပါလုပ်ငန်းစဉ်များကို ဆက်လက်၍ ဘက်စုံ ပြုပြင်မွမ်းမံ ဆောင်ရွက်လျက်ရှိပါကြောင်း– ကုသိုလ်ရှင် အများကောင်းမှုဖြင့်

ယခုအခါ ဉာဏ်တော်အကြီးဆုံး ဘုရားကြီးတစ်ဆူဖြစ်တော်မူသော သဗ္ဗညုပုထိုးတော်ကြီး(ရန်ကုန်)၏ နှစ်ပေါင်းများစွာ ထီးတော်မြတ်ကြီးသည် ပျက်စီးယိုယွင်းနေပြီဖြစ်ပါသဖြင့် ဒုတိယအကြိမ် ပြန်ထည့်ပြုပြင် ရွှေထီးတော်အသစ်တင်လှူကြမည့် အချိန်တန်ပါပြီ၊ ရှေ့ယခင် အတိတ်ဘဝ အဆက်ဆက်၊ သံသရာ အဆက်ဆက်က အဘွားလေး ဒေါ်ခမ္မေသီနှင့်အတူတကွ တင်လှူထားကြကုန်သော ဘုရားဒါယကာများ၊ ဒါယိကာမများ၊ ယခုဘဝ ကြောင်းကျိုး ပဋ္ဌာန်းဆက် ဆက်စပ်ကြကုန်သော ပါရမီရှင်များ၊ သဗ္ဗညု ပုထိုးတော်ကြီး(ရန်ကုန်) အား ၁၃၈၆ခုနှစ်၊ တပို့တွဲလဆန်း(၃)ရက် (January 31,2025) နေ့မှစ၍ ၁၃၈၇ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) (May 11, 2025) နေ့(အလှူရှင်အားလုံး ရွှေထီးတော်တင်ပွဲ ကြွကြပါရန် ဖိတ်ပါသည်။)အထိ အောက်ပါ အကြောင်းအရာ အစီအစဉ်တွင် သဒ္ဓါကြည်လင်ပါရမီရှင်များမှ သဒ္ဓါတရား နည်းများမဆို ပါဝင်ကုသိုလ်ယူနိုင်ကြပါပြီဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်–

- ရွှေထီးတော်အလှူ ကုသိုလ်ဝေစု တစ်စုကို (၁)သိန်းကျပ်၊ ပထမဘုံဆင့်မှ ဒွါဒသမဘုံဆင့်အထိ လှူဒါန်းခြင်း၊
- ရွှေစင်ရွှေပြား(၁၀)လက်မ ပတ်လည် (ကမ္ပည်း ထိုးပြီး) (၁၁)သိန်းကျပ်၊
- ရွှေစင်ရွှေပြား(၁၂)လက်မ ပတ်လည် (ကမ္ပည်း ထိုးပြီး) (၁၈)သိန်းကျပ်၊
- ရွှေဟင်္သာမောင်နှံ တစ်စုံသာ (၂၇)သိန်းကျပ်၊
- ဓွန့်ပန်းခိုင်ကြီး တစ်ခိုင်ကို (၁၈)သိန်းကျပ်၊ (၅)ခိုင် ရှိပါသည်၊
- ငှက်မျက်နားတော် ကုသိုလ်ဝေစု တစ်စုကို (၁)သိန်းကျပ်၊
- စိန်ဖူးတော် ကုသိုလ်ဝေစု တစ်စုကို (၁)သိန်းကျပ်၊
- ဆည်းလည်းခေါင်းလောင်း အကြီးတစ်လုံးကို (၅)သောင်းကျပ်၊ အသေးတစ်လုံးကို (၃)သောင်းကျပ်၊
- ပင့်သံဃာ တစ်ပါးစာအတွက် (၁)သိန်းကျပ်၊ (သင်္ကန်းတစ်စုံ(၆)သောင်းနှင့်နဝကမ္မ) အနေကဇာတင် ရေစက်ချပွဲ(၁၀၈)ပါးပင့်ပါမည်။
- ပင့်သီလရှင်တစ်ပါးစာအတွက်(၅)သောင်းကျပ်(သင်္ကန်းတစ်စုံ(၂)သောင်းနှင့်နဝကမ္မ) အနေကဇာ တင် ရေစက်ချပွဲ(၁၀၈)ပါးပင့်ပါမည်။

ဆက်သွယ်လှူဒါန်းနိုင်သော– ဒေါက်တာ ဒေါ်ပညာသိရီ–ဖုန်းနံပါတ် &Viber# 09 450 046 290, (U.S.A)#+1 626 644 7146, ရုံး ဖုန်းနံပါတ် – 09 426 893 640, 09 452 202 011

Kpay# 09 450 046 290, Daw Pinnya Siri,/ Wave Money # 09 450 046 290, Shin Pinnya Siri,
မရမ်းကုန်း ကမ္ဘောဇဘဏ် – PINNYA SIRI , KBZ Bank Account# 23451107000085501,
နီးစပ်ရာ ဘဏ်စာရင်းသို့ ထည့်သွင်းလှူဒါန်းနိုင်ကြပါသည်။

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၃ / ၂၀၂၅–၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ ထုတ်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L–070(25–26)CAP | Spare Parts for SAFE Compressor(HP) (1) Lot | Ks |
| (၂) | DMP/L–071(25–26)CAP | Spare Parts for SAFE Compressor(LP) (1) Lot | Ks |
| (၃) | DMP/L–072(25–26)CAP | Spare Parts for SAFE Compressor(ST) (1) Lot | Ks |
| (၄) | DMP/L–073(25–26)CAP | Spare Parts for Intermech Compressor(HP) (1) Lot | Ks |
| (၅) | DMP/L–074(25–26)CAP | Spare Parts for Intermech Compressor(LP) (1) Lot | Ks |
| (၆) | DMP/L–075(25–26)CAP | Spares for K–700 and K–280 Mud Pump(2) Group | Ks |
| (၇) | DMP/L–076(25–26)CAP | Spares for K–1000 and W–440 Mud Pump(2) Group | Ks |
| (၈) | DMP/L–077(25–26)CAP | 6'' API 5L Steel Line Pipe Grade B (3,000) Meter | Ks |
| (၉) | DMP/L–078(25–26)CAP | PVC Anticorrosion Tape (Cold Applied) (13,000) Rolls | Ks |
| (၁၀) | DMP/L–079(25–26)CAP | Boom Assembly for 30 Ton QY30K XCMG Crane (1) Set | Ks |
| (၁၁) | DMP/L–080(25–26)CAP | Space Aerial Cable (120 MMSQ,12 KV) (1) Lot | Ks |
| (၁၂) | DMP/L–081(25–26)CAP | Spares for XJ 700Z Well Servicing Truck (1) Lot | Ks |
| (၁၃) | DMP/L–082(25–26)CAP | Spare Parts for PLC Control Pannel (1) Lot | Ks |
| (၁၄) | DMP/L–083(25–26)CAP | Spare Parts for Caterpillar G–3508 & G–3412 Gas Engine Generator (2) Groups | Ks |
| (၁၅) | DMP/L–084(25–26)CAP | Spare Parts for Direct Expansion Machine (1) Lot | Ks |
| (၁၆) | DMP/L–085(25–26)CAP | Welding Electrode (5) Tons | Ks |
| (၁၇) | DMP/L–086(25–26)CAP | Infrared Detector CO–CaF2 (1) No | Ks |
| (၁၈) | DMP/L–087(25–26)CAP | VHF Transceiver (Synthesized) and VHF FM Transceiver (Walkie Talkie) (2) Items | Ks |
| (၁၉) | DMP/L–088(25–26)CAP | Telephone Cable and Drop Wire Cable (5) Items | Ks |
| (၂၀) | DMP/L–089(25–26)CAP | Spare Parts for L–Type Compressor (1) Lot | Ks |
| (၂၁) | DMP/L–090(25–26)CAP | Spare Parts for ZW–Type Compressor (1) Lot | Ks |
| (၂၂) | DMP/L–091(25–26) | Accessories for All Rigs (4) Items | Ks |
| (၂၃) | DMP/L–092(25–26) | Assorted Sizes of Casing (6) Items | Ks |
| (၂၄) | DMP/L–093(25–26) | Assorted Sizes of PDC Bit and Rock Bit (8) Items | Ks |
| (၂၅) | DMP/L–094(25–26) | Drill Pipe and Accessories (4) Items | Ks |
| (၂၆) | DMP/L–095(25–26) | Accessories for Casing Hanger Slip and Seal (4) Items | Ks |
| (၂၇) | DMP/L–096(25–26) | Accessories for All Swivels (7) Items | Ks |
| (၂၈) | DMP/L–097(25–26) | Electrical Materials for Chauk Oil Field (15) Items | Ks |
| (၂၉) | DMP/L–098(25–26) | Electrical Materials for All Oil Fields (2) Items | Ks |
| (၃၀) | DMP/L–099(25–26) | 2 3/8'' & 2 7/8''EUE Tubing (2) Items | Ks |
| (၃၁) | DMP/L–100(25–26) | 2''ERW Flow Line Pipe (15,000) Meters | Ks |
| (၃၂) | DMP/L–101(25–26) | Casing and Tubing Swab Cup (2) Items | Ks |
| (၃၃) | DMP/L–102(25–26) | Accessories for Production Testing and Well Servicing (1) Lot | Ks |
| (၃၄) | DMP/L–103(25–26) | Welding Electrode (2) Groups | Ks |
| (၃၅) | DMP/L–104(25–26) | Industrial Raw Materials (2) Groups | Ks |
| (၃၆) | DMP/L–105(25–26) | Assorted Sizes of Hose Pipe (3) Groups | Ks |
| (၃၇) | DMP/L–106(25–26) | Assorted Sizes of Union and Chiksan Joint (2) Groups | Ks |
| (၃၈) | DMP/L–107(25–26) | Assorted Sizes of API 5L Steel Line Pipe (2) Items | Ks |
| (၃၉) | DMP/L–108(25–26) | Accessories for 6''x 8''R Sand Pump (2) Groups | Ks |
| (၄၀) | DMP/L–109(25–26) | Class 'G'Cement (1,000) Tons | Ks |
| (၄၁) | DMP/L–110(25–26) | Caustic Soda (75) Tons | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၃၀–၄–၂၀၂၅** ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (**energy.gov.mm**) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၁၆–၅–၂၀၂၅ ရက်နေ့ (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း–၀၉–၂၅၄၀၇၈၀၇၈/၀၉–၄၄၈၅၃၉၄၀၂**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ (၁၆၂)လမ်း၊ အမှတ်(၁၃) မြေကွက်ပေါ်ရှိ (၇)ထပ်တိုက်၊ အဆောက်အဦ၏ (၅)လွှာ၊ တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း၊ စတုတ္ထထပ်၊ ဧရိယာ(အလျား ၁၇ ပေ x အနံ ၆၅ ပေ)အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူများဖြစ်ကြသည့် **ဒေါ်နှင်းနှင်းလွင် [၁၂/တမန(နိုင်)၀၅၃၇၉၆] နှင့် ဒေါ်မီမီလွင် [၁၂/တမန(နိုင်)၀၅၇၃၀၅]**တို့မှ ၎င်းတို့တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်စန်းစန်းဦး [၁၂/တမန(နိုင်)၀၄၇၀၄၀]**မှ အဆိုပါတိုက်ခန်းအား ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စရပ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ထိပ်ထားဦး [LL.B(QII) WIPO (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၂၆)**
**အမှတ်–၁၁၉၆၊ ဦးဟိန်စွန်းလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်**
**(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၇၈၅၂၆၁၅၉၅**

## "စရန်ပေးစာချုပ်ပျက်ပြယ်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်–၁၀၅၊ အင်ကြင်းမြိုင်လမ်း၊ မြေကွက်အမှတ်–၂၇၄၊ အကျယ်(၄၀x၆၀)ပေရှိ ပါမစ်မြေကွက်သည် ဦးမောင်ကြွေ [၁၂/သဃက(နိုင်) ၁၀၀၇၁၉]၏ အမည်ပေါက် ဖြစ်ပြီး အဆိုပါမြေကွက်ထဲမှ မြေကွက်အမှတ်–၂၇၃ နှင့် ကပ်လျက်တည်ရှိသည့် အကျယ်အဝန်း(၁၀x၆၀)ပေရှိ ပါမစ်မိတ္တူခြမ်းပါ အိမ်ခြံမြေအား ဆက်စပ်စာချုပ်များနှင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများဖြင့် လက်ရှိပိုင်ဆိုင်သူ ဦးမင်းချစ်ဦး [၁၂/သကတ(နိုင်)၂၂၂၇၁၉]က အရှုပ်အရှင်း အပေါင်အနှံကင်းရှင်းကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရာ ဒေါ်အေးအေးသန့် [၁၂/သဃက(ပြု)၀၀၀၅၄၅]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများချထားပြီးဖြစ်ပါသည်။ ကျန်ငွေကို (၁–၅–၂၀၂၅) ရက်နေ့တွင် အပြေအကျေပေးချေမည်ဖြစ်ကြောင်း ဒေါ်အေးအေးသန်းမှ ဝန်ခံကတိ စာချုပ် ချုပ်ဆိုခဲ့ပါသော်လည်း ငွေကြေးအခက်အခဲဖြစ်သွားပါသဖြင့် သတ်မှတ်ရက် အတွင်း ငွေပေးချေရန် အဆင်မပြေဖြစ်ခဲ့ပြီး ၎င်း၏အခက်အခဲကို ကျွန်ုပ်၏မိတ်ဆွေ အိမ်နှင့် မြေပိုင်ဆိုင်သူ ဦးမင်းချစ်ဦးမှ စာနာနားလည်ကြည်ဖြူစွာဖြင့် စရန်ပေး အရောင်းအဝယ်စာချုပ်ကို ဖျက်သိမ်းပေးခဲ့ပါသည်။ အထက်လိပ်စာပါ အိမ်နှင့်မြေသည် ၎င်းအားပိုင်ဆိုင်သူ ဦးမင်းချစ်ဦး [၁၂/သကတ(နိုင်)၂၂၂၇၁၉] က ဝန်ခံကတိပြုခဲ့သည့်အတိုင်း အရှုပ်အရှင်း အပေါင်အနှံတစ်စုံတစ်ရာမျှမရှိ မည်သူတစ်ဦး တစ်ယောက်မျှလည်း ကန့်ကွက်ခဲ့ခြင်းမျိုး မရှိခဲ့ပါ။ ဒေါ်အေးအေးသန်းဘက်မှ လတ်တလောငွေကြေးအခက်အခဲကြောင့်သာ စရန်ပေးအရောင်းအဝယ်စာချုပ် ပျက်ပြယ်ရခြင်းဖြစ်ကြောင်းကို အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမင်းချစ်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသဇင်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၇၆၉၇/၁၅–၆–၂၀၁၆)**
**အမှတ်(၆၇၃)၊ အနော်မာ(အနောက်)၊ (၁၅)လမ်း၊ ၁/ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ Ph:09–420152426, 09–795131874**

## Facebook, Viber, Messenger တို့အသုံးပြုသည့် "Shwe Shwe Lay" Account ပိုင်ရှင်၊ ဖုန်းနံပါတ်– +6583049547 ပိုင်ရှင်များနှင့် အများသိစေရန်

ဒေါ်လင်းလဲ့ရွှေရည် [၅/ခတန(နိုင်)၀၂၇၀၇၀]၏ Linn Lae Shwe Yei Account ပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း သိစေအပ်သည်မှာ–

Shwe Shwe Lay Accountant ပိုင်ရှင်နှင့် ဖုန်းနံပါတ်– +6583049547 ပိုင်ရှင်များတို့သည် လူမှုကွန်ရက်ကိုအသုံးပြု၍ ဒေါ်လင်းလဲ့ရွှေရည်၏ လူမှုဘဝနှင့် လုပ်ငန်းဆောင်ရွက်မှုနယ်ပယ်၌ ကိုယ်စိတ်နှစ်ပါး ထိခိုက်ဆုံးရှုံးနစ်နာစေရန်အပြင် ဂုဏ်သိက္ခာကျဆင်းစေခြင်းနှင့် လူမှုစီးပွားပျက်စီးစေခြင်း၊ ဆဲဆိုကြိမ်းမောင်း ခြိမ်းခြောက်ခြင်း၊ မမှန်ကန်သည့်အကြောင်းအရာများကို အကြောင်းကြားဖော်ပြခြင်း၊ ပြုမူကျူးလွန်ခြင်းများ အထောက်အထားများကို ဒေါ်လင်းလဲ့ရွှေရည်မှ ရရှိပြီးဖြစ်၍ ပြန်လည်ပယ်ဖျက်ပေးခြင်းနှင့် Accountant အမည်ပြောင်းလဲ၍ ထပ်မံကျူးလွန်ခြင်းများ လုံးဝမပြုလုပ်ရန် အသိပေးအပ်သည့်အပြင် အခြားလူများ အနေနှင့်လည်း တစ်စုံတစ်ရာ ပတ်သက်ယှက်နွှယ်ခြင်းများ လုံးဝမပြုလုပ်ကြရန်နှင့် တမင်ဆက်လက် ကျူးလွန်ပါက တရားဥပဒေများအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်နန့်ရှုဂေးခလိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၀၃၅/၁၂)**
**အမှတ်(၁၀၃)၊ သဒ္ဓါရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၂၁၀၆၁၃၅၄**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ဦးတင့်ဝေအေး
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း**
**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) (ကြည်း/၈၁၁၇) (OTS-21)**
**အသက်(၉၀) နှစ်**

ပျဉ်းမနားမြို့နေ (ဦးဘအေး-ဒေါ်စောခင်)တို့၏ သား၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ရပ်နေ ဒေါ်ခင်စန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာတင်အောင်သိန်း-ဒေါ်ဟေမာတင့်ဝေ၊ (ဦးမျိုးသူ)-ဒေါ်ခင်စန်းဝေ၊ ဦးမိုးသူ-ဒေါ်သီတာဆွေ၊ ဦးဇော်ထွဋ်မင်း- (ဒေါ်ဝေမာတင့်ဝေ)၊ ဦးမြတ်သူ-ဒေါ်သီတာခင်၊ ဒေါ်ခေမာတင့်ဝေတို့၏ ဖခင်ကြီး၊ မကေဇင်ယု၊ ဒေါက်တာသက်နောင်-မရွှေရည်မျိုးသူ၊ ကိုငြိမ်းချမ်းအောင်၊ ကိုကောင်းထက်အောင်-မလဲ့ရည်မွန်ဝေ၊ မောင်ညီနန်းထွဋ်၊ မအေးငြိမ်းသူ၊ မအိသက်မင်း၊ မောင်နေဝင်းသူတို့၏ ချစ်လှစွာသောအဘိုး ဦးတင့်ဝေအေးသည် ၂၉-၄-၂၀၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် အာယုအင်တာနေရှင်နယ်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား ဝမ်းနည်းစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင့်ဝေအေး
**အသက်(၉၀)နှစ်**

ဦးမြတ်သူ(CEO၊ ဂမုန်းပွင့်ကုမ္ပဏီလီမိတက်)-ဒေါ်သီတာခင်တို့၏ဖခင် ဦးတင့်ဝေအေးသည် ၂၉-၄-၂၀၂၅ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အာယုအင်တာနေရှင်နယ်ဆေးရုံကြီး**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ လမ်း ဒါယကာကြီး**
## ဦးကျင်လွင်
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ အမှတ်(၅၀)၊ ပထမထပ်(ညာ)နေ (ဦးစံထွန်း-ဒေါ်အုံး)တို့၏ သားကြီး၊ (ဦးထွန်းလှ-ဒေါ်ငင်းရွက်)တို့၏ သားသမက်၊ (ဒေါ်နန်းထွမ်းရင်)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုစိုးမိုးလွင်၊ ဒေါက်တာမျိုးမင်း-ဒေါက်တာခင်စန္ဒာထွန်း၊ ဒေါက်တာဇော်သန့်လွင်- ဒေါက်တာဖြိုးဝင့်ဝင့်ထွန်းတို့၏ ချစ်လှစွာသောမွေးသဖခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ လမ်း ဒါယကာကြီး ဦးကျင်လွင် အသက်(၈၄)နှစ်သည် ၃၀-၄-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၂၀ နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂-၅-၂၀၂၅ (သောကြာနေ့) ညနေ ၅:၃၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃ ၊ မြေကွက်အမှတ် ၁၂၀၂ မြေကွက်တည်နေရာ အမှတ် ၁၂၀၂၊ ဖွဲကပင်လမ်း၊ ၄၃ ရပ်ကွက်၊ ဒဂုံမြောက် (ဦးခင်မောင်ရီ CI ၀၃၈၅၉၁)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးခင်မောင်ရီအား တရားပြိုင်ထားကာ ဦးအောင်ကိုမှ တရားလိုပြုလုပ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌ တရားမကြီးမှုအမှတ် ၃၈၈/၂၀၂၂ ဖြင့် ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုအပေါ် အနိုင်ဒီဂရီချမှတ်သည့် ၈၊၇၊၂၀၂၂ ရက်စွဲပါစီရင်ချက်၊ ဒီဂရီနှင့် တရားမဇာရီမှုအမှတ် ၁၄၂/၂၄ တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်ခင်ရွှေလှိုင် ၇/ရကန(နိုင်)၀၆၂၂၆၄ မှ တရားရုံးအမိန့်များ၊ဘီလစ်ခန့်စာ၊ဂရန်၊နိုင်ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ မြေကွက်အမှတ်(၅၃)၊ မြေတိုင်းရပ်ကွက်အမှတ်-၃ ဘီ၊ အကျယ်အဝန်း အလျား x အနံ (၁၉ပေx၄၂ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၄)ထပ်တိုက်၏ ပထမထပ်တိုက်ခန်းနှင့်ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်စန္ဒာအောင် [၁၂/အစန(နိုင်)၂၂၂၁၉၁]က ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲရင့်အောင် [၁၂/ကမရ(နိုင်)၀၆၁၅၈၁]၊ ဒေါ်စောကလျာ [၂/လကန(နိုင် )၀၇၉၄၂၁]တို့က ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ(စရန်ငွေ)အား ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထား(မူရင်း)များနှင့်အတူ ဤကြေညာပါသည့်ရက်မှစ၍ (၃)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သွယ်သွယ်ထွေး** | **ဦးသက်ကိုအောင်** |
| **( LL.B , D.B.L )** | **( B.A,P.G.D.L, PGDSW, D.B.L )** |
| **တရားလွှတ်တော်ရှေ့နေ(စဉ် -၁၄၂၃၇)** | **အထက်တန်းရှေ့နေ(စဉ် -၅၆၀၂၄ )** |

**အမှတ်-၅၄ /ဘီ၊ ကမ္ဘာအေးဘုရားလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၄၁၁၃၇**

## ဒေါ်ခင်လတ်(ခ)ဒေါ်လူစီ
**ယခင် အောင်အပ်ချုပ်ဆိုင်၊ မော်လမြိုင်မြို့**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ်- ၃၁(ပ)$B_2$ နေ (ဦးလာဘ-ဒေါ်အမာ)တို့၏သမီး၊ (ဦးအောင်သန်းစိန်) ၏ချစ်လှစွာသောဇနီး၊ ဦးအောင်ဖုန်းကျော်-ဒေါ်ရီရီဆွေ၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်နွယ်နွယ်ဝင်း-(ဦးအေးသောင်)၊ ဒေါ်ရီရီဝင်းရွှေ(ခ)ဒေါ်မော်မော်တို့၏ ချစ်လှစွာသောမိခင်၊ ကိုသူရအောင်၊ မစုစုဆန်းပြည့်(ခ)စုစုစံ-ကိုဝင်းထွန်းမင်း တို့၏ချစ်လှစွာသောအဘွား၊ Smile ၏ ချစ်လှစွာသော အဘွားဖြစ်သူ ဒေါ်ခင်လတ်(ခ)ဒေါ်လူစီသည် ၂၉-၄-၂၀၂၅ (အင်္ဂါနေ့) ညနေ ၄:၅၀နာရီတွင် နေအိမ်၌ ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၅ (ကြာသပတေးနေ့) ညနေ ၃:၀၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။

[ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၂၅ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ တရားနာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကားပွဲစားကြီး ဦးစိန်ထွန်း
**စာတိုက်ကြေးနန်းဘောလုံးသမားဟောင်း၊ သဘင်၊ ရုပ်ရှင်၊**
**ဂီတကောင်စီဝင်(၈၅၈) ဘောလုံးသမားဟောင်း**
**အသက်(၈၃)နှစ်**

[ဦးမောင်မောင်ထွန်း-ဒေါ်တင်မြင့်(ခ)ထိပ်တင်ပု]တို့၏ သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ သခင်ခင်လမ်း၊ အိမ်အမှတ်(၂၂/၈၆၂)နေ ဒေါ်ခင်မိုးအေး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုစည်သူလွင်-မခင်ခင်မေတို့၏ ဖခင်ကြီး၊ မောင်အောင်ဆန်းလင်ထက်-မထက်ထက်နန်းအောင်၊ မောင်ပြည့်ဖြိုးဟန်၊ မောင်ဝေယံမိုးမြင့်တို့၏ အဘိုးသည် ၂၉-၄-၂၀၂၅ (အင်္ဂါနေ့) နံနက် ၈ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၉-၄-၂၀၂၅ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် မီးသဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၂၅ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ တလုတ္တော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၁၃/A)၊ စပါးကြီးစမ်းအညာစုကွင်း၊ ဦးပိုင်အမှတ်(၃၇)၊ ဥယျာဉ်ခြံမြေဧရိယာ(၄.၇၃)ဧကရှိ မြေကွက်အနက်မှ မခွဲမစိတ်ရသေးသည့် ဧရိယာ(၂)ဧကခန့်ရှိဥယျာဉ်ခြံမြေ အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါဥယျာဉ်ခြံမြေကွက်၏ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးမြင့်လွင် [၁၂/ကမန(နိုင်)၀၁၇၅၃၆]ထံက အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကျော်နိုင် [၁၂/ကမန(နိုင်)၀၆၇၁၅၈]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါဥယျာဉ်ခြံမြေအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**အပိုင်ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅) LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇) ၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-501 7044, 09-250674940**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့ သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ မြေကွက်အမှတ်(၃၆၅) ဟုခေါ်တွင်သော (အလျား ၄၀ပေx အနံ ၆၀ပေ)အကျယ်အဝန်းရှိဦးသက်ဝေ အမည်ပေါက် ပါမစ်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၃၆၆)နှင့်ကပ်လျက်ဘက်ခြမ်း၊ (အလျား ၂၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ထွေး [၁၀/ကမရ(နိုင်)၀၁၆၈၅၇]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးတင်ထွန်းနိုင်[၁၂/ဒဂန(နိုင်)၀၂၇၃၉၈]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း)LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇ )** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄ )** |
| **Ph-09954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09-420080932, 09-983837110** |

## ဒေါ်ကျင်မြ (ခ) ဝေဘိဟောင်
**အသက်(၁၀၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၁၉)လမ်း၊ အမှတ် (၁၉/၃၂)နေ (ဦးယူစေ့အမ်)၏ ဇနီး၊ ဦးမြင့်သိန်း-(ဒေါ်ကျင်သန်း)၊ (ယူထော်စိန်)-ဒေါ်လှလှမြင့်၊ (ယူအင်းဝမ်း)-ဒေါ်သီတာ၊ ဦးကက်လာ-ဒေါ်တီတီ၊ (ယူအင်းအန်)၊ ဒေါ်ငွေသိန်း၊ (ဦးထွန်းဝင်း)-ဒေါ်ငွေစု၊ ယူအင်းဟို(ခ) ဦးလှဝင်း-ဒေါ်စောကလျာအေး၊ ဒေါ်သန်းသန်းဝင်း၊ ဦးထင်နိုင်ဝင်း-ဒေါ်သန်းသန်းအေးတို့၏ မွေးသမိခင်၊ မြေး ၂၇ ယောက်၊ မြစ် ကိုးယောက်၊ တီ တစ်ယောက်တို့၏ အဘွားသည် ၂၈-၄-၂၀၂၅ (တနင်္လာနေ့) ညနေ ၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၅ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း ဒါယကာကြီး**
## ဦးသန်းဇော်ထွေး (Eco)
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့နေ (ဦးမြ-ဒေါ်ပန်)တို့၏ သား၊ ဦးမျိုးဝင်း၊ Dr. ဦးမျိုးနိုင်၊ ဒေါ်လှလှဝင်း၊ ဒေါ်လှလှဌေး၊ ဦးမျိုးသိန်း- Dr.ဌေးဌေးကြည်၊ ဦးစိုးနိုင်ဝင်း- ဒေါ်စန္ဒာဝင်း၊ ဦးအမောင်း-ဒေါ်ခင်ကြူကြူဝင်း၊ ဦးသန်းကျော်အေး-ဒေါ်အေးစန္ဒာမြင့်တို့၏ ညီ/မောင်၊ မောင်ကျော်ဝေလျှံ၊ မောင်အောင်ပြည့်လျှံတို့၏ ဦးလေး (မွေးစားဖခင်) ဦးသန်းဇော်ထွေးသည် ၂၉-၄-၂၀၂၅ (အင်္ဂါနေ့)တွင် ပြင်ဦးလွင်မြို့၊ အောင်သစ္စာဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁-၅-၂၀၂၅ ရက်တွင် ပြင်ဦးလွင်မြို့၊ ၈-မိုင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၅/ဘီ၊ မြေကွက်အမှတ်- ၂၉/စီ၊ ဧရိယာ (၀.၀၆၀)ဧကရှိ ဒေါ်မူမူဟန် [၁၂/ဗဟန (နိုင်) ၀၇၀၀၀၈] ဦးထွန်းထွန်းဝင်း [၁၂/ဗဟန(နိုင်)၀၁၅၆၁၃] အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည့် ယခုရောင်းချသူ ဒေါ်ခင်နှင်းနှင်းအောင် [၁၂/သဃက (နိုင်) ၀၁၉၀၄၁]၊ ဦးသက်ဝင်းမောင် [၁၂/မရက(နိုင်)၁၂၆၂၁၂]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသိန်းလင်းထက် [၁/မကန(နိုင်)၂၃၂၅၉၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဥမ္မာဖြိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၄၀၇၁၄)**
**ဖုန်း - ၀၉-၂၅၀၅၁၆၉၈၀**

**မူးယစ်ကို**
**ပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်တံတားအနီး၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် (City Loft) တိုက်အမှတ်-CL-3၊ (၂-လွှာ)၊ အခန်းအမှတ် (၂၁၀) ဟုခေါ်တွင်သော ဧရိယာ(၃၁၂)စတုရန်းပေရှိ Type (Studio Room) ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ရောင်းချပိုင်ခွင့်ရှိ၍ ရောင်းချလိုကြောင်း ဝန်ခံပြောဆိုသူ ဦးမျိုးမင်းဦး[၁၂/မဂတ(နိုင်)၀၈၈၈၅၅]နှင့် ဒေါ်ဆုမြတ်မွန် [၅/မရန (နိုင်)၁၅၉၈၁၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ခိုင်ဇော် ( LL.B, D.I.P.L) အထက်တန်းရှေ့နေ (စဉ်-၅၀၈၉၀)**
**အမှတ်(၆၀၆)၊ ဝေဇယန္တာအနောက်(၁၃)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၉၈၉၅၃၅၄၇**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆/D (၁၄/၁၅/၁၆)၊ မြေကွက်အမှတ်- ၁၇၆၊ မြေဧရိယာ (၂၅x၇၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်- ၈၂/B၊ (၅)မြောက်လမ်း၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၂)ထပ် RC အဆောက်အဦ၊ ကိုယ်ပိုင်မီတာ(၁)လုံး၊ ရေမော်တာ (၁)လုံး၊ Air-Con(၄)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာသူ ဒေါ်နန်းရွှေလီဝင်း [၁၃/မဆတ(နိုင်)၀၃၀၂၂၃]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဒေါ်အေးမင်းသန့် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၅၉)**
**အမှတ်-၈၃/၇၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၅၀၀၂၇၈၃၃**

**ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်...**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက အာဆင်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ

အာဆင်နယ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ ဧပြီ ၃၀ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက အာဆင်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ရဲ့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကိုတော့ ပထမပိုင်းပွဲကစားချိန်လေးမိနစ်မှာ တိုက်စစ်မှူးဒမ်ဘီလီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ **စာမျက်နှာ ၁၁ ကော်လံ ၅ သို့** ❂



ပီအက်စ်ဂျီအသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

### ၃၀ - ၄ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၆၇၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ယနေ့ ဖတ်စရာ

**လျှော်ဒဏ်ကြောင့်ပြိုကျခဲ့သည့် ဆွမ်းဦးပုညရှင်စေတီတော် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ရောဝတီဖောင်ဒေးရှင်းက တာဝန်ယူဆောင်ရွက်လျက်ရှိ** စာမျက်နှာ » ၁၁

**ပင်လယ်ပြင်ငါးဖမ်းရာသီ ပိတ်သိမ်းပြီဖြစ်၍ ငါးဖမ်းစက်လှေများ ရန်ကုန်မြို့ဆိပ်ကမ်းများသို့ အသီးသီးဝင်ရောက်** စာမျက်နှာ » ၁၂

**မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ရုရှားနိုင်ငံသားတစ်ဦးနှင့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့** စာမျက်နှာ » ၁၄

## FIFA-MFF ယူ-၁၉ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၄) ဆက်လက်ကျင်းပ

ရန်ကုန် ဧပြီ ၃၀

FIFA–MFF ယူ–၁၉ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)ကို ဧပြီ ၃၀ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖



YCDC MHDT အသင်းနှင့် JV အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL League Cup ပြိုင်ပွဲတွင် ဒဂုံစတား၊ ရတနာပုံ၊ ဟံသာဝတီအသင်းတို့ ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဧပြီ ၃၀

၂၀၂၅ MNL League Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁) ဒုတိယနေ့ကို ဧပြီ ၃၀ ရက်က ဆက်လက်ကျင်းပရာ ဒဂုံစတားယူနိုက်တက်၊ ရတနာပုံနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ဂိုးပြတ်အနိုင်ရခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ငွေကြယ်ပွင့်အသင်းကို ၁၁ ဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပြီးခဲ့သည့်ရာသီအပြီးတွင် ကစားသမားအများစု အပြောင်းအလဲပြုလုပ်ထားသည့် ဒဂုံစတားယူနိုက်တက် အသင်းသည် **စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ❑



ဒဂုံစတားယူနိုက်တက်အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။